မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၂၂၃)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

၂၀၁၄ ခုနှစ်၊ မေ ၁၆ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

စာပေပျောက်လျှင် လူမျိုးပါပျောက်သွားနိုင်သည့်အတွက် လူမျိုးမပျောက်အောင် စာပေတတ်မြောက်ရေးသည် အမျိုးသားရေးတာဝန် တိုင်းပြည်ဆူဆူပူပူဖြစ်လျှင် ကိုယ့်တိုင်းပြည်ပဲနစ်နာမှာဖြစ်၊ နိုင်ငံကိုချစ်သည့်ရဟန်းရှင်လူပြည်သူများအားလုံး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်

နေပြည်တော်   မေ   ၁၅

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် မန္တလေးမြို့ မြို့တော်ခန်းမဦးကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန်တက်ရောက်၍ အမှာစကားပြောကြားသည်။

ဂုဏ်ပြုပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများ၊ အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သူများ၊ လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများနှင့်ကြီးကြပ်သူများ၊ စာသင်သားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုမှတ်တမ်း ဗီဒီယိုကို ပြသသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

နိုင်ငံတော်သမ္မတဦးသိန်းစိန် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေး လှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ရန်ကုန်မြို့နေပြည်သူများအား ရေထပ်မံဖြန့်ဝေပေးမည့် လဂွန်းပြင်စီမံကိန်း လာမည့်နှစ်၌ပြီးစီးမည်

ရန်ကုန်   မေ   ၁၅

ရန်ကုန်မြို့ စည်ပင်သာယာရေး နယ်နိမိတ်အတွင်း နေထိုင်ကြသည့် ပြည်သူများအား ရေပေးဝေဖြန့်ဖြူး နိုင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီက အကောင်အထည်ဖော် လျက်ရှိသော လဂွန်းပြင် ရေပေးဝေ ရေး စီမံကိန်းသည် လာမည့် ၂၀၁၅ ခုနှစ်တွင် စီမံကိန်းပြီးစီးနိုင်မည်ဖြစ်ကြောင်း သိရသည်။

“အခုအချိန်မှာ စီမံကိန်းရဲ့ ၃၆ ရာခိုင်နှုန်းပြီးစီးနေပါပြီ။ သတ်မှတ်ချိန် အတွင်းပြီးစီးအောင် ကြိုးစားနေပါ တယ်။ လုပ်ငန်းတွေကို အပိုင်းလိုက် တစ်ပြိုင်တည်း ဆောင်ရွက်နေတာ ဖြစ်ပါတယ်”ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

လဂွန်းပြင် ရေပေးဝေရေးစီမံကိန်းကို ရန်ကုန်မြို့ ဒဂုံမြို့သစ် (တောင်ပိုင်း) အမှတ်(၂) လမ်းမကြီး အနီး၌ ၂၀၁၃ခုနှစ်ကတည်းက စတင် အကောင်အထည်ဖော် ဆောင်ရွက် နေခဲ့ခြင်းဖြစ်သည်။

သတင်း-မောင်မောင်မြင့်ဆွေ

လဂွန်းပြင်ရေပေးဝေရေး စီမံကိန်းပြီးစီးပါက ရန်ကုန်မြို့အရှေ့ပိုင်း ခရိုင်နှင့်မြို့နယ်များဖြစ်သည့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ယုဇနဥယျာဉ် မြို့တော်၊ သယ်န်းကျွန်း၊

စာမျက်နှာ ၃ ကော်လံ ၃ ✺

၁၁ ထပ်မှ ပြုတ်ကျခဲ့သော ၁၅ လသားအရွယ် သေကံမရောက် သက်မပျောက် — စာမျက်နှာ ❖ ၄

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးအား ရှစ်လမ်းသွားအထိ တိုးမြှင့်ရန် အစီအစဉ်ရှိ — စာမျက်နှာ ❖ ၈

မလေးရှားရောက် မြန်မာလုပ်သားများအတွက် ပူထရာဂျာရာနှင့် နေပြည်တော်တွင် ဆွေးနွေး — စာမျက်နှာ ❖ ၁၀

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ဆိုးဆေးနှင့် ကျန်းမာရေး

ဈေးကွက်အတွင်း ရောင်းချနေသော စားသောက်ကုန်အချို့တွင် ဝယ်ယူစားသုံးသူကို ဆွဲဆောင်နိုင်ရန်အလို့ငှာ ဆိုးဆေးများ သုံးတတ်ကြပါသည်။ အထူးသဖြင့်လက်ဖက်၊ ငရုတ်သီးမှုန့်၊ အရောင်တင်မှုန့်၊ နနွင်းမှုန့်၊ ယိုစုံနှင့်ငါးပိစသည်တို့တွင် စားသုံးရန်မသင့်သော ဆိုးဆေးများ ထည့်သုံးတတ်ကြပါသည်။ ဆိုးဆေးပါသော စားသောက်ကုန်များကို စားခြင်းဖြင့် တစ်ခါတစ်ရံဘေးဥပဒ်မဖြစ်နိုင်သော်လည်း ရေရှည်စားသုံးမိပါက ကျန်းမာရေးကို ထိခိုက်လာနိုင်ပါသည်။

ထိုပြဿနာတွင် အဓိကတာဝန်ရှိသူမှာ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများဖြစ်သည်ဟု ဆိုနိုင်သော်လည်း တစ်နည်းတစ်လမ်းအားဖြင့် စားသုံးသူပြည်သူများတွင်လည်း တာဝန်ရှိပါသည်။ စားသုံးသူများကအရောင်လှသည်ကို ရွေးချယ်ဝယ်ယူစားသုံးတတ်ကြ၍ ထုတ်လုပ်ရောင်းချသူများကလည်း ဈေးကွက်တောင်းဆိုမှုအပေါ်မူတည်၍ ဆိုးဆေးများသုံးလာခြင်းဖြစ်သည်ဟု ဆိုပါသည်။ အများအားဖြင့်နယ်ဈေးများတွင် ဆိုးဆေးသုံးသော စားသောက်ကုန်များကို တွေ့ရတတ်သည်။ အရောင်လှခြင်းကို ပိုမိုနှစ်သက်တတ်သော၊ ဆိုးဆေး၏အန္တရာယ်ကို မသိနားမလည်ကြသော ကျေးလက်ပြည်သူများကို ပစ်မှတ်ထားကြပါသည်။

စားသုံးသူပြည်သူများက စားသောက်ကုန်ပစ္စည်းတစ်ခုဝယ်ယူစားသုံးတော့မည်ဆိုလျှင် ဦးစွာစဉ်းစားသင့်သည်မှာ ဆိုးဆေးသုံးမသုံးဆိုသည်ကို စစ်ဆေးသင့်ပါသည်။ ဆိုးဆေးသုံးထားသော စားသောက်ကုန်များ၊ ကုန်အမှတ်တံဆိပ်များကို ရှောင်ရှားဝယ်ယူမည်ဆိုလျှင် နောက်ပိုင်းဆိုးဆေးသုံးသည့်စားသောက်ကုန်များကို ဝယ်ယူသူများမရှိတော့၍ ထုတ်လုပ်ရောင်းချမှုလည်း တဖြည်းဖြည်းလျော့နည်းပပျောက်သွားနိုင်ပါသည်။ သို့မဟုတ်ပါက အရောင်လှသည်ကို ဦးစားပေးဝယ်ယူစားသုံးနေကြမည်ဆိုလျှင် ဆိုးဆေးကြောင့် နောက်ဆက်တွဲကျန်းမာရေးပြဿနာများ ကြီးထွားလာနိုင်ပါသည်။

ထို့ကြောင့်လည်း ကျန်းမာရေးဝန်ကြီးဌာနက အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကိုအများပြည်သူတို့စားသုံးနိုင်ရန် ဈေးကွက်များတွင် ရောင်းချလျက်ရှိသော အစားအသောက်များကို ဝယ်ယူစစ်ဆေးမှုများ စဉ်ဆက်မပြတ်ပြုလုပ်လျက်ရှိသည်ကို တွေ့ရပါသည်။ ဆိုးဆေးပါဝင်၍စားသုံးရန်မသင့်သောအစားအသောက်များကိုလည်း မကြာခဏအသိပေးကြေညာပေးလျက်ရှိပါသည်။

အစားအသောက်ထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများသည် အစားအသောက်တွင်သုံးစွဲရန် ခွင့်မပြုသောဓာတုဆိုးဆေးများကို လုံးဝအသုံးမပြုရန်နှင့်လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက်ဥပဒေပုဒ်မ ၂၈(က)အရ တရားစွဲဆိုအရေးယူခံရမည်ဖြစ်ပါသည်။

သို့ပါ၍ ဆိုးဆေးကြောင့်ဖြစ်ရသည့်ကျန်းမာရေးပြဿနာများလျော့ပါးသက်သာသွားရေးအတွက် အစားအစာများတွင် ဓာတုဆေးများ လုံးဝအသုံးမပြုသင့်တော့ပါ။ စားသုံးသူပြည်သူများကလည်း ဆိုးဆေးပါသောအစားအသောက်များကို လုံးဝရှောင်ကြဉ်ကြမည်ဆိုလျှင် ဆိုးဆေးကြောင့်ဖြစ်ရသည့် ကျန်းမာရေးပြဿနာများ လျော့ပါးပျောက်ကွယ်သွားမည်ဖြစ်ပါကြောင်း။ ။

အမှုပိုင်းဒေသစိမ်းစိုဖို့
သစ်တောသစ်ပင်တွေ ထိန်းသိမ်းစို့

ပြည်တွင်းသတင်း

အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်ယာယီလိုင်စင်များ ထုတ်ပေးမည်

နေပြည်တော် မေ ၁၅

အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၏ (၄/၂၀၁၄)ကြိမ်မြောက် အစည်းအဝေးကို မေ ၁၂ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဒုတိယဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်း တက်ရောက်အမှာစကားပြောကြားရာတွင် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအစည်းအဝေးများမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလကုန်ထိ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုပြီးသည့် အဖွဲ့အစည်းများမှာ INGO ၆ ဖွဲ့၊ NGO ၁၉ ဖွဲ့၊ သမဝါယမအဖွဲ့အစည်း ၇၅ ဖွဲ့၊ ပြည်တွင်းကုမ္ပဏီ ၈၄ ဖွဲ့၊ ပြည်ပကုမ္ပဏီငါးဖွဲ့၊ စုစုပေါင်း ၁၈၉ ဖွဲ့ကို လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်များ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းဆောင်ရွက်နေသော ပြည်တွင်းပြည်ပအဖွဲ့အစည်းများသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့် ကိုက်ညီခြင်းမရှိသော ဝန်ဆောင်မှုပေးခြင်း၊ ပြည်သူများ နားလည်မှုလွဲမှားစေသော သတင်းထုတ်ပြန်ခြင်းများ ဆောင်ရွက်နေခြင်းများ တွေ့ရှိရသဖြင့် အဖွဲ့အစည်းများကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်၏မူဝါဒများအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ကြရန်လိုကြောင်း။

အသေးစားငွေရေးကြေးရေး လုပ်ငန်း လုပ်ကိုင်ခွင့်ပြုထားသော အဖွဲ့အစည်းများမှာ တဖြည်းဖြည်းများပြားလာသဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လိုင်စင်ရအဖွဲ့အစည်းများကို အသေးစားငွေရေးကြေးရေးလုပ်ငန်း၏ အဓိကရည်ရွယ်ချက်ဖြစ်သော ကျေးလက်ဒေသနေပြည်သူများ လိုအပ်နေသော ငွေကြေးအရင်းအနှီးကို ကျေးလက်အထိ ရောက်ရှိအောင် အသေးစားငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရေးနှင့် ပြည်သူများ၏လူမှုစီးပွားဘဝတိုးတက်အောင် အလေးထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊ ယခု အစည်းအဝေးတွင် တင်ပြလာသော လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်လျှောက်ထားသည့် ပြည်တွင်းကုမ္ပဏီခုနစ်ဖွဲ့၊ ပြည်ပကုမ္ပဏီလေးဖွဲ့ စုစုပေါင်း အဖွဲ့အစည်း ၁၁ ဖွဲ့ကို စံသတ်မှတ်ချက်နှင့်ပွိုင့်စနစ် (Criteria and Point System) ဖြင့် ကော်မတီဝင်များက စိစစ်ရွေးချယ်ပြီး သတ်မှတ်ချက်ဘောင်ဝင်သူများကို ယာယီလိုင်စင်များ ထုတ်ပေးမည်ဖြစ်ကြောင်း၊ လိုင်စင်လျှောက်ထားသည့် ပြည်တွင်း၊ ပြည်ပမှကုမ္ပဏီအဖွဲ့အစည်းများ၏ လုပ်ငန်းလုပ်ကိုင်မည့်နေရာ ဒေသများအား နယ်မြေမထပ်ရအောင် စိစစ်သတ်မှတ်ပေးရန် လိုအပ်ကြောင်း ပြောကြားသွားသည်။

ထို့နောက် အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအတွင်းရေးမှူး၊ မြန်မာ့အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းအထွေထွေမန်နေဂျာ ဦးဝင်းအောင်က အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ကြုံတွေ့နေရသောအခက်အခဲများနှင့် လိုအပ်ချက်များကိုလည်းကောင်း၊ လိုင်စင်ရပြီးသားအဖွဲ့အစည်းများ၏ ရုံးခွဲဖွင့်လှစ်ခြင်းနှင့် မတည်ရင်းနှီးငွေဆိုင်ရာကိစ္စရပ်များ၊ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏လုပ်ငန်း လိုင်စင်လျှောက်ထားမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အဆိုပါရှင်းလင်းတင်ပြချက်များအပေါ် တက်ရောက်လာသူများ ဝိုင်းဝန်းဆွေးနွေးတင်ပြကြသည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီအဖွဲ့ဝင်များနှင့် မြန်မာ့အသေးစား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ တာဝန်ခံအရာရှိများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အန္တရာယ်ဖြင့် သွားလာနေရသောလမ်းမကြီး ပြုပြင်ပေးရန် ကျေးရွာနေပြည်သူများလိုလား

စစ်ကိုင်း မေ ၁၅

စစ်ကိုင်းမြို့နယ် စာရေးအရှေ့ရွာ၊ စာရေးအနောက်ရွာ၊ ပဒုကျေးရွာအုပ်စု၊ ကျောက်ပနန်ကျေးရွာအုပ်စု၊ ပုဂံကျေးရွာနေပြည်သူများ နေ့ရော ညပါ အဓိကအားထား၍ သွားလာနေရသော ၁၇ မိုင်ရှိ မြေလမ်းမကြီးမှာ ယခုအခါမြေပြိုမှုကြောင့် လမ်းပေါ်တွင် တွင်းကြီးများဖြစ်နေပြီး အချို့နေရာများတွင် မိုးရွာသွန်းမှုကြောင့် လမ်းပေါ်တွင်ရွှံ့ဗွက်အိုင်များ ဖြစ်နေသောကြောင့် ခရီးသွားပြည်သူများ၏မော်တော်ယာဉ်များနှင့် မော်တော်ဆိုင်ကယ်များ အန္တရာယ်ကြီးစွာ ရှောင်ကွင်းသွားလာနေကြရသည်။

၎င်းမြေလမ်းမကြီးကို နိုင်ငံတော်မှပြုပြင်ရန် ဘတ်ဂျက်ငွေချထားပေးသော်လည်း လမ်းအောက်ခြေတွင် ကျောက်ကြီးများအမာခံ မခင်းထားသည့်အတွက် လမ်းမှာနေ့စဉ်သွားလာမှုများပြားမှုနှင့် မြေကျွံမှုကြောင့် ချိုင့်ကြီးများ ဖြစ်ပေါ်နေခြင်း၊ မိုးရွာသွန်းသည့်ဒဏ်ကြောင့် မြေပြိုခြင်း၊ ရွှံ့ညွန်များ ထူပြောခြင်းတို့ကြောင့် ကျေးရွာနေပြည်သူများ အချိန်ကုန်ပြီး ခက်ခဲစွာ သွားလာနေကြရသည်။

သို့ဖြစ်ပါ၍ လမ်းမကြီးအင်္ဂါရပ်နှင့်အညီ ရာသီမရွေးအန္တရာယ်ကင်းစွာ သွားလာနိုင်သည့်လမ်းအဖြစ်ပြုပြင်ပေးပါရန် ကျေးရွာပြည်သူများက လိုလားလျက်ရှိသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ဆိပ်ကမ်းလုံခြုံရေး အရာရှိသင်တန်းဖွင့်

ရန်ကုန် မေ ၁၅

ပို့ဆောင်ရေးဝန်ကြီးဌာန ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏စီစဉ်ကြီးကြပ်မှုဖြင့် (၉)ကြိမ်မြောက် ဆိပ်ကမ်းလုံခြုံရေးအရာရှိ (Port Farility Security Officer) သင်တန်းဖွင့်ပွဲကို ရန်ကုန်မြို့ အလုံမြို့နယ် ကမ်းနားလမ်းရှိ မြန်မာ့စက်မှုဆိပ်ကမ်း (Myanmar Industrial Port-MIP) သင်တန်းခန်းမ၌ မေ ၁၄ ရက် နံနက် ၉ နာရီက ကျင်းပရာ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ဦးက သင်တန်းဖွင့်အမှာစကားပြောကြားသည်။

မကြာမီ သီလဝါအပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းစက်မှုဇုန်အတွင်း ဖွင့်လှစ်လုပ်ကိုင်ကြမည့် ဆိပ်ကမ်းအသစ်များနှင့် အသစ်ဖွင့်လှစ်မည့် နယ်ဆိပ်ကမ်းများအတွက် တာဝန်ထမ်းဆောင်ကြမည့် ဆိပ်ကမ်းလုံခြုံရေးအရာရှိအသစ်များ အဓိကပါဝင်ကာ လက်ရှိလုပ်ကိုင်ဆောင်ရွက်နေကြသော ဆိပ်ကမ်းဟောင်းများမှ အသစ်ပြန်လည်ခန့်ထားမည့် ဆိပ်ကမ်းလုံခြုံရေးအရာရှိများလည်း ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

iStock®
Galaxy Software Services Co., Ltd
Contact Us ...

SUCCESS LANGUAGE ACADEMY
ကလေးများအတွက် တစ်နှစ်ပတ်လုံးဖွင့်မည်
Regular English Courses For Young Learners
4-Skill English
9:30 to 11:30 am
Sat + Sun
June 7

ပြည်တွင်းသတင်း

ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်း မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E.Mr. Thierry MATHOU အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာ စိုင်းမောက်ခမ်းသည် မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်သံအမတ်ကြီး H.E.Mr. Thierry MATHOU အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ပြင်သစ်နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ မြန်မာမီဒီယာသင်တန်းကျောင်းနှင့် ဒုတိယအကြိမ်ကျင်းပမည့် အမျိုးသမီးများဖိုရမ်တို့ကို ပါဝင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အစီအစဉ်များ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၊ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များအပေါ် ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်လည်း တက်ရောက်သည်။ **(သတင်းစဉ်)**

ဖွံ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ အစည်းအဝေးကျင်းပ

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီ အစည်းအဝေး (၇/၂၀၁၄) တွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် ဒုတိယ နာယက ဦးနန္ဒကျော်စွာ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၅

ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှု ကော်မတီအစည်းအဝေး (၇/၂၀၁၄)ကို မေ ၁၅ ရက် နံနက် ၁၀ နာရီတွင် ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အစည်းအဝေးသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်ဒုတိယနာယက ဦးနန္ဒကျော်စွာ၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အတွင်းရေးမှူး ဦးအေးမောင်၊ ကော်မတီဝင်များနှင့် အကြံပြုဆွေးနွေးရန် သတ် မှတ်ခွင့်ပြုထားသော လွှတ်တော်အတွင်းရှိ နိုင်ငံရေးပါတီများမှ လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး ကော်မတီအတွင်းရေးမှူး ဦးအေးမောင်က ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ (၆/၂၀၁၄) ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသည့် ကော်မတီအဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကော်မတီဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဖြည့်စွက်ဆွေးနွေးကာ ဆုံးဖြတ်ချက်များ ရယူကြသည်။

နိဂုံးချုပ်စကားပြောကြား

ထို့နောက် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ ရာဇာမင်းခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိသူများကို ကြည့်ရှုအားပေး

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် မေ ၁၂ ရက်ကဖြစ်ပွားခဲ့သော ရာဇာမင်းခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင်ပါဝင်သည့် ထိခိုက်ဒဏ်ရာရရှိသူများကို နေပြည်တော် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံကြီးသို့ ယမန်နေ့မွန်းလွဲပိုင်းတွင် လည်းကောင်း၊ လယ်ဝေးမြို့နယ် (ခုတင်-၁၀၀) ပြည်သူ့ဆေးရုံသို့ ညနေပိုင်းတွင်လည်းကောင်း သွားရောက်အားပေး ကြည့်ရှုခဲ့သည်။

ထောက်ပံ့ပေးအပ်

ထိုသို့ ကြည့်ရှုအားပေးစဉ် ရာဇာမင်းခရီးသည်တင်ယာဉ် တိမ်းမှောက်မှုဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာ ရရှိသူများကို တစ်ဦးချင်းစီလိုက်လံ ကြည့်ရှုအားပေးစကားပြောကြားခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၇၈၀၀၀၀၊ လူနာများ အတွက် လိုအပ်သောကိစ္စများကို ဆောင်ရွက်နိုင်ရန်အတွက် (ခုတင်-၁၀၀၀) ပြည်သူ့ဆေးရုံသို့ ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်းငွေကျပ် ၁၂၈၀၀၀၀ နှင့် အချိုရည်ဘူးများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်း ခရီးစဉ်များ တိုးချဲ့ပျံသန်းပေးမည်

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေးအတွက် ရန်ကုန်မှ နေပြည်တော်၊ မြိတ်၊ ကော့သောင်း၊ စစ်တွေ၊ သံတွဲမြို့များသို့ နေ့စဉ်၊ ထားဝယ်သို့ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ ကျောက်ဖြူသို့ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ၊ မန္တလေးသို့ တနင်္ဂနွေ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စနေ၊ ဟဲဟိုးသို့ တနင်္လာ၊ အင်္ဂါ၊ ကြာသပတေး၊ သောကြာ၊စနေ၊ လွိုင်ကော်သို့ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ ကျိုင်းတုံသို့ တနင်္ဂနွေ၊ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ မြစ်ကြီးနားသို့ တနင်္လာ၊ အင်္ဂါ၊ သောကြာ၊ စနေ၊ တာချီလိတ်သို့ အင်္ဂါ၊ ကြာသပတေး၊ စနေ၊ မော်လမြိုင်သို့ တနင်္လာ၊ ကြာသပတေး၊ စနေ၊ ဘုတ်ပြင်းနှင့် အမ်းသို့ အင်္ဂါ၊ ကြာသပတေး၊ စနေ၊ ဗန်းမော်သို့ အင်္ဂါ၊ သောကြာ၊ ပူတာအို၊ မုံရွာ၊ ဟုမ္မလင်း၊ လားရှိုးမြို့များသို့ အင်္ဂါ၊ စနေ၊ မိုင်းဆတ်သို့ တနင်္ဂနွေ၊ ကြာသပတေး၊ ခန္တီးသို့ တနင်္လာ၊ သောကြာ၊ ကလေးသို့ တနင်္ဂနွေနေ့များနှင့် မန္တလေးမှတစ်ဆင့် ခန္တီးနှင့်ကလေးသို့ ဗုဒ္ဓဟူးနေ့တိုင်း ပျံသန်းပေးမည်ဖြစ်ပြီး Embraer-190 ဂျက်လေယာဉ်ဖြင့် တနင်္လာ၊ သောကြာနေ့များတွင် အောက်ဖော်ပြပါအတိုင်း တိုးချဲ့ပျံသန်းပေးမည်ဖြစ်သည်။

ခရီးစဉ်	ထွက်ခွာချိန်	ဆိုက်ရောက်ချိန်	ပျံသန်းမည့်နေ့ရက်
ရန်ကုန်-နေပြည်တော်	၀၇း၀၀	၀၇း၃၅	တနင်္လာ
နေပြည်တော်-ရန်ကုန်	၀၈း၀၅	၀၈း၄၀	တနင်္လာ
ရန်ကုန်-နေပြည်တော်	၁၅း၃၀	၁၆း၀၅	သောကြာ
နေပြည်တော်-ရန်ကုန်	၁၆း၃၀	၁၇း၀၅	သောကြာ

(မြန်မာ့လေကြောင်း)

တရုတ်အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီ ဒုတိယဥက္ကဋ္ဌဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၁၅

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားပြည်သူ့ကွန်ဂရက် အမြဲတမ်းကော်မတီဒုတိယဥက္ကဋ္ဌ H.E.Mme. Yan Junqi ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေး နှင့် လူ့အခွင့်အရေးဆိုင်ရာကော်မတီအတွင်းရေးမှူး မင်္ဂလာဒုံမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်မောင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတင်အောင်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Yang Houlan နှင့်တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၁၅-၅-၂၀၁၄

မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် ချောက်မြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်၊ ကလေးဝမြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မော်လိုက်မြို့၊ မကွေးမြို့၊ ပခုက္ကူမြို့နှင့် ဘော်လခဲမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ဖြစ်ကြသည်။

✳ *ရှေ့ဖုံးမှ*

ဒေါပုံနှင့်သာကေတ စသည့်မြို့နယ်များအပြင် သီလဝါသို့လည်း သောက်သုံးရေများ ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် လောလောဆယ်တွင် တစ်နေ့လျှင် ရေဂါလန်သန်း ၁၆၀ ခန့် ဖြန့်ဖြူးပေးလျက်ရှိသော်လည်း သောက်သုံးရေလုံလောက်စွာ မရရှိသေးသောနေရာများရှိနေဆဲဖြစ်သည်။ ထို့ကြောင့် လာမည့် ၂၀၄၀ ပြည့်နှစ်တွင် ရေဂါလန် သန်း ၆၀၀ ခန့် ဖြန့်ဖြူးပေးနိုင်ရန် ရေပေးဝေရေးစီမံကိန်းအသစ်များ စီစဉ်လျက်ရှိသည်။

ထို့အတူ သောက်သုံးရေများဖြန့်ဖြူးရာတွင် ရေများလေလွင့်ဆုံးရှုံးမှု မရှိစေရန်လည်း နိုင်ငံတကာနည်းစနစ်များရယူကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ တစ်ဖန် ရန်ကုန်မြို့တွင် ရေလှောင်ကန်များကို ဇုန် ၁၀ ဇုန် ဖြန့်ခွဲတည်ဆောက်သွားရန်ရှိနေသည်။ ဇုန်တစ်ဇုန်လျှင် ရေလှောင်ကန်တစ်ကန်နှုန်း တည်ဆောက်ရန်နှင့်နေရာရွေးချယ်မှုများလည်း ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်မြို့နေပြည်သူများအတွက် သောက်သုံးရေများ အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရန် တောင်ကိုရီးယား၊ ဒိန်းမတ်၊ တရုတ်စသည့်နိုင်ငံများနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားသည်။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ပြီးခဲ့သည့်၂၀၀၅ ခုနှစ် မတိုင်မီက တစ်နေ့လျှင် ရေဂါလန် ၉၅ သန်းသာ ပေးဝေနိုင်ခဲ့သော်လည်း ယခုအခါ ရန်ကုန်မြို့တွင် တစ်နေ့ရေဂါလန် သန်း ၁၆၀ ခန့်အထိ ပေးဝေနိုင်လျက်ရှိရာ ထပ်မံပေးဝေနိုင်ရေး ကြိုးစားလျက်ရှိသည်။ **(မြန်မာ့အလင်း)**

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးပိုလာနိုင်သည်။

နိုင်ငံတကာသတင်း

တရုတ်ဆန့်ကျင်ရေး ဗီယက်နမ်နိုင်ငံတစ်ဝန်းပျံ့နှံ့ သံမဏိစက်ရုံတိုက်ခိုက်မှုအတွင်း လူ ၂၀ ကျော်သေဆုံး

ဟနွိုင်း မေ ၁၅

ဗီယက်နမ်နိုင်ငံတောင်ပိုင်းတွင် မီးရှို့မှုနှင့် လုယက်မှုများဖြစ်ပွားပြီး တစ်ရက်အကြာ နိုင်ငံအလယ်ပိုင်း၌ တရုတ်ဆန့်ကျင်ရေးဆန္ဒပြမှုများ ပျံ့နှံ့ဖြစ်ပွားခဲ့ရာ ယမန်နေ့ညက ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးသံမဏိစက်ရုံကြီးကို အဓိကရုဏ်းလှုံ့ဆော်သူများက တိုက်ခိုက်မှုကြောင့် လူ ၂၀ ကျော် သေဆုံးသွားကြောင်း သတင်းစာများက ကြာသပတေးနေ့တွင် ဖော်ပြသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဗီယက်နမ်အလုပ်သမားခြောက်ဦးနှင့် တရုတ်ကဲ့သို့သော အခြား လူမျိုး ၁၆ ဦး သေဆုံးခဲ့ရကြောင်း ဟာတင့်ချ်ပြည်နယ် အလယ်ပိုင်း ဆေးရုံတစ်ရုံမှ ဆရာဝန်တစ်ဦးက ပြောသည်။

၁၉၇၉ ခုနှစ်က နယ်ခြားစစ်ပွဲအပြီး ဗီယက်နမ်-တရုတ်ဆက်ဆံရေးသည် အဆိုးရွားဆုံးဖြစ်လာသည်။

ယမန်နေ့ညက အဆိုပါ ဆေးရုံသို့ လူ ၁၀၀ ခန့် ဆေးရုံတင်ပို့ခဲ့ရာတွင် အများစုမှာ တရုတ်လူမျိုးများဖြစ်သည်။ နံနက်ပိုင်းတွင် ဆေးရုံသို့ဒဏ်ရာရလူနာများ တဖြည်းဖြည်းရောက်ရှိလာကြောင်း ဟာတင့်ချ် အထွေထွေဆေးရုံကြီးမှ ဆရာဝန်တစ်ဦးက ရိုက်တာသို့ ဖုန်းဖြင့်ပြောကြားသည်။

ရာပေါင်းများစွာသော တရုတ်လူမျိုးများသည် ဗီယက်နမ်နိုင်ငံမှ လေကြောင်းခရီးဖြင့်သော် လည်းကောင်း၊ အိမ်နီးချင်းကမ္ဘောဒီးယားသို့ နယ်စပ်ဖြတ်ကျော်၍လည်းကောင်း အလုံးအရင်းဖြင့် ထွက်ပြေးကြရကြောင်း သတင်းများက ဖော်ပြသည်။ ယင်း သံမဏိစက်ရုံသည် ထိုင်ဝမ်တစ်ဦးပိုင်ဆိုင်သည့် စက်ရုံဖြစ်သည်။

ဆန္ဒပြသူများက အဆိုပါစက်မှုဇုန်ရှိ နိုင်ငံခြားသားပိုင် စက်ရုံများကို မီးရှို့ဖျက်ဆီးခဲ့သည်။ တရုတ်တို့က ဗီယက်နမ်နှင့် အငြင်းပွားနေသော ကျွန်းအနီး ရေနံတူးစင်ချခဲ့ပြီးနောက် ဗီယက်နမ်နိုင်ငံတစ်ဝန်း တရုတ်ဆန့်ကျင်ရေး ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။ **(ရိုက်တာ)**

ဗန်ကောက်မြို့ အစိုးရဆန့်ကျင်ရေး သပိတ်စခန်း တိုက်ခိုက်မှုဖြစ်ပွား၍ သုံးဦးသေဆုံး

ဗန်ကောက် မေ ၁၅

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်ရှိ အစိုးရဆန့်ကျင်ရေးသပိတ်စခန်း၌ တိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ သုံးဦးသေဆုံးပြီး အခြား ၂၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ဗန်ကောက်မြို့ ဒီမိုကရေစီ အထိမ်းအမှတ် အဆောက်အအုံ၌ ဆန္ဒပြသပိတ်စခန်း ဖွင့်လှစ်ထားရာ ကြာသပတေးနေ့ နံနက်ပိုင်းက ပေါက်ကွဲမှုများနှင့် သေနတ်ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

ဆန္ဒပြသူများက အစိုးရအဖွဲ့ကို ရွေးကောက်တင်မြှောက်ခြင်း မရှိသည့် အုပ်ချုပ်ရေးအဖွဲ့နှင့် အစားထိုးရန် အထက်လွှတ်တော်သို့ ဖိအားပေးလျက်ရှိသည်။ ကြာသပတေးနေ့က အစိုးရနှင့် ရွေးကောက်ပွဲကော်မရှင်တို့အကြား ပြုလုပ်မည့် အစည်းအဝေး ပျက်ပြားစေရန် ဆန္ဒပြသူများက ပြုလုပ်ခဲ့သည်။

အစိုးရက ဇူလိုင်လတွင် အထွေထွေရွေးကောက်ပွဲကျင်းပရန် ကြိုးစားလျက်ရှိသည်။ ဆန္ဒပြသူများက နိုင်ငံတွင်းဒေသအချို့၌ ပြုလုပ်

သော ရွေးကောက်ပွဲကို အနှောင့်အယှက်ပေးခဲ့သည်။

“အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှု ခေါင်းဆောင် ဆူသက်သောင်ဆုဘန် ဦးဆောင်သော လူအုပ်ကြီးက ယာယီဝန်ကြီးချုပ်ဘွန်ဆွန်ဖိုင်ဆန်နှင့် ကော်မရှင်တို့အကြား ပြုလုပ်မည့် အစည်းအဝေး ကျင်းပရာ လေတပ်အခြေစိုက်စခန်းအတွင်း အင်အားသုံး ချိုးဖောက်ဝင်ရောက်ခဲ့သည်။

“အစည်းအဝေးက ပြီးသွားပါပြီ။ ဝန်ကြီးချုပ်လည်း ထွက်သွားပါတယ်။ ကျွန်တော်တို့ ဒီနေ့ဒီမှာအစည်းအဝေး ဆက်လက်မကျင်းပနိုင်တော့ပါဘူး” ဟု ကော်မရှင်အဖွဲ့ဝင်တစ်ဦးက ရိုက်တာသို့ ပြောသည်။ ယင်းတိုက်ခိုက်မှုသည် ဝန်ကြီးချုပ်ရင်လပ်အား ဖွဲ့စည်းပုံခုံရုံးက ဖယ်ရှားလိုက်ပြီး ရက်ပိုင်းအကြာ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(ရိုက်တာ)

တောင်ကိုရီးယားသင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ သင်္ဘောဝန်ထမ်းလေးဦးကို တရားစွဲဆို

ဆိုးလ် မေ ၁၅

ပြီးခဲ့သည့်လက တောင်ကိုရီးယား ကူးတို့သင်္ဘောနစ်မြုပ်မှုနှင့် ပတ်သက်၍ သင်္ဘောကပ္ပတိန်တစ်ဦးနှင့် အခြားသင်္ဘောအကြီးတန်းအရာရှိ သုံးဦးတို့ကို လူသေစေမှုဖြင့် တရားစွဲဆိုထားသည်ဟု သိရသည်။

တောင်ကိုရီးယား နိုင်ငံသားများက တရားလိုအဖြစ်ဖြင့် ယနေ့ စွဲချက်တင်လိုက်ခြင်းဖြစ်ပြီး ၎င်းတို့လေးဦးသည် သင်္ဘောနစ်မြုပ်စဉ်က တာဝန်ယူမှုကင်းမဲ့စွာဖြင့် လူအများသေစေခဲ့ကြောင်း စွဲဆိုထားသည်။

သင်္ဘောကပ္ပတိန်လီဂျွန်ဆုပ်နှင့် အပေါင်းအပါသုံးဦးသည် သင်္ဘောနစ်မြုပ်စဉ်က ခရီးသည်များအား သင်္ဘောအတွင်းသာ နေထိုင်ကြရန် အမိန့်ပေးထားပြီး ၎င်းတို့သုံးဦးက သင်္ဘောကို စွန့်ခွာထွက်သွားကြသည်ဟု စွပ်စွဲထားသည်။

ပြစ်ဒဏ်ချမှတ်ပါက ၎င်းတို့လေးဦးသည် ထောင်ဒဏ်တစ်သက်တစ်ကျွန်း ကျခံရဖွယ်ရှိသည်။ တရားစွဲဆိုသူများ ပြောကြားချက်အရ ၎င်းကူးတို့သင်္ဘောသည် သတ်မှတ်ကုန်ချိန်ထက် ပိုမိုတင်ဆောင်ထားကြောင်း နစ်မြုပ်စဉ်က တန်ချိန် ၆၈၂၅ တန် ပါရှိကြောင်း သိရသည်။ တောင်ကိုရီးယား ကူးတို့သင်္ဘောသည် ပြီးခဲ့သည့် ဧပြီ ၁၆ ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်ပြီး သင်္ဘောပေါ်တွင် ခရီးသည် ၄၇၆ ဦးပါရှိရာ ၃၂၅ ဦးမှာ အထက်တန်းကျောင်းသားများ ဖြစ်ကြသည်။ **(ပရက်စ်တီဗွီ)**

၁၁ ထပ်မှ ပြုတ်ကျခဲ့သော ၅ လသားအရွယ် သေကံမရောက် သက်မပျောက်

မင်နီဆိုးတား မေ ၁၅

အမေရိကန်ပြည်ထောင်စု မင်နီဆိုးတားပြည်နယ်တွင် အထပ် ၁၁ ထပ်ရှိ တိုက်ခန်း လသာဆောင်မှ ၅ လသားအရွယ် ကလေးငယ်တစ်ဦး ပြုတ်ကျခဲ့ရာ မယုံကြည်နိုင်ဖွယ်ရာ အသက်ရှင်ခဲ့ကြောင်း ပရက်စ်တီဗွီက ဖော်ပြခဲ့သည်။

Musa Dayib အမည်ရှိ အဆိုပါကလေးငယ်သည် အံ့ဖွယ်ကလေးငယ်ဖြစ်သည်။ ၁၁ ထပ်တိုက်ပေါ်မှ ပြုတ်ကျခဲ့ရာ အသက်အန္တရာယ်မရှိဘဲ ၎င်းလက်နှစ်ဖက်၊ ကျောရိုးနှင့်နံရိုးတို့ ကျိုးသွားခဲ့ပြီး ဦးခေါင်းတွင် ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု ဆိုသည်။ ၎င်းကလေးငယ်အခြေအနေသည် မစိုးရိမ်ရသော်လည်း စစ်ဆေးနေဆဲဖြစ်ပြီး အသက်ရှင်မည်ဟု မျှော်လင့်ရကြောင်း ဆရာဝန်များက ပြောခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဘိုကိုဟာရမ်လက်ချက်ကြောင့် တပ်ဖွဲ့ဝင်များ သေဆုံးနေရခြင်းအပေါ် နိုင်ဂျီးရီးယားစစ်သားများက ၎င်းတို့၏တပ်မှူးကို သေနတ်နှင့်လိုက်ပစ်

မိုင်ဒူဂူရီ မေ ၁၅

နိုင်ဂျီးရီးယားစစ်သားများက မိုင်ဒူဂူရီမြို့ အရှေ့ပိုင်း၌ ယင်းတို့၏ တပ်မှူးကို သေနတ်များဖြင့် လိုက်လံပစ်ခတ်ခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ဗိုလ်ချုပ် အာမက်မိုဟာမက်သည် မိုင်မာလာရီ စစ်တန်းလျား၌ ၎င်း၏ကားကို စစ်သားများက ပစ်ခတ်စဉ် ထိခိုက်ဒဏ်ရာမရဘဲ ထွက်ပြေး လွတ်မြောက်သွားခဲ့သည်။

စစ်သားများက ၎င်းအထက်အရာရှိဗိုလ်ချုပ်အား ဘိုကိုဟာရမ် စစ်သွေးကြွများ၏ ချုံခိုတိုက်ခိုက်မှုကြောင့် လုပ်ဖော်ကိုင်ဖက်များ သေဆုံးနေရခြင်းအပေါ် အပြစ်ပြောဆိုလျက်ရှိသည်။

ထိုအတောအတွင်း နိုင်ဂျီးရီးယား သမ္မတက ပြန်ပေးဆွဲထားသော ကျောင်းသူ ၂၀၀ ကျော်နှင့် အပြန်အလှန်လဲလှယ်မှု အစီအစဉ်တစ်ရပ်အဖြစ် ဘိုကိုဟာရမ် အကျဉ်းသားများ လွှတ်ပေးရေး ကမ်းလှမ်းလာမှုအပေါ် ငြင်းဆိုလိုက်သည်။

အာဏာပိုင်များအနေဖြင့် ဘိုကိုဟာရမ်နှင့် ဆွေးနွေးရန် အသင့်ရှိသော်လည်း မေးခွန်းမေးမြန်းခြင်းကို ခွင့်ပြုလိမ့်မည်မဟုတ်ကြောင်း အစိုးရဝန်ကြီးတစ်ဦးက အစောပိုင်းတွင် ပြောသည်။

အကျဉ်းသားများ လွှတ်ပေးရေးအတွက် ပြန်ပေးဆွဲခံရသော ကျောင်းသူများနှင့် လဲလှယ်ရေး ဆွေးနွေးရန် မဖြစ်နိုင်ကြောင်း အဘူဂျာမြို့ အစည်းအဝေး၌ သမ္မတဂျိုနသန်နှင့် နိုင်ငံတကာ ကယ်ဆယ်ရေးမစ်ရှင်တို့ တွေ့ဆုံအပြီး ဝန်ကြီး မတ်စီမွန်က ပြောကြားလိုက်သည်။

(ဘီဘီစီ)

ဆောင်းပါး

ရန်ကုန် – မန္တလေး အမြန်လမ်းမ အန္တရာယ်ကင်းစေဖို့

ကျော်ကျော်လှိုင်
(SMART)

မေ ၄ ရက်(တနင်္ဂနွေနေ့)ညနေတွင် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် Sunday Talk ကဏ္ဍမှ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုများ လျော့နည်းအောင် ချက်ချင်း လုပ်ဆောင်သင့်သည့် အချက်များ၊ အချိန်ယူလုပ်ဆောင်သင့်သည့်အချက်များကို ဆရာမျိုးမြတ်သူနှင့် ကျွန်တော်ဆွေးနွေးခဲ့ပါသည်။

ရှစ်ရက်အကြာ မေ ၁၂ ရက်(တနင်္လာနေ့)ညက နေပြည်တော်မှ ထွက်လာသော ရာဇာမင်း Express ကားသည် မိုင်တိုင်အမှတ် ၁၉၇/၆ မိုင်တိုင်ကို စတင်တိုက်မိပြီး ဝက်လက်မီးရထားခုံးကျော်တံတားထိပ်ကို ထပ်မံတိုက်မိကာ တံတားအောက်သို့ ထိုးကျတိမ်းမှောက်ခဲ့သောကြောင့် အမျိုးသား ၁၀ ဦး၊ အမျိုးသမီး လေးဦးသည် အခင်းဖြစ်ပွားရာနေရာ၌ပင် သေဆုံးခဲ့သည်။ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၀ ဦးတွင် ဒဏ်ရာရရှိခဲ့သည်။ ဤသတင်းကို ကြားသိရသဖြင့် သေဆုံးသူများနှင့် မိသားစုများအတွက် များစွာကြေကွဲဝမ်းနည်းရပါသည်။

ဒဏ်ရာ ရရှိသူများအတွက်လည်း အထူးစိတ်မကောင်းဖြစ်မိပါသည်။ ယာဉ်တိုက်မှုများဖြစ်သောအခါ တန်ဖိုးမဖြတ်နိုင်သောအသက်များဆုံးရှုံးရသည့်အပြင် သေဆုံးသူသည် မိသားစုအတွက် ဝင်ငွေရှာပေးနေသူဖြစ်ပါက မိသားစု၏ လူမှုရေးဆုံးရှုံးမှုများသည် ရှောင်လွှဲမရသည့် နောက်ဆက်တွဲအကျိုးဆက်များဖြစ်ပါသည်။ သေဆုံးသူသည် နိုင်ငံတော်အတွက် အရေးကြီးသောတာဝန်များကို ထမ်းဆောင်နေသူဖြစ်ခဲ့လျှင် နိုင်ငံတော်အတွက်လည်း ဆုံးရှုံးမှုများဖြစ်လာပါသည်။

ထို့ကြောင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုများ လျော့နည်းသွားစေရန် လုပ်ဆောင်သင့်သည့်အချက်အချို့ကို အကြံပြုတင်ပြလိုပါသည်။

အကြံပြုတင်ပြလိုသည့် ပထမဆုံးအချက်မှာ ရန်ကုန်-မန္တလေး လမ်းပေါ် ယာဉ်အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီ ကီလိုမီတာ ၁၀၀ သည် များနေပါသည်။ ကီလိုမီတာ ၁၀၀ အမြန်နှုန်းသည် တစ်နာရီ ၆၂ ဒသမ ၅ မိုင်နှင့် ညီမျှပါသည်။ အမေရိကန်နိုင်ငံကဲ့သို့ခြောက်လမ်းသွား highway အဝေးပြေးလမ်းမကြီးများပေါ်တွင်ပင် ပြည်နယ်တော်တော်များများက အမြန်နှုန်းကို တစ်နာရီလျှင် မိုင် ၆၀ ကန့်သတ်ထားပါသည်။ အမြန်နှုန်းသတ်မှတ်ချက် တစ်နာရီ ကီလိုမီတာ ၁၀၀ သတ်မှတ်ထားလျှင် ယာဉ်မောင်းများက ၁၁၀/၁၂၀ လောက်မောင်းပါသည်။ ထို့ကြောင့် အမြန်နှုန်းကို တစ်နာရီကီလိုမီတာ ၈၀ သို့လျှော့ချသင့်ပါသည်။

ဒုတိယအချက်မှာ ကား၏ရှေ့မီးသည် Low Beam အနိမ့်အနေအထားတွင် ပေ ၁၆၀ မှ ၂၅၀ ထိသာ မြင်ပါသည်။ High Beam အမြင့်အနေအထားတွင် ပေ ၃၅၀ မှ ၄၀၀ အထိ မြင်ပါသည်။ တစ်နာရီ မိုင် ၆၀ ဖြင့် မောင်းလာသောကားသည် ဘရိတ်အုပ်သည့်အခါ လုံးဝရပ်တန့်သွားရန် ပေ ၂၀၀ လိုပါသည်။ ညမောင်းသည့်အခါ အမြင်အာရုံကလည်း တစ်ဝက်ကျသွားသည့်အတွက် ညဘက်မောင်းခြင်းကို ကန့်သတ်သင့်ပါသည်။ အထူးသဖြင့် ခရီးသည်တင် Express ကားများ ညဘက်မောင်းခြင်းကို ကန့်သတ်သင့်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ တံတားတစ်စင်း၏ တံတားပေါင်ကို ယာဉ်တစ်စီး တိုက်မိစဉ်။

နောက်တစ်ချက်မှာ Express ကားများကို မောင်းသူများသည် လူအများ၏ အသက်အန္တရာယ်ကို တာဝန်ယူထားရသူများဖြစ်သည်။ ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ကောက်ယူထားသော စစ်တမ်းအရ Express ကား ယာဉ်မောင်းများ၏ ၃၇ ရာခိုင်နှုန်းသည် အလယ်တန်းအဆင့် ပညာအရည်အချင်းသာရှိသည်။ အတန်းပညာနည်းမှုသည် အသိပညာနည်းမှု၊ ဆင်ခြင်တုံတရားနည်းမှုတို့နှင့်တိုက်ရိုက်အချိုးကျသည်။ ခရီးသည်တင် Express ကားမောင်းခွင့် လိုင်စင်များကို ကြပ်ကြပ်မတ်မတ် စိစစ်ပြီးမှ အထူးလိုင်စင်များ ထုတ်ပေးသင့်သည်။ အန္တရာယ်ကင်းအောင် ယာဉ်မောင်းနည်းသင်တန်းများ Defensive Driving မီးသတ်ဆေးဘူး အသုံးပြုနည်း၊ ရှေးဦးသူနာပြုစုနည်းစသည့် သင်တန်းများ မကြာခဏ တက်ခိုင်းကာ Certificate များထုတ်ပေးသင့်သည်။ Certificate များ ပြည့်စုံမှသာ ခရီးသည်တင် Express ကားများကို မောင်းခွင့်အထူးလိုင်စင်များ ထုတ်ပေးသင့်သည်။

စတုတ္ထအချက်မှာ ယနေ့ကမ္ဘာပေါ်တွင် Telematics နည်းပညာသည် ဖွံ့ဖြိုးနေသည်။ Telematics နည်းပညာဖြင့် ယာဉ်၏ အမြန်နှုန်း၊ ဘရိတ်အုပ်သည့် အနေအထား၊ (ဘရိတ်ကို ဖြည်းဖြည်းအုပ်သည်၊ ဆောင့်အုပ်သည်) ယာဉ်ရပ်သည့် အချိန်စသည်များကို မှတ်တမ်းတင်ထားနိုင်ပါသည်။ GPS, SIM Card တို့နှင့် ချိတ်ဆက်ထားလျှင်အချိန်နှင့်တစ်ပြေးညီပင် သိနိုင်သည်။ Express ကားများပေါ်တွင် တပ်ဆင်ထားခြင်းဖြင့် ကား၏အမြန်နှုန်းကို ခရီးစဉ်တစ်လျှောက်လုံးအတွက် မှတ်တမ်းတင်ထားနိုင်သည်။ လေ့လာတွေ့ရှိချက်အရ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုအဖြစ်အများဆုံး၏ အဓိကအချက်မှာ မိမိအရှိန်ကိုမိမိမထိန်းနိုင်ခြင်းကြောင့်ဖြစ်ပါသည်။

နောက်တစ်ချက်မှာ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် တံတားအဝင်များ၌ ယာဉ်တိုက်မှုများဖြစ်လေ့ရှိသည်။ ယာဉ်တိုက်မှုအများဆုံးဖြစ်တတ်သည့် နေရာများတွင် သတိပေးဆိုင်းဘုတ်များ တပ်ဆင်ခြင်းကို ပို၍ ပြုလုပ်သင့်သည်။

ထို့အပြင် ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်တွင် ယာဉ်တိုက်မှုအဖြစ်ဆုံး ကားအမျိုးအစားမှာ Van များ၊ Landcruiser၊ Prado နှင့် Surf တို့ဖြစ်သည်။ ယနေ့ကားသစ်တော်တော်များများပေါ်တွင် အသက်ကယ်ခါးပတ်များပါရှိပါသည်။ ရန်ကုန်-မန္တလေး အမြန်လမ်းမပေါ်တွင် အသက်ကယ်ခါးပတ်များ ဝတ်ဆင်၍သွားလာကြရန် အသိပေးခြင်း၊ စည်းကမ်းသတ်မှတ်ခြင်းတို့ကို လုပ်သင့်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ခါးပတ်ပတ်သည့် ဦးရေ တစ်ရာခိုင်နှုန်းတိုးတိုင်း လူငါးဦး၏ အသက်ကို ကယ်နိုင်ပါသည်။

ဖြစ်နိုင်လျှင် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်ထိန်းရဲကားများကို ကီလိုမီတာ ၅၀ လျှင် တစ်စီးနှုန်းဖြင့် အမြန်နှုန်းကို စောင့်ကြပ်ခြင်း၊ စည်းကမ်းမဲ့သည့်မော်တော်ဆိုင်ကယ်၊ ထော်လာဂျီများကိုဖမ်းဆီးအရေးယူခြင်းများကို အမြန်ဆုံး ဆောင်ရွက်သင့်သည်။

နောက်တစ်ချက်မှာ ကုန်တင်ရန်အတွက် ရည်ရွယ်ထုတ်လုပ်သော pick up ကားများ၊ Dyna ကားများကိုရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ခရီးသည်တင်ဆောင်၍ မောင်းနှင်ခြင်းကို ခွင့်မပြုသင့်ပါ။ (အထူးသဖြင့် ဘုရားဖူးကားများသည် pick up ၏ အနောက်ဘက်၌ ခရီးသည်များ အပြည့်တင်ဆောင်၍ မောင်းနှင်လေ့ရှိပါသည်။) ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက် နံနက် ၈ နာရီခွဲတွင် မစ်ဆူဘီရှီ pick up သည် ရန်ကုန်-နေပြည်တော် အမြန်လမ်းပေါ်၌ လမ်းဘေးရှိ အုတ်ခုံကိုတိုက်မိရာ တစ်ဦး သေ၍ ၁၄ ဦး ဒဏ်ရာရရှိသည်။

ထို့အပြင် တိုးဂိတ်များတွင် သော်လည်းကောင်း၊ သတ်မှတ်နေရာများတွင်သော်လည်းကောင်း ယာဉ်မောင်းများ အရက်သေစာ သောက်စားခြင်း ရှိ မရှိကို alcohol tester များ စောင့်ကြပ်စစ်ဆေးသင့်ပါသည်။ အထူးသဖြင့် ခရီးသည်တင် Express bus မောင်းသော ယာဉ်မောင်းများအား စစ်ဆေးသင့်ပါသည်။

နောက်ဆုံး အချက်အနေဖြင့် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်မောင်းများ အိပ်ရေးမဝခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်းကြောင့်လည်း အိပ်ငိုက်ကာ ယာဉ်တိုက်မှုများဖြစ်လေ့ရှိပါသည်။ Express Car များ၏ယာဉ်မောင်းများသည် ယာဉ်မမောင်းမီ အိပ်ရေးဝအောင် အိပ်စက်ရန်၊ နှစ်နာရီမောင်းပြီးတိုင်း အနည်းဆုံး ၁၅ မိနစ်မှ မိနစ် ၃၀ အထိ အနားယူရန်တို့ကို ယာဉ်ပိုင်ရှင်များကလည်း ကြီးကြပ်စီစဉ်သင့်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ၂၀၁၄ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဧပြီ ၁၇ ရက်အထိ ၁၀၇ ရက်အတွင်း ယာဉ်တိုက်မှုပေါင်း ၁၄၇ ကြိမ်ဖြစ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် တူညီသောအချိန်အပိုင်းအခြားအတွင်း ယာဉ်တိုက်မှု ၇၉ ကြိမ်သာဖြစ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်တွင် ယာဉ်တိုက်မှု ၈၀ ရာခိုင်နှုန်းတိုးလာပါသည်။ ၁၀၇ ရက်အတွင်း ၂၀၁၄ ခုနှစ်တွင် ၅၉ ဦးသေဆုံးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၄၈ ဦးသာသေဆုံးခဲ့ပါသည်။ ဤကိန်းဂဏန်းများကို ကြည့်လျှင် ယာဉ်တိုက်မှုများသည် ၂၀၁၄ ခုနှစ်တွင် ပိုမိုများပြားလာကြောင်း ပြနေပါသည်။ မေ ၁၂ ရက်က ဖြစ်ပွားခဲ့သော ရာဇာမင်း Express ယာဉ်တိမ်းမှောက်မှုသည် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် လူသေမှုအများဆုံးအဖြစ် မှတ်တမ်းဝင်ခဲ့ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ယာဉ်တိုက်မှု အန္တရာယ်လျော့နည်းသွားပြီး တန်ဖိုးရှိလှသည့် လူ့အသက်များ မဆုံးရှုံးစေရန် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ခရီးသွားနေသူများနှင့် ယာဉ်မောင်းများတွင်လည်း တာဝန်ရှိပါသည်။ ခရီးသွားများက မဆင်မခြင်မောင်းနှင်မှုများနှင့် အန္တရာယ်ရှိနိုင်သည့် အခြေအနေများကို သတင်းပို့ တိုင်ကြားသင့်ပါသည်။ တိုင်ကြားလျှင် တာဝန်ရှိသူများကလည်း ထိထိရောက်ရောက် အရေးယူသင့်ပါသည်။ မြန်မာနိုင်ငံ ယာဉ်ထိန်းရဲတပ်ဖွဲ့၊ ယာဉ်မောင်းလိုင်စင်ထုတ်ပေးနေသော အဖွဲ့အစည်း၊ Express ယာဉ်လိုင်းပိုင်ရှင်များနှင့် အမြန်လမ်းကြီးကြပ်မှုအဖွဲ့တို့တွင် ပိုမို၍ တာဝန်ရှိပါသည်။ လုပ်သင့်လုပ်ထိုက်သည့် စည်းကမ်းများ၊ ပြောင်းလဲမှုများ၊ အရေးယူမှုများကိုမည်သူ့မျက်နှာမှမထောက်ဘဲ တိတိကျကျပြင်းပြင်းထန်ထန် အမြန်ဆုံးဆောင်ရွက်မှသာ အမြန်လမ်းမပေါ်တွင် အန္တရာယ်ကင်းစွာဖြင့် ပြည်သူများ သွားလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ပါသည်။

(ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့်ပတ်သက်သည့် ယာဉ်တိုက်မှု အချက်အလက်ကိန်းဂဏန်းများကို ပြုစုပေးသော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြန်လမ်းထိန်းသိမ်းရေး အင်ဂျင်နီယာမှူးကြီး ဦးကြည်ဇော်မြင့်အား အထူးကျေးဇူးတင်ပါသည်။)

ရန် ကုန် - မန္တလေး အမြန်လမ်း မိုင်တိုင် ၁၁၆/၂-၃ ကြားတွင် ယာဉ်တိုက်မှုဖြစ်၍ မီးလောင် ခဲ့ သည်ကို တွေ့ရစဉ်။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ဆရာဆိုတဲ့ ဥယျာဉ်မှူး

ချစ်နိုင်(စိတ်ပညာ)

နိဒါန်း

စာပေနယ်မှာ မိမိနှင့်မျက်နှာကြောမတည့်သူဟူ၍ မရှိသလောက်ရှားပါသည်။ စာပေဟောပြောပွဲများအတူသွားကြရင်းဖြင့် လည်းကောင်း၊ စာပေရေးရာဆွေးနွေးပွဲများတွင် ဆုံတွေ့ခြင်းဖြင့်လည်းကောင်း ခင်မင်ရင်းနှီးလာခဲ့ကြသည့် စာရေးဆရာဦးရေမှာမူ ရာဂဏန်းမှ ထောင်ဂဏန်းသို့ပင်ရောက်လာခဲ့ပေပြီ။ ဝတ္ထုရှည်ရေးဆရာ၊ ဝတ္ထုတိုရေးဆရာ၊ ကဗျာဆရာ၊ ကာတွန်းဆရာ၊ သရုပ်ဖော်ပန်းချီဆရာ၊ စာအုပ်ထုတ်ဝေသူ၊ ဆောင်းပါးရေးဆရာ၊ သတင်းထောက်၊ ဓာတ်ပုံဆရာ၊ သတင်းစာဆရာစသော စာပေရဲဘော်ရဲဘက်လူကြီးလူငယ်များစွာနှင့်ခင်မင်ခွင့်ရခဲ့သည်။ မိမိမှာ ငွေကြေးဥစ္စာများစွာ မချမ်းသာသော်လည်း ချစ်ခင်ရင်းနှီးရသော စာပေလုပ်ဖော်ကိုင်ဖက်များ ပေါများခြင်းအတွက် အလွန်တရာကျေနပ်ကြည်နူးပါသည်။ ဂုဏ်ယူပါသည်။

ကျောင်းဆရာ

အချို့ဆရာသမားများမှာမူ နှစ်ပေါင်း ၂၀ ကျော်၊ ၃၀ ကျော် ခင်မင်ရင်းနှီးခဲ့ကြသဖြင့် ဆရာတပည့်သဖွယ်၊ မိဘနှင့်သားသမီးသဖွယ် နီးကပ်နေခဲ့ပါသည်။ မိမိနှင့်အနီးကပ်ဆက်ဆံနေကြသူအချို့သည် ကျောင်းဆရာဟောင်းများ ကျောင်းဆရာအလုပ်တာဝန်ကို လုပ်ခဲ့ဖူးသော စာရေးဆရာများဖြစ်နေခြင်းကမူ တိုက်ဆိုင်မှုပေလား၊ ထူးခြားချက်ပေလား မပြောတတ်ပါချေ။ သာဓကဆောင်ပါရစေ-

(၁) ဆရာလယ်တွင်းသားစောချစ်။ အလယ်တန်းပြဆရာမှသည် တက္ကသိုလ်ကထိက၊ နည်းပြဆရာလုပ်ခဲ့ဖူးသူပုဂ္ဂိုလ်
(၂) ဆရာချစ်စံဝင်း။ ဒေါပုံနှင့်သာကေတတွင် မူလတန်းပြကျောင်းဆရာလုပ်ခဲ့ဖူးသောပုဂ္ဂိုလ်
(၃) ဆရာသောင်းဝေဦး။ ဒေါပုံမှာ မူလတန်းပြကျောင်းဆရာ လုပ်ခဲ့ဖူးပြီး ဗထူးမှာလည်း နည်းပြဗိုလ်မှူးလုပ်ခဲ့ဖူးသူ
(၄) ဒေါက်တာခင်မောင်ညို။ မန္တလေးတက္ကသိုလ်၊ ဓာတုဗေဒဌာနမှာ နှစ်အတော်ကြာကထိက
(၅) ဆရာချစ်ဦးညို။ သမဝါယမနှင့်စစ်တွေကောလိပ်ဒဿနိကဗေဒဌာနတို့မှာ နည်းပြဆရာ
(၆) ဆရာကောင်းသန့်။ ပညာရေးတက္ကသိုလ်ဆင်း၊ အလယ်တန်းကျောင်းအုပ်အထိ ဆရာလုပ်သက်(၁၉)နှစ် တာဝန်ထမ်းခဲ့ဖူးသူ။
(၇) ဆရာဟိန်းလတ်။ ပညာရေးတက္ကသိုလ်၊ စာကြည့်တိုက်မှူးအဖြစ် အနှစ်(၂၀)ကျော် ထမ်းဆောင်ခဲ့သူ
(၈) ဆရာနွမ်ဂျာသိုင်း။ ကျူရှင်ဆရာအဖြစ် နှစ်အတော်ကြာအောင် စာသင်ပြဖူးသူ။
(၉) ဆရာဦးသိန်းလွင်။ နှစ်ပေါင်းများစွာ အင်္ဂလိပ်စာသင်ကြားပြသနေသူ
(၁၀) ဆရာမိုး (Follow Me)။ ယနေ့ထက်တိုင် အင်္ဂလိပ်စာ သင်ကြားပြသနေသူ

စိတ်ထဲပေါ်ရာ နမူနာသာဓက ခင်မင်ရင်းနှီးလှသော ဆရာသမားများကို ဖော်ပြခြင်းဖြစ်ပါသည်။ ကျောင်းဆရာဖြစ်ခဲ့ဖူးသူများနှင့် မိမိက အထူးရေစက်ဆုံပါသည်။ မိမိ၏ဖခင်သည်လည်း ကျောင်းဆရာပင်ဖြစ်ပါသည်။ စာရေးသူကိုယ်တိုင်သည်လည်း တပ်မတော်မှာ စစ်မှုထမ်းခဲ့စဉ်က (၁၉၉၁-၁၉၉၅) စစ်ဦးစီးတက္ကသိုလ်မှာနည်းပြမှူးကြီးတာဝန်ဖြင့် စစ်နည်းဗျူဟာဘာသာရပ်များ၊ ဦးစီးတာဝန်ဘာသာရပ်များကို တာဝန်ခံပို့ချသင်ကြားခဲ့ရပါသည်။ ထိုစဉ်က သင်တန်းသားများထဲမှ အချို့ဆိုလျှင်မော့ကြည့်ပါက ခေါင်းပေါင်းကျွတ်ကျလောက်အောင်ပင်မြင့်မားနေကြပြီဖြစ်ပါသည်။ အားရကျေနပ်မိပါသည်။

ဆရာအလုပ်

ကျွန်တော်ငယ်စဉ်ကပင် အားကျခဲ့ရသည်မှာ ဖခင်ကျောင်းဆရာဖြစ်ပါသည်။ အိမ်ခြေနှစ်ရာကျော်သာရှိသော တောလက်ကျေးရွာမှာ အလယ်တန်းပြဆရာမျှသာဖြစ်သည့် မိမိ၏ဖခင်သည် အရာရာတွင်လူရာဝင်ပါ၏။ အလှူဆိုလည်း ရှေ့ဆုံးက၊ မင်္ဂလာဆောင်လည်းထိပ်ဆုံးက၊ ရပ်ရေးရွာရေးသာမှု၊ နာမှုအားလုံးမှာ အဖေမပါလျှင်မပြီး။ ရပ်မိရပ်ဖ၊ တစ်ရွာလုံးကချစ်ခင်လေးစားစွာအားကိုးခံရသူ။ အများနည်းတူဖခင်၏ဘဝကိုလေးစားအားကျမိခဲ့ပါ၏။ ချစ်ခြင်းနှင့်အတူပင် အတုယူချင်၏။

ရွာထဲမှာအခြားကျောင်းဆရာ ဆရာမတွေလည်းရှိကြပါ၏။ လူမှုရေးပရဟိတကိုအချို့ကစိတ်မဝင်စားပေ၊ ရွာသူရွာသားများကလည်း နေရာမပေးချေ။ အချို့ကထန်းရည်သောက်သည်။ အချို့ကလောင်းကစားမကင်း။ ရပ်ထဲရွာထဲမှာကောင်းသတင်းမကောင်းသတင်းက ပွင့်လင်းမြင်သာသည်။ အားလုံးကသိသည်မြင်သည်။ လူအများကြည်ညိုလေးစားအောင်ဆရာဖြစ်သူကိုယ်တိုင်က စံနမူနာပြကျင့်ကြံနေထိုင်ရလေသည်။ စိတ်ဓာတ်လည်းကောင်းရသည်။ စေတနာလည်းကောင်းရမည်။ စည်းကမ်းကျင့်ဝတ်အကျင့်စာရိတ္တလည်း ဖြူစင်ဖြောင့်မတ်ရပေသည်။ ဤအင်္ဂါလက္ခဏာတို့ကိုမြင်ရသည်။

ကျွန်တော်သည်ငယ်စဉ်ကပင်ကျောင်းဆရာဘဝကိုအထူးတန်ဖိုးထား၍ လေးစားအားကျသည်။ ဖခင်ကိုချစ်သောသားကြီးတစ်ယောက်၏ကလေးသဘာဝဖြစ်ခဲ့ပါလိမ့်မည်။ စာပေကိုမြတ်နိုးစွာ လေ့လာလိုက်စားခဲ့တော့လည်း ဤသဘောထားကလျော့ပါးမသွားပေ။ နှစ်ကာလများရှည်လျားပြီး အသက်ကြီးရင့်လာသောအခါ အာစရိယဆရာဆရာမများအပေါ် ချစ်ခင်ကြည်ညိုသော စိတ်သည် ပိုမိုခိုင်မာစွဲမြဲလာပါသည်။

ဂုဏ်ကျေးဇူး

မိမိပညာသင်ယူခဲ့သော ချောက်အထက(၁)၏ အာစရိယပူဇော်ပွဲများနှင့် နှစ်စဉ်ဖြစ်မြောက်အောင်ပထမအကြိမ်မှစတင်ပြီး စည်းရုံးအားပေးခဲ့ပါ၏။ မိမိပညာရည်နို့သောက်စို့ခဲ့သော မန္တလေးတက္ကသိုလ်စိတ်ပညာဌာန၊ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနတို့၏ ပထမအကြိမ်မှ (၁၇) ကြိမ်၊ (၁၈) ကြိမ်မြောက်တိုင်အောင် တပည့်ဟောင်းအနေဖြင့် ရှေ့တန်းကတက်ကြွစွာပါဝင် ပူဇော်နေဆဲပင်။ မိမိကို ဝလုံးလေးများစတင်ရေးသားတတ်အောင် သင်ကြားပြသခဲ့သည့် မူလတန်းပြဆရာမကြီးဒေါ်ခင်ရင်(အငြိမ်းစား)ကိုလည်း သီတင်းကျွတ်

> "အနာဂတ်၏အကောင်းအဆိုးသည် လူငယ်များ၊ ကလေးငယ်များအပေါ် မူတည်သည်။ တပည့်ဖြစ်သော ဤကျောင်းသား ကျောင်းသူပန်းမန်များသည် ဥယျာဉ်မှူးဖြစ်သည့် ဆရာ ဆရာမများ၏ အရည်အချင်းအရည်အသွေးအပေါ် အပြည့်အဝမူတည်နေသည်။ ထို့ကြောင့် အနာဂတ်မြန်မာပြည်ကို ဖန်ဆင်းတည်ဆောက်နေသူ အဓိကပုဂ္ဂိုလ်စစ်စစ်များမှာ ဆရာ ဆရာမများသာ ဖြစ်ကြပေသည်"

ကာလတိုင် နှစ်စဉ်မပျက်ပူဇော်လျက်။ (မမခင်ရင်သည် အသက် ၈၀ နီးနေပေပြီ) ကျေးဇူးရှင်ဆရာကြီး ဆရာမကြီးများကို ရင်နှင့်အမျှ ချစ်ခင်ကြည်ညို၍မဝ။

လောကမှာ ဆရာ ဆရာမတို့၏ကျေးဇူးဂုဏ်မည်မျှကြီးမားသနည်းဟုဆိုလျှင် ဆရာမရှိဘဲ တရားထူးရနိုင်သူဆို၍ မြတ်စွာဘုရားနှင့်ပစ္စေကဗုဒ္ဓါ ဤနှစ်ပါးသာရှိတော်မူသည်။ ကျန်ပုဂ္ဂိုလ်လူဟူသမျှတို့သည် အာစရိယဟူသော ဆရာ၏ကျေးဇူးပြုမှုအရေးကြီး၏။ မရှိမဖြစ်လိုအပ်၏။ ဆရာ၏သင်ကြားညွှန်ပြမှုဖြင့်သာ တရားထူးကိုရနိုင်၏။ သာမန်လူမဆိုထားပါဘိ။ ပညာအရာ ဧတဒဂ်ရတော်မူသော အရှင်သာရိပုတ္တရာမထေရ်မြတ်သည်ပင်လျှင် အရှင်အဿဇိ၏ တရားကို စတင်ကြားရခြင်းကြောင့်သာ သောတပန်ဖြစ်ပြီးသည့်နောက် မြတ်စွာဘုရားနှင့်ဖူးတွေ့ရသည်။ လက်ျာတော်ရ အဂ္ဂမဟာသာဝကဖြစ်ရသည်။ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးသည်ပင်လျှင် အရှင်အဿဇိရှိရာအရပ်သို့ အမြဲတမ်းခေါင်းပြု၍ ကိန်းစက်တော်မူသည်(အိပ်လေ့ရှိသည်)ဟု ဆိုပါ၏။ ဤအချက်ကိုကြည့်လျှင် အာစရိယဂုဏော အနန္တော ဆရာ ဆရာမတို့၏ကျေးဇူးတရားကား ဆပ်၍မကုန်နိုင်အောင် ကြီးမားများပြားပါပေ၏။ ပညာနှင့်တူသော အလင်းရောင်သည်မရှိ။ ပညာအလင်းကို ထွန်းညှိပေးသော ဆရာတို့ကို အဘယ်မှာလျှင် မေ့၍ရပါမည်နည်း။

ဆရာ ဆရာမကောင်းတစ်ဦးဖြစ်လာဖို့ကား လွယ်လွယ်နှင့်မရ။ ခက်ခဲလှသော ဒုလ္လဘတရားတစ်ရပ်ဟုပင်ဆိုချင်ပါ၏။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးလုပ်ခဲ့ဖူးသောဆရာကြီး ဦးသောင်းထွန်းကတော့ "ဆရာကောင်းဖြစ်ဖို့ 'စ' ငါးလုံးဆောင် 'အ' ငါးလုံးရှောင်၊ အောင်ရမည်" ဟု လမ်းညွှန်ဖူးပါသည်။ သူက ရန်ကုန်ပညာရေးတက္ကသိုလ်ပါမောက္ခချုပ်လည်း လုပ်ခဲ့ဖူးပေသည်-

ဆောင်ရမည့် 'စ'ငါးလုံး

၁။ စိတ်ဓာတ်မွန်မြတ်ခိုင်မာခြင်း
၂။ စေတနာမှန်ခြင်း
၃။ စည်းကမ်းရှိသေလိုက်နာခြင်းနှင့် စာရိတ္တကောင်းခြင်း
၄။ စာပေကို စနစ်တကျလေ့လာခြင်း
၅။ စိစစ်ဝေဖန်သည့်အလေ့အကျင့် ပျိုးထောင်ခြင်း

ရှောင်ရမည့် 'အ'ငါးလုံး

၁။ အဂတိတရားလေးပါးရှောင်ပါ
၂။ အရှက်မရှိလူမျိုး အလဇ္ဇီဖြစ်ခြင်းကို ရှောင်ပါ
၃။ အချောင်ခိုမှုကို ရှောင်ပါ
၄။ အစွန်းရောက်မှုကိုရှောင်ပါ
၅။ အသပြာလောက၏ လွှမ်းမိုးမှုကိုရှောင်ပါ

အောင်မြင်မှာမလွဲ

၁၉၇၅ ခုနှစ်က ဆရာကြီးဦးသောင်းထွန်း၏ စကားတစ်ခွန်းမှာ အလွန်တရာမှတ်သားလိုက်နာဖို့ကောင်းပါသည်-

"ပညာရေးစနစ်တစ်ခုရဲ့ အောင်မြင်မှု ကျရှုံးမှုကို အဆုံးအဖြတ်ပေးတဲ့ ပုဂ္ဂိုလ်တွေဟာ ဆရာတွေဖြစ်တယ်။ ဆရာတွေမှာ မှန်ကန်တဲ့ အတွေးအခေါ် အယူအဆရှိပြီး ဆရာတစ်ဦးမှာရှိအပ်တဲ့အရည်အချင်း အရည်အသွေးတွေ ရှိသင့်သလောက်ရှိရင် ပညာရေးဆောင်ရွက်ချက်ဟာ အောင်မြင်မှာပဲလို့ ကျွန်တော်ယုံကြည်တယ်"

မှန်ပါ၏။ ပညာရေးမှာ ဥယျာဉ်မှူးဖြစ်သော ဆရာ ဆရာမများအရည်အချင်းမြင့်မား၍ အရည်အသွေးပြည့်ဝလေလေ နိုင်ငံတော်အတွက် အားကိုးရမည့် နိုင်ငံ့သားကောင်းများ ကောင်းစွာမွေးထုတ်နိုင်လေလေဖြစ်မည် မလွဲပါချေ။ ရှင်းလှပေသည်။

ဆရာ ဆရာမများ ကိုယ်တိုင်ကလည်း ဆောင်ကြရမည့် 'စ'ငါးလုံးကို ဆောင်ကြပြီး ရှောင်ရှားရမည့် 'အ'ငါးလုံးကို ရှောင်ကြမည်ဆိုလျှင် ပညာရေးအနာဂတ်သည် ပိုမိုအောင်မြင်တိုးတက်ပါလိမ့်မည်။

အနာဂတ်၏အကောင်းအဆိုးသည် လူငယ်များ၊ ကလေးငယ်များအပေါ် မူတည်သည်။ တပည့်ဖြစ်သော ဤ ကျောင်းသား ကျောင်းသူ ပန်းမန်များသည် ဥယျာဉ်မှူးဖြစ်သည့် ဆရာ ဆရာမများ၏ အရည်အချင်းအရည်အသွေးအပေါ် အပြည့်အဝမူတည်နေသည်။ ထို့ကြောင့် အနာဂတ်မြန်မာပြည်ကို ဖန်ဆင်းတည်ဆောက်နေသူ အဓိကပုဂ္ဂိုလ်စစ်စစ်များမှာ ဆရာ ဆရာမများသာ ဖြစ်ကြပေသည်။

နိဂုံး

ဥယျာဉ်မှူးများ၏ အရည်အသွေး၊ အခန်းကဏ္ဍအဆင့်အတန်းကို မြှင့်တင်ပေးကြရန် ကျွန်တော်တို့အားလုံးမှာ တာဝန်ရှိနေသည်ဟု တင်ပြချင်ပါသည်။ ပြည်သူအများ စာဖတ်သူက ဆရာ ဆရာမများအပေါ် အထင်လွဲအထင်သေးစရာဖြစ်သော စွပ်စွဲချက်များ၊ အပြစ်တင်စကားများ၊ ပုတ်ခတ်သော ဆောင်းပါးများ၊ အထင်သေးချိုးနှိမ်သော ဂျာနယ်ခေါင်းစီးများကို စတုတ္ထမဏ္ဍိုင်ဟု ဂုဏ်ပြုခံထားရသော စာပေသမား၊ သတင်းစာဆရာများက ကျင့်ဝတ်ကို သိကြသောအားဖြင့် ဆင်ခြင်သင့်ကြသည်ဟု သတိပေးမေတ္တာရပ်ခံချင်ပါသည်။ လူဆိုသော လူသည်မည်သူမှ အပြစ်အနာအဆာမကင်းပါ။ လူသည် လူသာဖြစ်ကြပါသည်။ တစ်ယောက်တလေချွတ်ယွင်းအားနည်းသည်ကိုထောက်ပြပြီး တစ်လောကလုံး သုံးမရအောင် ပျက်ပြားနေသကဲ့သို့ ပုံကြီးမချဲ့မိကြစေဖို့ အလေးအနက်ပန်ကြားချင်ပါသည်။ ကျွန်တော်တို့အားလုံး လူတစ်လုံးသူတစ်လုံးဖြစ်လာခဲ့ရသည်မှာ သူငယ်တန်းမှ ဘွဲ့လွန်သင်တန်းများအထိ သွန်သင်ညွှန်ပြခဲ့ကြသည့် ဆရာဟူသော ဥယျာဉ်မှူးများ၏ ကြီးမားလှသော ကျေးဇူးတရားပင်မဟုတ်ပါလော။ ကျေးဇူးမသိတတ်လျှင်လည်းနေပါ။ ကျေးဇူးမဆပ်ချင်လည်းနေပါ။ ရပါသည်။ ကျေးကွင်းမစွပ်ပါနှင့်၊ ကျေးဇူးမကန်းပါနှင့်။ ကျေးဇူးရှင်များကို ပြစ်မှားသဖြင့် သံသရာခရီးရှည်ကြီးမှာ မောင်တို့မယ်တို့ ဆင်းရဲနစ်မွန်းမည်ကို ကြိုတင်မြော်မြင်မိသဖြင့် သတိပေးလိုခြင်းဖြစ်ပါသည်။ ချစ်လို့ ပြောတာမှတ်ပါ။ ။

၂၀၁၄ ဧပြီလအတွင်း မှူးယစ်ဆေးဝါးအမှုပေါင်း ၅၅၆မှု ဖမ်းဆီးရမိ တရားခံ ကျား ၇၁၄ဦး၊ မ ၁၂၇ဦးတို့အား ဥပဒေအရ အရေးယူ

နေပြည်တော် မေ ၁၅

၂၀၁၄ ခုနှစ် ဧပြီလအတွင်း တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်အခွန်ဦးစီးဌာနတို့မှ ဘိန်း ၅၅ မှု (အလေးချိန် ၁၁၃ ဒသမ ၆၇၆၁ ကီလို)၊ ဘိန်းဖြူ ၂၀၃ မှု (အလေးချိန် ၃ ဒသမ ၂၆၂၃ ကီလို)၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၉ မှု (အလေးချိန် ၁၂၈၄၂၁၈ ပြား)၊ ဆေးခြောက် ၁၂ မှု (အလေးချိန် ၇ ဒသမ ၉၀၂၉ ကီလို)၊ ကဖင်း (အလေးချိန် ၀ ဒသမ ၂၄ ကီလို)၊ ဆူဒိုအက်ဖီဒရင်းလေးမှု (၇၉၇၉၉၉၀ပြား)၊ ဘိန်းဆီခဲ ၁၆ မှု (အလေးချိန် ၂ ဒသမ ၈၆၉၅ ကီလို)၊ အဆင့်နိမ့်ဘိန်း ၃၅ မှု (အလေးချိန် ၁၈ ဒသမ ၀၇၉၂ ကီလို)၊ အက်ဖီဒရင်းဆေးပြား တစ်မှု (၂၆၈၅၀၀ပြား)၊ စိတ်ကြွအကြေမှုန့်တစ်မှု (အလေးချိန် ၀ ဒသမ ၀၀၈၃ ကီလို)၊ အိုက်စ်တစ်မှု (အလေးချိန် ၁၂ ဒသမ ၉၃၄၂ ကီလို)၊ ဘိန်းစာမှုန့်နှစ်မှု (အလေးချိန် ၁ ဒသမ ၈၀၈ ကီလို)၊ ဘိန်းရည် (အလေးချိန် ၅ လစ်တာ)၊ ဘိန်းညိုခဲတစ်မှု (အလေးချိန် ၀ ဒသမ ၈၂၂၁ ကီလို)၊ ဘိန်းဆီရည်တစ်မှု (အလေးချိန် ၁၂၀ လစ်တာ)၊ ဘိန်းညိုမှုန့် (အလေးချိန် ၀ ဒသမ ၁၆၃၃ ကီလို)၊ အမိုနီယမ်ကလိုရိုဒ် (အလေးချိန် ၀ ဒသမ ၆၅၃၂ ကီလို)၊ ဓာတုဆေးရည် (အလေးချိန် ၁ ဒသမ ၂၅ လစ်တာ)၊ ဓာတုဆေးမှုန့် (အလေးချိန် ၀ ဒသမ ၈၇၈ ကီလို)၊ အက်ဖီဒရင်း (အလေးချိန် ၁ ဒသမ ၈ ကီလို)၊ ဆာလဖြူရစ်အက်စစ် (အလေးချိန် ၄၀ လစ်တာ)၊ ဒိုင်ရာဇီပမ် (အလေးချိန် ခုနစ်ပြား)နှင့် အခြား ၁၁ မှု၊ မှတ်ပုံတင်ပျက် လေးမှုတို့ကို ဖမ်းဆီးရမိခဲ့ပြီး အမှုပေါင်း ၅၅၆ မှု ဖမ်းဆီးခဲ့ရာတွင် ပြစ်မှုကျူးလွန်သူ အမျိုးသား ၇၁၄ ဦး၊ အမျိုးသမီး ၁၂၇ ဦး စုစုပေါင်း ပြစ်မှုကျူးလွန်သူ ၈၄၁ ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ပုံတောင်ခြေရင်းရှိ ကျေးရွာစာကြည့်တိုက်များအတွက် နေ့စဉ်ထုတ်သတင်းစာများ တစ်နှစ်စာလှူဒါန်း

ပုလဲ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် ပုံတောင်ခြေရင်းရှိ ကျေးရွာနေပြည်သူများ၏ အသိဉာဏ်ပညာဗဟုသုတများ တိုးပွားရရှိလာစေရေး၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်များ သိရှိနိုင်စေရေးကို ရည်ရွယ်ပြီး သစ်ကြီးတိုင်းကျေးရွာ၊ ကျော်တောကျေးရွာ၊ ဇီတွောင့်ကျေးရွာနှင့် သံတောင်ကျေးရွာများရှိ စာကြည့်တိုက်များသို့ မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာဖိုးတစ်နှစ်စာ ငွေကျပ် ၉၆၀၀၀ လှူဒါန်းပွဲကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ မေ ၁ ရက် ညနေ ၃ နာရီက ကျင်းပခဲ့ကြောင်းသိရသည်။

မန္တလေးမြို့နေ ဦးကျော်ဝင်း-ဒေါ်ခင်မေသန်းမိသားစု(ကျောက်စိမ်းရောင်းဝယ်ရေးလုပ်ငန်း)က သစ်ကြီးတိုင်းကျေးရွာ၊ ကျော်တောကျေးရွာ၊ ဇီတွောင့်ကျေးရွာနှင့်သံတောင်ကျေးရွာများရှိ စာကြည့်တိုက်များအတွက် မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာဖိုးတစ်နှစ်စာငွေကျပ် ၉၆၀၀၀ ကိုပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးမြင့်သိန်းစိုးက လက်ခံယူ၍ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်သည်။

အလှူရှင်ဦးကျော်ဝင်းက "ကျွန်တော်က ကျော်တောကျေးရွာ ဇာတိပါ။ ၁၉၈၃ ခုနှစ်ခန့်ကတည်းက ဖားကန့်ဒေသကို ကျောက်သွားတူးရင်းနဲ့ အခုဆို အဆင်ပြေနေပါပြီ။ ဒါကြောင့် ကျွန်တော်တို့ တောင်ပေါ်ဒေသကျေးရွာတွေဟာ လမ်းပန်းဆက်သွယ်ရေးနဲ့ အသိဉာဏ်ဖွံ့ဖြိုးမှုက အားနည်းနေသေးတာကိုတွေ့မြင်ရတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဒေသအုပ်ချုပ်ရေးအဖွဲ့အစည်းတွေနဲ့တိုင်ပင်ပြီး ဆောင်ရွက်ပေးလျက်ရှိသလို အသိဉာဏ်ပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့အလင်းနေ့စဉ်ထုတ်သတင်းစာများကို ကျွန်တော်တတ်နိုင်သလောက် ကျေးရွာလေးရွာမှာရှိတဲ့ စာကြည့်တိုက်တွေကို လှူဒါန်းရခြင်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

မင်းခန့်စိုး(iprd)

ပြည်တွင်းသတင်း

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများအား တောင်းပန်လျှောက်ထားသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၁၅

ယနေ့နံနက် ၈ နာရီခွဲတွင် မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ကျောင်းဆောင်၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများကို ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တက္ကဒ္ဓိဗလ အမှူးပြုသော သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ရွှေသံလွင်ကုမ္ပဏီမိသားစုတို့က အမှားအယွင်းများ ရှိခဲ့ပါလျှင် ခွင့်လွှတ်သည်းခံတော်မူပါရန် ဝန်ချတောင်းပန်လျှောက်ထားသည့် အခမ်းအနား ကျင်းပသည်။ **(ယာပုံ)**

အဆိုပါအခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ၁၆ ပါး၊ သင်္ဃန်းကျွန်းမြို့နယ် မူလဆယ်တောင်ပြည့်ကျောင်းတိုက် ပဓာနနာယက ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တက္ကဒ္ဓိဗလတို့ တက်ရောက်ကြသည်။

ရှေးဦးစွာရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တက္ကဒ္ဓိဗလ၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အခမ်းအနား တက်ရောက်လာသူများက သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ အထူးအစည်းအဝေး၊ သတ္တမအကြိမ် နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖွဲ့ ဒုတိယအထူးအစည်းအဝေး၊ ပဥ္စမအကြိမ် ဂိုဏ်းပေါင်းစုံသံဃာ့အစည်းအဝေးပွဲကြီးတို့တွင် ပါဝင်ဆောင်ရွက်ရာ၌ အမှားအယွင်း တစ်စုံတစ်ရာရှိပါက ခွင့်လွှတ်သည်းခံတော်မူပါရန် ဆရာတော်ကြီးများထံ တောင်းပန်လျှောက်ထားကြရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးက ဆရာတော်သံဃာတော်များ ကိုယ်စား မိမိတို့က ခွင့်လွှတ်သည်းခံပါကြောင်းနှင့် ဆရာတော်ကြီးများဘက်က အပြစ်ရှိခဲ့လျှင်လည်း သည်းခံကြရန် မိန့်ကြားတော်မူသည်။

ဆက်လက်၍ နံနက် ၉ နာရီခွဲတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံး (ရန်ကုန်ရုံးခွဲ) အစည်းအဝေးခန်းမ၌ (၆၆) ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲ အခမ်းအနား ကျင်းပရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

အစည်းအဝေးတွင် (၆၆)ကြိမ်မြောက် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲအခမ်းအနား ကျင်းပရေးနာယက ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်က ချီးကျူးပူဇော်ပွဲ ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားရာတွင် တိပိဋကရေ တိပိဋကကောဝိဒ ချီးကျူးပူဇော်ပွဲဖြစ်ပေါ်လာရခြင်းအကြောင်း၊ ဘုရားရှင် လက်ထက်တော်ကပင် ပိဋကသုံးပုံဆောင် ပဋိသမ္ဘိဒါပတ္တ ရဟန္တာများပေါ်ထွန်းခဲ့ကြောင်း၊ ယင်းပဋိသမ္ဘိဒါပတ္တ ရဟန္တာများဖြင့်ပထမသင်္ဂါယနာတင်ခဲ့ကြောင်း၊ပဋိသမ္ဘိဒါပတ္တရဟန္တာများတွင် ရှင်အာနန္ဒာသည်ဓမ္မဘဏ္ဍာဂါရိက ဂုဏ်ထူးဆောင်ဘွဲ့ရရှိခဲ့ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမြင့်ဆွေက ယခုနှစ်တွင် တိပိဋကရေဆရာတော်တစ်ပါးပေါ်ထွန်းလာသည့်အတွက် ထူးခြားသည့်နှစ်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးစိုးဝင်းက တိပိဋကစာပြန်ပွဲကြီး၌ စာထောက်စာမကိစ္စများမှအစ ယခင်နှစ်များနှင့်မတူ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တတ်စွမ်းသမျှ ကူညီဆောင်ရွက်ပေးစေလိုကြောင်းနှင့် အခမ်းအနားကို ယခင်နှစ်များကအတိုင်း ခမ်းနားထည်ဝါစွာ ပြင်ဆင်သွားမည်ဖြစ်ကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်သမ္မတရုံးအကြံပေးပုဂ္ဂိုလ် ဦးအုံ့မောင်က တိပိဋက စာမေးပွဲကြီးဖြစ်ပေါ်လာပုံသမိုင်းနှင့် ဓမ္မဘဏ္ဍာဂါရိကဘွဲ့ အရည်အချင်းများ သမိုင်းမှတ်တမ်းထားရှိရန် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် တက်ရောက်လာသည့် ဆပ်ကော်မတီအသီးသီးက ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားသည်။

(သတင်းစဉ်)

လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲများ ကျင်းပမည်

နေပြည်တော် မေ ၁၅

မြန်မာနိုင်ငံသည် နိုင်ငံရေး၊ လူမှုစီးပွားရေးနှင့် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ကြိုးပမ်းဆောင်ရွက်ရာတွင် တိုးတက်မှုများရရှိနေပြီဖြစ်ရာ နိုင်ငံတကာအသိုက်အဝန်းမှလည်း အသိအမှတ်ပြုပြီး လျော်ညီစွာ တုံ့ပြန်လျက်ရှိသည်။ လူ့အခွင့်အရေးကိစ္စရပ်များနှင့် ပတ်သက်၍လည်း တိုးတက်မှုများရရှိအောင် ဆောင်ရွက်ချက်အများအပြားရှိခဲ့ရာ နိုင်ငံတကာမှ စိတ်ဝင်စားလျက်ရှိသည်။

သို့ဖြစ်သည့်အားလျော်စွာ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးဆိုင်ရာ တိုးတက်ဆောင်ရွက်ချက်များအပေါ် အမြင်ချင်းဖလှယ်နိုင်ရန် ဒုတိယအကြိမ် မြန်မာ-ဂျပန် လူ့အခွင့်အရေးဆိုင်ရာဆွေးနွေးပွဲကို မေ ၁၉ ရက်တွင်လည်းကောင်း၊ ပထမအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆိုင်ရာ ဆွေးနွေးပွဲကို မေ ၂၀ ရက်တွင်လည်းကောင်း နေပြည်တော်တွင် အစိုးရကိုယ်စားလှယ်များအကြား၌ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **(သတင်းစဉ်)**

❀ *ကျောဖုံးမှ*

မှတ်တမ်းတင်ပြောကြားလိုပါကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံနိုင်ငံများအကြား နားလည်ယုံကြည်မှု ရရှိရေးကိုကြိုးဆိုပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ မိမိတို့အကြားရှိ လက်ရှိတည်ရှိနေသည့် ရှိရင်းစွဲခင်မင်မှုများကို ပိုမိုခိုင်မြဲအောင် ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ ယနေ့ညပြုလုပ်သည့်ပွဲသည် အာဆီယံ ပေါင်းစည်းဖျော်ဖြေရေး၏ ထူးခြားသည့်အစီအစဉ်ထဲမှ တစ်ခုဖြစ်ပြီး အာဆီယံဒေသတွင်း စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်ရေးကို ဖော်ညွှန်း ပြသလျက်ရှိပါကြောင်း ဖြင့် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ထို့နောက် ဖျော်ဖြေရေးအစီအစဉ်များကို စတင်ကျင်းပရာ ထိုင်းနိုင်ငံဖျော်ဖြေရေးအဖွဲ့မှ အနုပညာရှင်များက မိခင်မြေမှနှုတ်ခွန်းဆက်သခြင်း (Alexandra) အစီအစဉ်တွင် အပြာရောင်နေ့၊ ချိုမြိန်သောစကားစုများ၊ ညနေဆည်းဆာ၊ သားချော့တေး၊ မိုးသောက်အရုဏ်တက်စသည့် တေးသီချင်းများကို လည်းကောင်း၊ စစ်ချီတေးအလင်္ကာဖြင့် မိတ်ဆက်ပေးမည့် (Royal Marines March) အစီအစဉ်တွင် ရွှင်ပျသောအချစ်တေးသီချင်းကို လည်းကောင်း၊ Intermission အစီအစဉ်တွင် ပွဲတင်သံ၊ လမိုက်ည၊ ရင်မှာရှိနေဆဲ၊ အိပ်မက်ကျွန်း၊ အချစ်ပုံပြင်၊ ရှေးရှေးကသံစဉ်၊ ပဉ္စလက်ရောင်စဉ်တန်း၊ ထာဝရပျောက်ကွယ်ခြင်း စသည့်တေးသီချင်းများကို မြူးကြွသောသံစဉ်များဖြင့် ရသမြောက်စွာ တီးခတ်ဖျော်ဖြေကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်တို့က ထိုင်းနိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်သည်။

ထို့အတူ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့်ဇနီးတို့ကလည်း ဖျော်ဖြေရေးအဖွဲ့အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြပြီး ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်ဇနီးတို့နှင့်အတူ ဖျော်ဖြေရေးစင်မြင့်ထက်တွင် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့်နေ့တွင် ပဲခူးမြို့ ရွှေမော်ဓောစေတီ၌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်အဖွဲ့ဝင်များ ညောင်ရေသွန်းလောင်း

ပဲခူး မေ ၁၅

၁၃၇၆ ခုနှစ် ကဆုန်လပြည့်နေ့တွင် ပဲခူးမြို့ ရွှေမော်ဓောစေတီတော်မြတ်ကြီး၌ ကျင်းပသည့် ကဆုန်ညောင်ရေသွန်းပွဲတော်သို့ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်အဖွဲ့ဝင်များ တောင်ဘက်မုခ်တွင် ဘုရားကြီးအား လှည့်လည်ဖူးမြော်စဉ်။ (တိုင်းဒေသကြီး ပြန်/ဆက်)

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များတက်ရောက်သည့် မြောက်ဘက်မုခ်သို့ ကားများဆိုက်ရောက်ပြီး ကားပေါ်မှဆင်း၍ စုပေါင်းညောင်ရေသွန်းမည့်နေရာသို့ လမ်းလျှောက်သွားရောက်ကာ ဆရာတော်ကြီးများထံမှ တရားနာယူကြသည်။

ထို့နောက် ညောင်ရေသွန်းခြင်းကို ဆောင်ရွက်ရန် သံဃာတော်များ ဦးဆောင်၍တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝတ်အသင်းအဖွဲ့များက ဘုရားကြီးအား တစ်ပတ်ပတ်ကာ ကြည်ညိုကြပြီး ကဆုန်ညောင်ရေသွန်းလောင်းခဲ့ကြသည်။

အင်တာနက် စာမျက်နှာတွင် ပျံ့နှံ့နေသည့် ရွှေမော်ဓောဘုရားရင်ပြင်ပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၏ ကားများတက်ရောက်မှု၊ ဘုရားပေါ်တွင် ဖိနပ်စီးမှုစသည့် သတင်းများနှင့်ပတ်သက်၍ သိရှိနိုင်ရန် ရွှေမော်ဓောဂေါပကတာဝန်ရှိသူများကို မေးမြန်းခဲ့ရာ ဂေါပကအဖွဲ့ဝင်ဦးဝင်းမောင်က "အဲဒီသတင်းက

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်းနှင့်အဖွဲ့ဝင်များ အနောက်ဘက်မုခ်တွင် ဘုရားကြီးအား လှည့်လည်ဖူးမြော်စဉ်။ (တိုင်းဒေသကြီး ပြန်/ဆက်)

အမှန်မဟုတ်ပါဘူး။ ရင်ပြင်ပေါ်အထိ ကားတွေတက်တာလည်း မဟုတ်ပါဘူး။ ရှင်းအောင်ပြောရရင် ဂေါပကအဖွဲ့က သတ်မှတ်ထားတဲ့ ကားတွေရှိပါတယ်။ အစိုးရအဖွဲ့တာဝန်ရှိသူတွေ၊ မကျန်းမမာဖြစ်နေတဲ့ ဘုရားဖူးတွေရဲ့ကားကို ကျောက်ပန်းတောင်းဓမ္မာရုံအနီးအထိ ခွင့်ပြုထားပါတယ်။ ပဌာန်းပွဲကျင်းပတဲ့အချိန်မှာ အလှူရှင်တွေပစ္စည်းသယ်ဖို့ စေတီရင်ပြင်ဂေါပကရုံးရှေ့အထိ ခွင့်ပြုထားပါတယ်။ ဝန်ကြီးချုပ်တို့ကတော့ ဘုရားရင်ပြင်ပေါ် တက်တာကတော့ ခြေကျင်ပါပဲ၊ ရင်ပြင်တော်ကိုကားနဲ့ ဖြတ်မောင်းတာလည်း မဟုတ်ပါဘူး။ ကားပေါ်ကဆင်းပြီးတော့ လျှောက်လမ်းကနေ လျှောက်တာပါ"ဟု ဖြေကြားခဲ့သည်။

ဂေါပကအတွင်းရေးမှူး ဦးကြည်ဝင်းကလည်း " ဝန်ကြီးချုပ်တို့က ကားပါကင်မှာရပ်ပြီး စေတီရင်ပြင်တော်ကို ခြေကျင်ပတ်တက်တာပါ။ ဒီနှစ်ဝန်ကြီးတွေရော၊ တိုင်းဒေသကြီးအစိုးရအဖွဲ့တာဝန်ရှိသူ တော်တော်များများလာကြပါတယ်။ အဲဒါကြောင့် ကားများသွားပြီး တန်းစီသလိုဖြစ်သွားတာပါ။ ဝန်ကြီးချုပ်ကား ပြန်အဆင်းမှာ ရှင်လောင်းလှည့်လာတာကိုတွေ့လို့ ဦးစားပေးလိုက်တော့ ကားတွေက တန်းစီသလိုဖြစ်သွားတာပါ။ သက်ကြီးရွယ်အိုလမ်းမလျှောက်နိုင်တဲ့ သူတွေကိုလည်း ဂေါပကရုံးရှေ့မှာ ကားခဏရပ်နားထားဖို့ ခွင့်ပြုပေးထားတာရှိပါတယ်။ ကားတွေက ကျောက်ပန်းတောင်းဓမ္မာရုံရှေ့မှာ ကားကျပ်နေလို့ ဒီလိုဖြစ်သွားတာပါ။ ကျန်အချိန်တွေမှာ ကားမဝင်ရဆိုပြီး ပိတ်ထားပါတယ်။ ဒါပေမယ့် ဂေါပကကိုသတင်းပို့တဲ့အခါ ဥပမာ အရေးကြီးတဲ့ နိုင်ငံခြားဧည့်သည်တွေလာမယ်ဆိုရင်လည်း ခွင့်ပြုပေးပါတယ်။ ကားနဲ့ စေတီတော်ရင်ပြင်အထိတက်တယ်လို့ အင်တာနက်ပျံ့နှံ့နေတာ တကယ်ကို ကြားလို့မကောင်းပါဘူး။ အကြောင်းအရာကို သေချာမသိတဲ့ ပြည်သူတွေက အထင်လွဲကြမှာပေါ့။ ဒီလိုမဟုတ်မမှန်လုပ်ကြံပြောကြားတာကို ရပ်တန်းက ရပ်စေချင်ပါတယ်"ဟု ပြောကြားခဲ့သည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဂုဏ်ပြုအမှာစကား ပြောကြားရာတွင် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေးကဏ္ဍများကို ကြိုးပမ်းဆောင်ရွက်ရာတွင် အခြေခံလိုအပ်ချက်ဖြစ်သည့် နိုင်ငံသားအားလုံး စာတတ်မြောက်ရေးသည် အရေးကြီးသော လိုအပ်ချက်တစ်ခုဖြစ်ပါကြောင်း၊ အလိမ္မာစာမှာရှိဆိုသကဲ့သို့ စာတတ်မှသာ အမှားအမှန်ကို ခွဲခြားသိနိုင်မည်ဖြစ်ပြီး အကောင်းအဆိုးကိုလည်း ဆုံးဖြတ်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် စာတတ်မြောက်ရေးကို ရှေးဘုရင်များလက်ထက်မှစပြီး အစိုးရအဆက်ဆက် ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း။

စာပေပျောက်လျှင် လူမျိုးပါပျောက်သွားနိုင်သည့်အတွက် လူမျိုးမပျောက်အောင် စာပေတတ်မြောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တစ်မျိုးသားလုံးစာတတ်မြောက်ရေးကြိုးပမ်းဆောင်ရွက်ရာတွင် ယခုကဲ့သို့ ကျောင်းအားရက်ကို အနားမယူဘဲ ပညာဒါနပေးဝေလှူဒါန်းကြသည့် တက္ကသိုလ်အသီးသီးမှ လုပ်အားပေးဆရာ ဆရာမများနှင့် တက္ကသိုလ်ကျောင်းသား ကျောင်းသူများကို မိမိအနေဖြင့် ချီးကျူးဂုဏ်ပြုပါကြောင်း။

အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားခွင့် မရခဲ့ကြသည့် စာသင်သား ပြည်သူများအနေဖြင့်လည်း လုပ်ငန်းခွင်မပျက် ရရှိသည့် အချိန်အတွင်းတွင် အရေး၊ အဖတ်၊ အတွက်ဟူသည့် အခြေခံပညာကို မညည်းမညူ သင်ယူကြသည်ကို တွေ့မြင်ကြားသိရသည့်အတွက် အတိုင်းမသိ ဝမ်းသာမိပါကြောင်း၊ အခြေခံပညာကို သင်ယူတတ်မြောက်ရုံဖြင့် အားရကျေနပ်မနေဘဲ ရရှိသည့်အားလပ်ချိန်တိုင်းတွင် အမြဲလေ့ကျင့်နေရန်လိုအပ်ပါကြောင်း၊ သို့မှသာ သင်ယူထားသည်များကို မမေ့မလျော့ဘဲ ရှေ့ဆက်ပြီး တိုးတက်နေမည်ဖြစ်ပါကြောင်း။

မိမိတို့ အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တာဝန်ကို ရယူခဲ့သည့် သုံးနှစ်ကျော် ကာလအတွင်းတွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲမှုများကို စိတ်အားထက်သန်စွာဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံရေး တည်တည်ငြိမ်ငြိမ်ရှိရန်၊ မိမိတို့၏ နိုင်ငံရေးလုပ်ငန်းစဉ်များတွင် နိုင်ငံသား အများအပြားပါဝင်လာစေရန်၊ ကာလရှည်ကြာခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းစေရန် ကြိုးပမ်းဆောင်ရွက်ရင်း တိုင်းပြည်၏ လူဦးရေအများစုနေထိုင်သည့် ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချနိုင်ရန်၊ ပညာရေး၊ ကျန်းမာရေးအဆင့်အတန်း မြင့်မားစေရန်နှင့် ပြည်သူကိုအခြေပြုသည့် အုပ်ချုပ်ရေးစနစ်ထွန်းကားစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါကြောင်း၊ လက်ဆုပ်လက်ကိုင် ပြနိုင်သည့် အောင်မြင်မှုများရရှိခဲ့သကဲ့သို့ မမျှော်လင့်သော အခက်အခဲများ၊ စိန်ခေါ်မှုများကိုလည်း များစွာကြုံတွေ့ရပါကြောင်း။

အောင်မြင်မှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်သူများ၏ ရေတိုရေရှည်အကျိုးစီးပွားအတွက် ပြည်သူများနှင့်အတူ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒီမိုကရေစီပြုပြင်ပြောင်းလဲစ နိုင်ငံများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရစမြဲဖြစ်ပါကြောင်း၊ ယင်း အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူများ၏ အားပေးထောက်ခံမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများ လိုအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး၊ တရားမျှတပြီး လွတ်လပ်သည့် ရွေးကောက်ပွဲကျင်းပနိုင်ရေးကိစ္စများသည် မိမိတို့၏ ပြည်တွင်းရေး ကိစ္စများဖြစ်ပါကြောင်း၊ မိမိတို့ လုပ်နိုင်ပါကြောင်း၊ မိမိတို့၏ အချုပ်အခြာအာဏာကို အထိအပါး မခံဘဲ ဥပဒေဘောင်အတွင်းက ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကြောင့် တိုင်းပြည်ဆူဆူပူပူဖြစ်မှာကို မည်သူမျှ မလိုလားကြပါကြောင်း၊ တိုင်းပြည်ဆူဆူပူပူဖြစ်လျှင် ကိုယ့်တိုင်းပြည်သာ နစ်နာမည်ဖြစ်ပါကြောင်း၊ ကိုယ့်ပြည်သူများသာ ထိခိုက်နစ်နာကြမည်ဖြစ်ပါကြောင်း၊ အမှားအမှန်အဆိုးအကောင်းကို ယနေ့ဆူဆူပူပူဖြစ်နေသည့် နိုင်ငံများ၏ သင်ခန်းစာကို ရယူပြီး မိမိတို့နိုင်ငံတွင် အလားတူ နစ်နာဆုံးရှုံးမှုများ မဖြစ်ပေါ်စေရအောင် နိုင်ငံကိုချစ်သည့် ရဟန်းရှင်လူပြည်သူများအားလုံး ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရမည်ဖြစ်ပါကြောင်း။

တိုင်းပြည်၏ အနာဂတ်သည် ယနေ့လူငယ်များ၏ လက်ထဲတွင် ရှိပါကြောင်း၊ ကောင်းမွန်သည့် အနာဂတ်၊ ငြိမ်းချမ်းသည့် အနာဂတ်ကို လူငယ်များထံ လွှဲပြောင်းပေးနိုင်ရန် မိမိတို့ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် တာဝန်သိသည့် လူငယ်များအနေဖြင့် ကျရာအခန်းကဏ္ဍမှ

နိုင်ငံတော်သမ္မတဦးသိန်းစိန် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနားတွင် ကျောင်းသားကျောင်းသူများသီဆိုနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

▌၊ အခြေခံပညာကို သင်ယူတတ်မြောက်ရုံဖြင့် အားရကျေနပ်မနေဘဲ ရရှိသည့်အားလပ်ချိန်တိုင်းတွင် အမြဲလေ့ကျင့်နေရန်လိုအပ်၊ သို့မှသာ သင်ယူထားသည်များကို မမေ့မလျော့ဘဲ ရှေ့ဆက်ပြီး တိုးတက်နေမည် ၊▌

ကျောက်ဆည်တက္ကသိုလ် အင်္ဂလိပ်စာ အထူးပြု မဟာပထမနှစ်ကျောင်းသူ မသဲနုခင်က စာတတ်မြောက်ရေးလှုပ်ရှားမှု အတွေ့အကြုံများကို ရှင်းလင်း ပြောကြားစဉ်။

ရန်ကုန်-နေပြည်တော်-မန္တလေးအမြန်လမ်းမကြီးအား ရှစ်လမ်းသွားအထိတိုးမြှင့်ရန် အစီအစဉ်ရှိ

သတင်း-ဇင်ဦး၊ သိမ့်သိမ့်မိုး
ဓာတ်ပုံ- သတင်းစဉ်

နေပြည်တော် မေ ၁၅

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၉၇/၆ တွင် ဖြစ်ပွားခဲ့သော ယာဉ်မတော်တဆမှုနှင့်ပတ်သက်ပြီး ရုံးအမှတ်(၂၉) ရထားပို့ဆောင်ရေးဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ယနေ့မွန်းလွဲ ၁ နာရီက မီဒီယာများနှင့်တွေ့ဆုံပွဲ ပြုလုပ်ခဲ့သည်။ (အောက်ပုံ)

အဆိုပါ အခမ်းအနားတွင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဋ္ဌေးက ယာဉ်မတော်တဆမှုနှင့်ပတ်သက်ပြီး မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း ခေါင်းဆောင်သော စုံစမ်းစစ်ဆေးရေး အစီရင်ခံစာပေါ်ထွက်လာမှသာ အသေးစိတ်အတည်ပြုနိုင်မည်ဖြစ်ကြောင်း၊ ယခုဖြစ်စဉ်ဖြစ်ပွားရခြင်းတွင် ရာဇာမင်းယာဉ်လိုင်း၏ ယာဉ်မောင်းဖြစ်သူ မင်းခန့်(ခ)ထွန်းခန့်စိုးမှာ ၂၀၁၂ ခုနှစ်အတွင်းက တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းပေါ်တွင် ယာဉ်နှစ်စီးဆင့်တိုက်မှု ဖြစ်စဉ်ဖြစ်ပွားခဲ့သဖြင့် မော်တော်ယာဉ်မောင်းနှင်ခွင့် ပိတ်သိမ်းခြင်းခံထားရသူဖြစ်ကြောင်း ပြောကြားသည်။ ယင်းဖြစ်စဉ်တွင် ယာဉ်နှင့်ရာသီဥတုတို့ထက် ယာဉ်မောင်း၏ ပေါ့ဆမှုကြောင့်လည်း ဖြစ်နိုင်ကြောင်း သုံးသပ်ပြောကြားသည်။

အဝေးပြေးလမ်းမကြီးများတွင် ယာဉ်မတော်တဆမှု လျော့နည်းပပျောက်ရေးနှင့် ပတ်သက်ပြီး ပြည်ထောင်စုဝန်ကြီးက ယာဉ်များစစ်ဆေးမှုကို ၂၀၁၃ ခုနှစ် အောက်တိုဘာလအတွင်းမှ စတင်ပြီး နေပြည်တော်အမှတ်(၃)လမ်းဆုံ၌ အမြန်လမ်းရဲတပ်ဖွဲ့နှင့် အမြန်လမ်း ဆောက်လုပ်ရေးအဖွဲ့များ ပူးပေါင်း၍ စစ်ဆေးမှုများ ပြုလုပ်ခဲ့သော်လည်းခရီးသွားလာမှုအား နှောင့်နှေးကြန့်ကြာစေသည်ဟုပြောဆိုမှုများရှိနေသဖြင့် ပြည့်ပြည့်စုံစုံ စစ်ဆေးနိုင်ခဲ့ခြင်း မရှိကြောင်း၊ ရန်ကုန်- နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးတွင်မောင်းနှင်မည့် အဝေးပြေးယာဉ်များအား ယခင်ကထက် ပိုမိုစစ်ဆေးကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ ပထမအဆင့်အနေဖြင့် ၂၀၁၄ ခုနှစ် ဧပြီ ၁ ရက်မှစတင်ပြီး ကုန်းလမ်းပို့ ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ အမြန်လမ်းရဲတပ်ဖွဲ့၊ အမြန်လမ်းဆောက်လုပ်ရေးအဖွဲ့များ ပူးပေါင်းပြီး မော်တော်ယာဉ်မထွက်ခွာမီ လူနှင့်ပတ်သက်၍ စစ်ဆေးမှုများ ပြုလုပ်ရာတွင် သတ်မှတ်ယာဉ်မောင်းလိုင်စင် ရယူထားခြင်း ရှိ/မရှိ၊ အဝေးပြေးကားများတွင် အရန်ယာဉ်မောင်းထားရှိမှု ရှိ/မရှိ၊ ယာဉ်နောက်လိုက်တွင် သတ်မှတ် သက်တမ်းရှိလိုင်စင် ရှိ/မရှိ၊ မူးယစ်သောက်စားထားခြင်း ရှိ/မရှိ၊ စစ်ဆေးမည်ဖြစ်ပြီး ယာဉ်ရပ်နားစခန်းများရှိ စားသောက်ဆိုင်များတွင် ယာဉ်မောင်းများအား အရက်သေစာများကျွေးမွေးဧည့်ခံခြင်းမပြုလုပ်ရန် တားမြစ်စစ်ဆေး ကြပ်မတ်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် ယာဉ်နှင့်ပတ်သက်၍ ကြံ့ခိုင်မှုရှိ/မရှိ၊ တာယာကောင်းမွန်မှု ရှိ/မရှိ၊ သတ်မှတ်ထိုင်ခုံအရေအတွက်ထက် ပိုမိုတင်ဆောင်ထားခြင်း ရှိ/မရှိ၊ မီးသတ်ဆေးဘူး တပ်ဆင်ထားခြင်းရှိ/မရှိ၊ အရေးပေါ်ထွက်ပေါက်ထားရှိမှု ရှိ/မရှိ၊ ရောင်ပြန်စတေကာများတပ်ဆင်ထားခြင်း ရှိ/မရှိ စစ်ဆေးသွားမည်ဖြစ်သည်။

ယင်းကဲ့သို့ စစ်ဆေးရာတွင် သက်ဆိုင်ရာ မထသနှင့် ယာဉ်ပိုင်ရှင်များပူးပေါင်းပါဝင်ရန် လိုအပ်ပြီး စစ်ဆေးသည့်အချိန်တွင်ခရီးသည်များအနေဖြင့် မိမိတို့အသက်အန္တရာယ်ကာကွယ်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်၍ သည်းခံရန်လိုကြောင်း၊ ယာဉ်များအား ကာကွယ်ခြင်းထက် ခရီးသည်များ အသက်အန္တရာယ်ကာကွယ် ခြင်းသာဖြစ်ကြောင်းပြောကြားသည်။

ယာဉ်မတော်တဆမှု ဖြစ်ပွားရခြင်း အကြောင်းရင်းများတွင် ယာဉ်ကြောင့်သော်လည်းကောင်း၊ လူကြောင့်သော်လည်းကောင်း၊ ရာသီဥတုကြောင့်သော် လည်းကောင်း၊ လမ်းကြောင့်သော်လည်းကောင်း ဖြစ်ပွားနိုင်ပြီး ၆၃ ဒသမ ၆၄ ရာခိုင်နှုန်းမှာ လူကြောင့်ဖြစ်ရပြီး ၂၃ ဒသမ ၈ ရာခိုင်နှုန်းမှာ ယာဉ်ကြံ့ခိုင်မှု အားနည်းခြင်းကြောင့် ဖြစ်ပွားရကြောင်း၊ လမ်းပိုင်းဆိုင်ရာအနေဖြင့် ဖြစ်ပွားမှုမှာ ၁ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်ပြီး ရာသီဥတုကြောင့် ဝ ဒသမ ၄ ရာခိုင်နှုန်း ဖြစ်ပွားနိုင်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြောကြားသည်။

ဆက်လက်၍ မိမိတို့ ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးနှင့် ပတ်သက်၍ အမြန်လမ်းမကြီးဆိုင်ရာ ဥပဒေကြမ်းရေးဆွဲလျက်ရှိကြောင်း၊ ခရီးသွားပြည်သူများ သွားလာမှု အဆင်ပြေစေရန် ရည်ရွယ်၍ တစ်ဖက်လျှင် နှစ်လမ်းသွား ၃၃၆ မိုင် ၃ ဖာလုံရှိ ကွန်ကရစ်လမ်းမကြီးအား ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ယခုအခါတွင် တစ်ဖက်လျှင် လေးလမ်းမောင်း၊ ရှစ်လမ်းသွား နိုင်လွန်ကတ္တရာလမ်းမကြီးအဖြစ် တည်ဆောက်သွားရန် အမေရိကန်နိုင်ငံမှ ပထမဦးစွာနည်းပညာ အကူအညီပေးမည်ဖြစ်ပြီး ဘာသာရပ်ငါးခုဖြင့် သင်တန်းများပို့ချလျက်ရှိကြောင်းလည်း သိရသည်။ လက်ရှိအမြန်လမ်းမကြီးသည် ဆောက်လုပ်ဆဲအခြေအနေဖြစ်သောကြောင့် နိုင်ငံတကာစံနှုန်းများနှင့် သတ်မှတ်၍ မရနိုင်သေးကြောင်း ဒုတိယဝန်ကြီး ဦးစိုးတင့်က ပြောကြားခဲ့သည်။

ယာဉ်အန္တရာယ် လျော့နည်းပပျောက်ရေးနှင့်ပတ်သက်၍လည်း ယာဉ်မောင်းလိုင်စင်များထုတ်ပေးမှု၊ လိုင်စင်သက်တမ်းတိုးမှုများပြုလုပ်ရာတွင် ဧပြီ ၁ ရက်မှစ၍ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ ရေးဖြေမေးခွန်း ၅၀ နှင့် စိတ်ပိုင်းဆိုင်ရာစစ်ဆေးမှုများကို ဖြေဆိုအောင်မြင်မှသာ လိုင်စင်ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၁၂ ရက်အထိ လေးလခွဲအတွင်း ယာဉ်မတော်တဆမှုပေါင်း ၁၈၆ မှုဖြစ်ပွားခဲ့ကာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ လေ့လာမှုများအရ မြန်မာနိုင်ငံသည် ယာဉ်အန္တရာယ်ကြောင့် သေဆုံးမှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာဒေါ်သိန်းသိန်းဌေးက ပြောကြားခဲ့သည်။

ပြည်တွင်းသတင်း

နိုင်ငံအတွက် တစ်တပ်တစ်အား ယခုကဲ့သို့ ပါဝင်ကူညီဆောင်ရွက်ပေးကြသည့်အတွက် ချီးကျူးဂုဏ်ယူပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဒေါက်တာဒေါ်ခင်စန်းရီတို့က ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုများတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကိုယ်စား မန္တလေးတိုင်းဒေသကြီးမှ လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် ပါဝင်ဆောင်ရွက်ခဲ့သည့် တက္ကသိုလ်များ၊ လုပ်အားပေး တက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ကြီးကြပ်သူများကိုယ်စား မန္တလေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမောင်သင်းနှင့် ကျောက်ဆည်တက္ကသိုလ်မှ တတိယနှစ် ကျောင်းသား မောင်နေမျိုးအေးတို့အား မှတ်တမ်းတင်ဂုဏ်ပြုလွှာများပေးအပ်ပြီး ဒုတိယဝန်ကြီး ဒေါက်တာဇော်မင်းအောင်က စာသင်သားများကိုယ်စား ကိုယ်စားလှယ်တစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

ထို့နောက် လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူများကိုယ်စား ကျောက်ဆည်တက္ကသိုလ် အင်္ဂလိပ်စာအထူးပြု မဟာပထမနှစ်ကျောင်းသူ မသဲနုခင်က အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှု ဂုဏ်ပြုပွဲအခမ်းအနားတွင် ဖျော်ဖြေတင်ဆက်သည့် အကအဖွဲ့အား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။ (သတင်းစဉ်)

အတွေ့အကြုံများကို ရှင်းလင်းပြောကြားရာတွင် မိမိတို့တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် စာတတ်မြောက်ရေးလှုပ်ရှားမှုကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူပြီး ပါဝင်ဆောင်ရွက်ခွင့်ရသည့်အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း။

မိမိတို့မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များကို ပြည်သူဗဟိုပြု ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်သည့် အဓိကသော့ချက်မှာ ပြည်သူများ စာတတ်မြောက်ရေး၊ အသိဉာဏ်ပညာ ကြွယ်ဝရေးနှင့် ပညာဗဟုသုတရှာဖွေနိုင်ရေးတို့ပင်ဖြစ်ပါကြောင်း၊ ပြည်သူများ ပညာဗဟုသုတရှာဖွေနိုင်ပြီး အသုံးချနိုင်မှသာလျှင် နိုင်ငံတော်၏လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးမြင့်မားလာပြီး နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း။

မိမိတို့သင်ကြားပေးလိုက်သည့် အခြေခံပညာသည် စာသင်သားများအတွက် ဘဝတစ်လျှောက် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်ရန်အတွက် အခြေခံအုတ်မြစ် ဖြစ်ပါကြောင်း၊ ပြည်သူများ စာရေးစာဖတ်တတ်လာမည်ဆိုလျှင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာပြီး အထူးသဖြင့် ကျေးလက်နေ ပြည်သူများမှာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် အခြားသော အသက်မွေးမှုဆိုင်ရာ အသိပညာများ တိုးပွားလာမည်ဟု ယုံကြည်ပါကြောင်း။

စာသင်သားများ စာဖတ်ရှိန် မပျက်ဘဲ ပညာဗဟုသုတစဉ်ဆက်မပြတ်ရှာမှီးနိုင်ရန် စာဖတ်ရှိန်မြှင့်တင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားရမည် ဖြစ်သည့်အတွက် လိုအပ်သည့်စာကြည့်တိုက်နှင့် ဂျာနယ်၊ သတင်းစာများ၊ စာအုပ်စာတမ်း စာစောင်များကိုလည်း ဖြည့်ဆည်းပေးရဦးမည်ဖြစ်ပါကြောင်း။

မိမိတို့အနေဖြင့် ၄၅ ရက်တာကာလတွင် စာသင်သားမိဘပြည်သူများနှင့် တစ်သားတည်းနေပြီး စာတတ်မြောက်ရေး လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့သည့်အတွက် ဒေသန္တရဗဟုသုတနှင့် ဘဝအတွေ့အကြုံ များစွာရရှိပြီး ကျေးလက်နေပြည်သူများ၏ ပကတိဘဝအခြေအနေကိုလည်း လေ့လာခွင့်ရရှိခဲ့ပါကြောင်း။

နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလွန်အရေးပါလှသည့် စာတတ်မြောက်ရေးလှုပ်ရှားမှုများကို လာမည့်နှစ်များတွင်လည်း အမျိုးသားရေးအသွင်ဖြင့် တစ်နိုင်ငံလုံးတွင် အရှိန်အဟုန်မြင့် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူ့ဘဝမြှင့်တင်ရေးလုပ်ငန်းများကို မိမိတို့ မျိုးဆက်သစ်လူငယ်များအနေဖြင့် အင်တိုက်အားတိုက် ကျရာအခန်းကဏ္ဍမှ အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာသူများအား နိုင်ငံတော်သမ္မတက ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

၂၀၁၄ ခုနှစ် အခြေခံစာတတ်မြောက်ရေးလှုပ်ရှားမှုကို ဧပြီ ၁ ရက်မှ ယနေ့အထိ နိုင်ငံတစ်ဝန်းရှိ မြို့နယ် ၂၉ မြို့နယ်တွင် ဆောင်ရွက်ခဲ့သည်။ ယင်းမြို့နယ်များရှိ ရပ်ကွက်၊ ကျေးရွာများ၌ စာသင်သူ ၁၀ ဦးလျှင် စာသင်ဝိုင်းတစ်ဝိုင်းနှုန်းဖြင့် တက္ကသိုလ်ပေါင်း ၃၀ မှ အခြေခံစာတတ်မြောက်ရေး နည်းပြသင်တန်း တက်ရောက်ပြီးသည့် လုပ်အားပေး တက္ကသိုလ်ကျောင်းသား ကျောင်းသူ ၄၂၆၁ ဦးတို့က ကြီးကြပ်သူ ဆရာ ဆရာမ ၄၀၃ ဦးနှင့်အတူ အခြေခံစာတတ်မြောက်ရေး စာစဉ်များဖြင့် သင်ကြားပြသပေးခဲ့ကြသည်။ ထိုသို့ သင်ကြားပေးရာတွင် ရပ်ကွက်၊ ကျေးရွာ ၁၁၆၃ ခု၌ စာသင်ဝိုင်းပေါင်း ၄၄၄၇ ဝိုင်းဖြင့် စာသင်သား စုစုပေါင်း ၄၆၄၇၉ ဦးတို့အား အခြေခံစာများ တတ်မြောက်အောင် သင်ကြားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

။ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲစနိုင်ငံများအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကြရစမြဲဖြစ်၊ ယင်းအခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ပြည်သူများ၏ အားပေးထောက်ခံမှု၊ ပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများလိုအပ် ။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၁၅

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲဆိုင်ရာ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှု အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ Sky Star Hotel ၌ ကျင်းပသည်။**(ယာပုံ)**

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးက ယနေ့တွေ့ဆုံဆွေးနွေးပွဲသည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများအကြား ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်ရမည့် အကြောင်းအရာများကို နှီးနှောဖလှယ်နိုင်ရန်အတွက် ဆွေးနွေးညှိနှိုင်းပွဲတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရေးဆွဲပြီးဖြစ်သော မဟာဗျူဟာစီမံကိန်းပါ အချက်များမှ ရည်မှန်းချက် (၇) ဖြစ်သည့် ကဏ္ဍစုံမှ ပါဝင်ပတ်သက်သူများနှင့်ဆက်ဆံရေးကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းလည်းဖြစ်ကြောင်း။

ယနေ့တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲတွင် မဟာဗျူဟာစီမံကိန်း ရည်မှန်းချက် (၁) ဖြစ်သည့် ဥပဒေရေးရာမူဘောင်ဆိုင်ရာကိစ္စရပ်များ၊ ရည်မှန်းချက် (၄) ဖြစ်သည့် ပြည့်စုံမှန်ကန်သောမဲဆန္ဒရှင်စာရင်းပြုစုခြင်းကိစ္စရပ်များ၊ ရည်မှန်းချက်(၈)ဖြစ်သည့် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်း ကိစ္စရပ်များ၊ ရည်မှန်းချက် (၁၀)ဖြစ်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ခြင်းတို့ကို ဆွေးနွေးညှိနှိုင်းကြရန်ဖြစ်ကြောင်း။

ရည်မှန်းချက် (၁) ဖြစ်သည့် ဥပဒေရေးရာမူဘောင်နှင့်ပတ်သက်ပြီး ပြောကြားလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဥပဒေကို ပြင်ဆင်ခွင့်မရှိကြောင်း၊ ဥပဒေပြင်ဆင်ခြင်းကို လွှတ်တော်၌သာ တင်ပြပြင်ဆင်ဆောင်ရွက်၍ ရမည်ဖြစ်ကြောင်း၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များကိုမူ သက်ဆိုင်ရာ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲများဥပဒေပုဒ်မ ၉၀ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်နိုင်သည့် အားလျော်စွာ ပြုလုပ်ပြီးစီးခဲ့သည့် နိုင်ငံရေးပါတီများနှင့် အစည်းအဝေးများက တင်ပြချက်များနှင့်အညီ ပြင်ဆင်ခြင်းနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအား ရှင်းလင်းတိကျစွာ ဆောင်ရွက်နိုင်ရန် လိုအပ်သောပြင်ဆင်ချက်များကို ဆောင်ရွက်ခဲ့ကြောင်း၊ ယင်းပြင်ဆင်ထားသည့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေနှင့် လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲနည်းဥပဒေများ မူကြမ်းများကို နိုင်ငံရေးပါတီများသို့ ဖြန့်ဝေချပြခဲ့ပြီး အကြံဉာဏ်များ တောင်းခံခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ၌လည်း လုပ်ငန်းလမ်းညွှန်များကို နိုင်ငံရေးပါတီများသို့ဖြန့်ဝေပြီး အကြံဉာဏ်များ တောင်းခံသွားမည်ဖြစ်ကြောင်း၊ ယနေ့ညှိနှိုင်းဆွေးနွေးပွဲတွင် ပြင်ဆင်ထားသည့် နည်းဥပဒေများနှင့် ပတ်သက်၍လည်းကောင်း၊ ထပ်မံပြင်ဆင်လိုသောနည်းဥပဒေများနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးအကြံပြုစေလိုကြောင်း၊ နောက်ဆုံးပြင်ဆင်ပြီးလျှင် ပုံနှိပ်ဖြန့်ဝေနိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အသိပေးပြောကြားလိုသည်မှာ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ်ခန့်အပ်ခြင်းကိစ္စဖြစ်ကြောင်း၊ မဲရုံကိုယ်စားလှယ်ခန့်အပ်ရာ၌ အခက်အခဲနည်းအောင်၊ အဆင်ပြေအောင် မည်သို့ဆောင်ရွက်သင့်သည်ကို ဝိုင်းဝန်းဆွေးနွေးအကြံပြုပေးစေလိုကြောင်း။

ရည်မှန်းချက် (၄)ဖြစ်သည့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့်ပတ်သက်၍ မဲဆန္ဒရှင်များ အခြေခံစာရင်းကို Computerized ဖြစ်အောင် ဆောင်ရွက်နိုင်ရန် IFES အဖွဲ့အစည်းနှင့်ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ မကြာခင်မှာပင် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ပတ်သက်ပြီး Pilot Project တစ်ခုကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Pilot Project ကို မြို့နယ်သုံးနေရာတွင် စမ်းသပ်ကောက်ယူပြုစုမည်ဖြစ်ကြောင်း၊ စမ်းသပ်ကောက်ယူရာတွင် ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၊ ချင်းပြည်နယ် တီးတိန်မြို့နယ်၊ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တို့၌ ဆောင်ရွက်ရန်စီစဉ်ထားကြောင်း၊ မဲစာရင်းပြုစုရာတွင် အခြေခံမဲစာရင်းပြုစုခြင်း၊ မဲစာရင်းကြေညာခြင်း၊ ပြင်ဆင်ဖြည့်စွက်ခြင်းနှင့် အတည်ပြုမဲစာရင်းပြုစုခြင်းဆိုသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အခြေခံမဲစာရင်းစတင်ပြုစုကတည်းက Computerized ပြုလုပ်နိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲဆန္ဒရှင်များကို မဲစာရင်းပြုစုခြင်းနှင့်ပတ်သက်ပြီး အသိပညာပေးရေး လုပ်ငန်းမှာ ပူးပေါင်းဆောင်ရွက်ရန် CSO အဖွဲ့အစည်းဖြစ်သည့် The Serenity Initiative(TSI) ငြိမ်းအေးရှေ့ဆောင်အဖွဲ့လည်း ပါဝင်မည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ ဒေသများမှာရှိသည့် နိုင်ငံရေးပါတီများအနေဖြင့်လည်း မဲဆန္ဒရှင်များ အသိပညာပေးရေးနှင့် မဲပေးပိုင်ခွင့်ရှိသူများ မဲစာရင်းတွင် ပါဝင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ပြီး လိုအပ်ချက်များအပေါ် အကြံဉာဏ်များပေးစေလိုကြောင်း။

ရည်မှန်းချက် (၈) ဖြစ်သည့် ပြည်သူများနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်းဆောင်ရွက်ရာတွင်လည်း ရွေးကောက်ပွဲကော်မရှင်တစ်ခုတည်းအနေဖြင့် ပြီးပြည့်စုံသော အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ နိုင်ငံရေးပါတီများ၊ CSO များ၊ မီဒီယာများနှင့် နိုင်ငံတကာအကူအညီပေးရေးအဖွဲ့အစည်းများ၏ အားများကို ရယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ယခုတက်ရောက်လာသည့် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များအနေဖြင့် ဆောင်ရွက်နိုင်သောနည်းလမ်းများ၊ အကြံဉာဏ်များကို ဆွေးနွေးပေးစေလိုကြောင်း။

ရည်မှန်းချက် (၁၀) ဖြစ်သည့် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် ပတ်သက်ပြီး ရွေးကောက်ပွဲတွင်မဲဆွယ်စည်းရုံးခြင်းဆိုင်ရာ လိုက်နာရမည့် ညွှန်ကြားချက်ကိုရေးဆွဲထုတ်ပြန်ရန်ရှိကြောင်း၊ အခြားနိုင်ငံများမှ ပြဋ္ဌာန်းဆောင်ရွက်ချက်များကိုလေ့လာပြီး မြန်မာမှုပြုရေးဆွဲထားခြင်း ဖြစ်ကြောင်း၊ ၎င်းမူကြမ်းအပေါ် လေ့လာသုံးသပ်ပြီး လိုအပ်သည့် အကြံဉာဏ်များကိုလည်း ပေးစေလိုကြောင်း။

အားလုံးကို ပြန်ပြီးခြုံပြောရလျှင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြင်ဆင်ရေးဆွဲထားသည့် နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာလိုက်နာရမည့် ညွှန်ကြားချက်မူကြမ်းများအပေါ် လေ့လာသုံးသပ်အကြံပြုရန်၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်များအား အသိပညာပေးခြင်းလုပ်ငန်းစဉ်များအတွက်လည်း အကြံပြုကြရန်နှင့် ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း။

ရွေးကောက်ပွဲများသည် လွတ်လပ်မျှတမှုရှိစေရန်၊ ပွင့်လင်းမြင်သာမှုရှိစေရန်နှင့် အများယုံကြည်လက်ခံနိုင်ရန်အတွက် ဥပဒေများနှင့်ပတ်သက်ပြီး သိရှိအောင်လေ့လာထားကြစေလိုကြောင်း၊ ဥပဒေကို လေးစားလိုက်နာကြရန်နှင့် ဥပဒေဖြင့် အကာအကွယ်ရယူကြရန် ပြောကြားလိုကြောင်း၊ ယနေ့တွေ့ဆုံဆွေးနွေးပွဲကို ဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးသော မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ် MMDP ကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာပါတီစုံဒီမိုကရေစီအစီအစဉ် (MMDP)မှ အစီအစဉ်ညှိနှိုင်းရေးမှူး ဒေါ်ခင်သဇင်မြင့်က ဆွေးနွေးမည့် အကြောင်းအရာများ၊ ရည်ရွယ်ချက်များနှင့် ရလဒ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများက ရွေးကောက်ပွဲကော်မရှင်၏ အခန်းကဏ္ဍနှင့်လုပ်ပိုင်ခွင့်ကို အကျဉ်းချုပ်ပြောကြားပြီး မဟာဗျူဟာစီမံကိန်းတွင် ပါဝင်သည့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ပြည်သူများနှင့် မဲဆန္ဒရှင်များကို အသိပညာပေးခြင်း၊ နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဥပဒေစည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် EU- ESP မှ ရွေးကောက်ပွဲဆိုင်ရာပညာရှင် Mr. Xavier Noc က လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စဉ်တစ်ခု၏ မပါမဖြစ်အရေးကြီးသည့် အကြောင်းအရာများကို အကျဉ်းချုပ်တင်ပြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ ပူးပေါင်း၍ ဆောင်ရွက်ခြင်း ခေါင်းစဉ်ဖြင့် ဆွေးနွေးခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာခြင်း၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ပြည်သူနှင့် မဲဆန္ဒရှင်များအား အသိပညာပေးခြင်း စသည်များနှင့်စပ်လျဉ်း၍ အဖွဲ့ခွဲကာ ဆွေးနွေးကြသည်။

ယင်းနောက် အဖွဲ့လိုက် ဆွေးနွေးချက်များကို တက်ရောက်လာကြသူများအား တင်ပြပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြားဖြတ်ရွေးကောက်ပွဲအကြောင်းနှင့် လက်ရှိရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းအပြောင်းအလဲများကို တင်ပြခြင်း၊ နိုင်ငံရေးပါတီများနှင့် ရွေးကောက်ပွဲအကြောင်း ဆွေးနွေးကြကာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တစ်သီးပုဂ္ဂလပါတီ ကိုယ်စားလှယ်များ၊ Danish Institute for Parties and Democracy-DIPD နှင့် မြန်မာပါတီစုံဒီမိုကရေစီ အစီအစဉ် (MMDP) မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ရာဇာမင်းမှန်လုံယာဉ်မှယာဉ်မောင်း လိုင်စင်ပိတ်သိမ်းခံထားရသည့် ကာလအတွင်း ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်တက်ရောက်မောင်းနှင်ကြောင်းပေါ်ပေါက် ယာဉ်မောင်းလိုင်စင် ရာသက်ပန်ပိတ်သိမ်းနိုင်သည်အထိ အရေးယူရန်ဆောင်ရွက်နေ

နေပြည်တော် မေ ၁၅

မေ ၁၂ ရက် ညနေ ၆နာရီ ၄၅ မိနစ်က ၁၄ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့သည့် ရာဇာမင်းမှန်လုံယာဉ် တိမ်းမှောက်ခဲ့မှုဖြစ်စဉ်တွင် အဆိုပါယာဉ်ကို မောင်းနှင်သူမှာ ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းခံထားရသူဖြစ်ကြောင်း သိရပြီး ၄င်းအား ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းသည်အထိ အရေးယူနိုင်ရေးဆောင်ရွက်ထားကြောင်း သိရသည်။

ရာသက်ပန်ပိတ်သိမ်း

ရာဇာမင်းမှန်လုံယာဉ်၏ ယာဉ်မောင်း ဦးမင်းခန့်(ခ) ထွန်းခန့်စိုးသည် ၂၀၁၁ခုနှစ် အောက်တိုဘာ ၂၃ ရက်တွင် ရန်ကုန်မြို့ တောင်ဥက္ကလာမြို့နယ်အတွင်း ၄င်းမောင်းနှင်သောယာဉ်ဖြင့် ဆလွန်းယာဉ်နှင့် လိုက်ထရပ်ယာဉ်တို့ကို တိုက်မိခဲ့သဖြင့် ၄င်း၏ယာဉ်မောင်းလိုင်စင်အမှတ် င/၁၃၀/၁၁ကို သုံးနှစ်ပိတ်သိမ်းခံထားရသူဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင် ယာဉ်မောင်းလိုင်စင်ပိတ်သိမ်းခံထားရသည့်ကာလအတွင်း ယာဉ်မောင်းလိုင်စင်မရှိဘဲ ယာဉ်ကိုတက်ရောက်မောင်းနှင်ရာမှ ယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ကာ လူအများသေဆုံး၊ ဒဏ်ရာရရှိစေခဲ့သဖြင့် ၄င်း၏ ယာဉ်မောင်းလိုင်စင်ကို ရာသက်ပန်ပိတ်သိမ်းနိုင်ရေးအတွက် အမြန်လမ်းရဲတပ်ဖွဲ့မှူးရုံးက ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ တင်ပြထားကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**

✳ ***ကျောဖုံးမှ***

ဦးခင်မောင်ထွေး၊ ဦးတင်မောင်ဝင်း၊ ဦးအောင်ကျော်ဇံ၊ ဂိုးနည်းပြအဖြစ် ဦးမောင်မောင်မြင့်၊ ကစားသမားများအဖြစ် ဖိုးမင်းခန့်၊ ဟိန်းဖြိုးဝင်း၊ ရဲရင့်ကို၊ ပြည့်မောင်မောင်၊ မိုးမိုးထွန်း၊ ကျော်လွင်မိုး၊ ဇွဲ သက်ပိုင်၊ မိုးမင်းဇော်၊ ဥက္ကာဘို၊ အောင်ပြည့်ကို၊ ရွှေကို၊ မင်းသူ၊ ဇင်မျိုးထက်၊ သီဟထွန်းကျော်၊ ရဲမင်းသူ၊ နေဦးလွင်၊ ဆန်းဆက်နိုင်၊ ဝေယံ၊ အောင်သက်စိုး၊ အောင်မိုးသူ၊ စောဖောလလေး၊ အောင်ဖြိုးသာ၊ ရဲရင့်အောင်၊ လွင်မိုးအောင်၊ ဖုန်းသစ္စာမင်း၊ စောဌေး၊ ဈာနေရသူ၊ ကျော်ဇင်စိုးနှင့် မြတ်ထွန်းသစ်တို့ပါဝင်ကြသည်။

✳ ***ကျောဖုံးမှ***

ရွှေမြန်မာလေကြောင်းလိုင်းသည် ယခုအသစ်ထပ်မံပျံသန်းပြေးဆွဲပေးမည့် ပြည်တွင်းလေကြောင်းခရီးစဉ်ဖြစ်သည့် မန္တလေး-ညောင်ဦး-ဟဲဟိုး-ကျိုင်းတုံ-တာချီလိတ်-ဗန်းမော်-မြစ်ကြီးနား-ပူတာအို-လားရှိုး-သံတွဲမြို့များသို့ မေ ၂၇ ရက်တွင် စတင်ပျံသန်းပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါခရီးစဉ်သစ်သို့ စတင်ပျံသန်းပြေးဆွဲပေးမည့် ATR-72-600 လေယာဉ်သစ်သည် ပြင်သစ်နိုင်ငံထုတ်ဖြစ်ပြီး Tolous မြို့မှ သုံးညအိပ်ခရီးစဉ်အဖြစ်တိုက်ရိုက်ပျံသန်းခဲ့ပြီး ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ယင်း ATR-72-600 လေယာဉ်သစ်သည် ရွှေမြန်မာလေကြောင်းလိုင်းအနေဖြင့် သုံးစင်းမြောက် ရောက်ရှိလာခြင်းဖြစ်ပြီး ပြည်တွင်းလေကြောင်းလိုင်းအနေဖြင့်မူ ပထမဦးဆုံးစတင် ရောက်ရှိသည့် လေယာဉ်သစ်တစ်စင်းဖြစ်သည်။ ATR-72-600 လေယာဉ်သစ်သည် ယခုနှစ်ထုတ် နောက်ဆုံးပေါ် မိုဒယ်မြင့်လေယာဉ်အမျိုးအစားဖြစ်ပြီး ခရီးသည် ၇၂ ဦးကို တင်ဆောင်ပျံသန်းနိုင်သည်။

"ရွှေမြန်မာလေကြောင်းလိုင်းအနေနဲ့ ပြည်တွင်းခရီးစဉ်အသစ်ကို အခုလို စတင်ပျံသန်းပေးတဲ့ ရည်ရွယ်ချက်ကတော့ ခုနောက်ပိုင်းပိုမိုများပြားလာတဲ့ ပြည်တွင်းခရီးသွားပြည်သူတွေအတွက် အဆင်ပြေစေဖို့ ရည်ရွယ်ပါတယ်။ အထူးသဖြင့် အထက်မြန်မာပြည် မန္တလေးမှာ အခြေစိုက်ပြေးဆွဲပေးမှာပါ။ ခရီးသွားပြည်သူတွေကို အတတ်နိုင်ဆုံး အဆင်ပြေအောင် အထူးလျှော့ဈေးနဲ့ လေယာဉ်လက်မှတ်ခကို ရောင်းချပေးဖို့ စီစဉ်ပေးထားပါတယ်"ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ မန်နေဂျာ ဦးအေးလွင်က ပြောသည်။

ပြောင်းလဲလာသည့် နိုင်ငံ၏ အခြေအနေနှင့် ပိုမိုဖွံ့ဖြိုးတိုးတက်လာသည့် ခရီးသွားပြည်သူများ အဆင်ပြေစေရန် ယခုအခါ ပြည်တွင်းလေကြောင်းခရီးစဉ်များကို မြန်မာ့လေကြောင်းလိုင်း၊ အဲမန္တလေး၊ အဲပုံဂံ၊ ရန်ကုန်အဲဝေး၊ အေးရှားဝင်း၊ မန်းရတနာပုံနှင့် ရွှေမြန်မာလေကြောင်းလိုင်းဟူ၍ ပြည်တွင်းလေကြောင်းလိုင်း ခုနစ်လိုင်းဖြင့် နိုင်ငံတစ်ဝန်း ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။

"ဒီလေယာဉ်က မိုဒယ်လည်းနောက်ဆုံးပေါ်ဖြစ်တယ်။ ပြီးတော့ သူ့မှာက ထူးခြားတဲ့ နောက်ဆုံးပေါ်နည်းပညာကို အသုံးပြုထားတဲ့ ရေဒါတွေပါတယ်။ ဥပမာ ကျရောက်နေတဲ့ ရာသီဥတုကို ထိုးဖောက်မြင်နိုင်တယ်။ မြေကြီးနဲ့ အနီးအဝေး၊ လေယာဉ်ကွင်းနဲ့ ဘယ်လောက်နီးကပ်တယ်၊ ဘယ်အခြေအနေရောက်နေတယ်ကအစ လေယာဉ်မောင်းသူတွေအနေနဲ့ သိမြင်နိုင်တယ်။ ပြီးတော့ ကျွန်တော်တို့နိုင်ငံက ပြည်တွင်းခရီးသည် တင်ဆောင်နိုင်မှုအခြေအနေကအစ လေယာဉ်ကွင်းတွေနဲ့လည်း တက်ဆင်းလုပ်ရတာ ပိုအဆင်ပြေပါတယ်"ဟု ရွှေမြန်မာလေကြောင်းလိုင်းမှ လေယာဉ်မှူး ဦးစိုးရီက ATR 72-600 လေယာဉ်သစ်နှင့်ပတ်သက်၍ ရှင်းပြသည်။

ရွှေမြန်မာလေကြောင်းလိုင်းသည် ၂၀၁၃ ခုနှစ်မှစတင်ပြီး Airbus- A 320 လေယာဉ်ကြီးဖြင့် စင်ကာပူ၊ ဗန်ကောက်မြို့များသို့ စတင်ပျံသန်းပြေးဆွဲခဲ့ပြီး ယခုအခါ ပြည်တွင်းလေကြောင်းလိုင်းသစ်ကို စတင်ပျံသန်းပြေးဆွဲပေးခြင်းဖြစ်သည်။ ယင်းလေကြောင်းလိုင်းအနေဖြင့် မန္တလေး-နေပြည်တော်-ရန်ကုန်- ထားဝယ်-မြိတ်-ကော့သောင်း ခရီးစဉ်များကို ထပ်မံတိုးချဲ့ ပျံသန်းပြေးဆွဲပေးရန် ဇွန်လဒုတိယပတ်တွင်လည်း ပြင်သစ်နိုင်ငံမှ ATR 72-600 ဒုတိယမြောက် လေယာဉ်သစ်ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

Asian Champion Trophy လူငယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန်အတွက် မြန်မာလူငယ် ယူ-၁၆ ကစားသမားများ လေ့ကျင့်နေစဉ်။

ယူရိုပါလိဂ်ဖလား ဆီဗီလာ ဆွတ်ခူး

တူရင် မေ ၁၅

ဆီဗီလာနှင့် ဘင်ဖီကာတို့ မေ ၁၅ ရက် နံနက်ပိုင်းက တူရင်မြို့၌ ယူရိုပါလိဂ်ဖလား ဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်ကစားကြရာ ဆီဗီလာက ပယ်နယ်တီဂိုးများဖြင့် အနိုင်ရရှိကာ ကိုးနှစ်အတွင်း တတိယမြောက် ဖလားအဖြစ် ဆွတ်ခူးနိုင်ခဲ့သည်။ ဆီဗီလာက ပယ်နယ်တီဂိုး လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိလိုက်ခြင်း ဖြစ်သည်။ **မောင်နွေသစ်**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

မလေးရှားရောက် မြန်မာလုပ်သားများအတွက် ပူထရာဂျာရာနှင့် နေပြည်တော်တွင်ဆွေးနွေး

ကွာလာလမ်ပူ မေ ၁၅

မလေးရှားနိုင်ငံရှိ ပါမစ်မရှိသော မြန်မာလုပ်သားများ နေရပ်ပြန်ရေးနှင့် အလုပ်ခန့်ထားရေးတို့အတွက် မြန်မာနိုင်ငံရှိ နေပြည်တော်နှင့် မလေးရှားနိုင်ငံ ဝန်ကြီးဌာနရုံးများ အခြေစိုက် ပူထရာဂျာရာတို့ သဘောတူညီမှုရရှိကြောင်းဖြင့် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Datuk Seri Ahmad Zahid Hamidi က ပြောကြားလိုက်ကြောင်းကို မလေးရှားနိုင်ငံနေ့စဉ်ထုတ် သတင်းစာဖြစ်သော Nation သတင်းစာက ဖော်ပြထားကြောင်း သိရသည်။

အရည်အချင်း ပြည့်မီသော မြန်မာလုပ်သားများအား ခန့်အပ်ထားရှိနိုင်ရန်အတွက် One Stop စင်တာကို လာမည့်လအတွင်း စီစဉ်ပေးရန်ရှိကြောင်း မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီးက ဆက်လက် ပြောကြားခဲ့သည်။ ထို့အပြင် နေရပ်သို့ပြန်လိုကြသည့် မြန်မာနိုင်ငံသားများ မြောက်မြားစွာ ရှိနေကြသဖြင့် One Stop စင်တာအနေဖြင့် နေရပ် ပြန်လိုသူများအတွက် အထောက်အထားများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Datuk Seri Ahmad Zahid Hamidi က ပြောကြားရာတွင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဖမ်းဆီးထားသော တရားမဝင် မြန်မာလုပ်သားများအတွက်လည်း နှစ်ရှည်လများစွာ အချိန်ယူ နေရပ်ပြန်ပို့ရမည့် ပြဿနာများကို နှစ်နိုင်ငံအစိုးရအနေဖြင့် ဤကဲ့သို့ဖြေရှင်းခြင်းဖြစ်ကြောင်း ပြောကြားလိုက်သည်။

မလေးရှားနိုင်ငံရှိ အကျဉ်းထောင်များတွင် လက်ရှိ မြန်မာနိုင်ငံသားဦးရေ ၁၂၀၀၀ ရှိနေကြောင်းသိရပြီး အချို့ မြန်မာလုပ်သားများမှာ အကျဉ်းထောင်များအတွင်း ခြောက်လခန့်ကြာမြင့်ပြီဖြစ်သော်လည်း မြန်မာအာဏာပိုင်များဘက်မှ လိုအပ်သော အထောက်အထားများ မထုတ်ပေးနိုင်ခဲ့သဖြင့် အခက်အခဲရှိနေကြောင်း ၄င်းက ပြောကြားခဲ့သည်။

"ကျွန်တော်တို့အနေနဲ့ ဒီကိစ္စကို မြန်မာအစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လိုက်ရလို့ ဝမ်းသာပါတယ်၊ မလေးရှားနိုင်ငံက တကယ်လိုအပ်တဲ့ နေရာတွေမှာ လုပ်သားအင်အား နည်းနေပါတယ်၊ လူသားချင်းစာနာထောက်ထားပြီး စဉ်းစားပေးဖို့လည်း လိုသလို၊ လုံခြုံရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးမှာတော့ မဟုတ်ပါဘူး" ဟု မလေးရှားနိုင်ငံ မီဒီယာတွေ့ဆုံပွဲတွင် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Datuk Seri Ahmad Zahid Hamidi က ပြောကြားလိုက်သည်။

မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး Datuk Seri Ahmad Zahid Hamidi နှင့် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့သည် Diamond Palace Service Co.,Ltd. နှင့် Bukit Megah Sdn Bhd ကုမ္ပဏီတို့၏ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည်။

ကုမ္ပဏီတို့၏ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးခြင်းသည် နှစ်ဖက်အာဏာပိုင်များ၏ ဇီဝဗေဒအထောက်ထားကောက်ယူခြင်း၊ စာရင်းပြုစုခြင်း၊ တရားမဝင်မှ တရားဝင်စေခြင်း၊ အထောက်အထား မရှိသူများအား နေရပ်ပြန်ပို့ခြင်း ကိစ္စရပ်များ ပါဝင်ကြောင်းနှင့် မလေးရှားပြည်ထဲရေး ဝန်ကြီးဌာန၏ မှတ်တမ်းအရ မလေးရှားနိုင်ငံတွင် တရားဝင်/မဝင် စုစုပေါင်း ၁၄၄၀၀၀၊ UN ကတ်ကိုင်ဆောင်သူနှင့် အခြားသူဦးရေ ၁၂၀၀၀၀ ရှိနေကြောင်းဖြင့် မလေးရှားနိုင်ငံ ပြည်ထဲရေးဝန်ကြီး၏ ပြောကြားချက်ကို မေ ၁၄ ရက်တွင် နေ့စဉ်ထုတ် Nation သတင်းစာက ဖော်ပြခဲ့သည်။

Bukit Megah မှ အမှုဆောင်ကော်မတီ ဥက္ကဋ္ဌ Datuk Abdul Halim Suleiman ကလည်း အလုပ်သမားများအတွက် မှတ်ပုံတင်လုပ်မည်ဟု မျှော်လင့်ထားသော အလုပ်ရှင်များရှိနေခြင်းကြောင့် One Stop စင်တာကို မြို့တော် Kuala Lumpur, Petaling Jaya, Jorhor မြို့နှင့် Penang မြို့များတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စိုးဝင်း(SP)

Centre for Myanmar nationals

Putrajaya and Nay Pyi Taw working to document foreign workers here

MAZWIN NIK ANIS

မေ ၁၄ ရက်နေ့ထုတ် Nation သတင်းစာတွင် ဤသို့ဖော်ပြထားသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်ထောင်စုဝန်ကြီး မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲတက်ရောက်

နေပြည်တော် မေ ၁၅

ကျေးလက်နေ ပြည်သူများ၏ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန်၊ တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်းဖြင့် စားနပ်ရိက္ခာ ဖူလုံလာစေရန်နှင့် အာဟာရပြည့်ဝစေရန်၊ ကျေးလက်ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်နှင့်ကျေးလက်လူထု၏ စွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်ချက်များဖြင့် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနမှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ် ၁၂၅ မြို့နယ်ရှိ ကျေးရွာ ၁၁၅၀ တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အကောင်အထည်ဖော်ရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၁၃ ရက်က မြစ်ကြီးနားမြို့ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သင်တန်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်တက်ရောက်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးမှုကွာဟချက်များကျဉ်းမြောင်းစေရေး ရည်မှန်း၍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်များကို တစ်နိုင်ငံလုံးတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပြည်သူဗဟိုပြုနည်းလမ်းဖြင့် သက်ဆိုင်သူအားလုံး ပါဝင်ဆောင်ရွက်နိုင်မည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ကို ပြည်တွင်းပြည်ပ ပညာရှင်များဖြင့် ပူးပေါင်းရေးဆွဲခဲ့ပြီး မူဘောင်ပါ လုပ်ငန်းစဉ်များကို အကောင်အထည်ဖော်လျက်ရှိကြောင်း။

မဟာဗျူဟာမူဘောင်ပါ အဂ္ဂမဟာဗျူဟာ ငါးရပ်နှင့်အညီ မြစိမ်းရောင် ကျေးရွာစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျေးရွာသူ ကျေးရွာသားများအနေဖြင့် မိမိတို့ကျေးရွာဖွံ့ဖြိုးရေး၊ မိသားစုဝင်ငွေတိုးပွားရေးလုပ်ငန်းများကို အများသဘောတူ ဆွေးနွေးညှိနှိုင်းတိုင်ပင်ဆုံးဖြတ်၍ ကိုယ်တိုင်စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် အရင်းမပျောက် လည်ပတ်ရန်ပုံငွေထူထောင်၍ စီမံကိန်း ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးမည်ဖြစ်ပြီး ကျေးရွာသူ ကျေးရွာသားများ၏ စွမ်းဆောင်ရည် မြင့်မားစေရန်အတွက် သင်တန်းများ၊ နည်းပညာဆိုင်ရာအကူအညီများကို ပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ ကျေးရွာလူထုမှ ကိုယ်တိုင်စီမံခန့်ခွဲ အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင် ကျေးရွာစီမံကိန်း အောင်မြင်စေရန်အတွက် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများက လိုအပ်သည်များကူညီ ပံ့ပိုးပေးရမှာဖြစ်ကြောင်း၊ ထို့အတွက် မိမိတို့ဝန်ထမ်းများအနေဖြင့် စီမံကိန်းသဘောတရားများ၊ စီမံခန့်ခွဲမှု နည်းလမ်းများ၊ ရန်ပုံငွေလည်ပတ်မှုနည်းလမ်းများ ကို ကျေကျေညက်ညက် သိရှိနားလည်ဖို့ လိုအပ်သည့်အတွက် ဒီသင်တန်းကို ဖွင့်လှစ်ပို့ချရခြင်း ဖြစ်ကြောင်း၊ တက်ရောက်လာကြသော သင်တန်းသား သင်တန်းသူများအနေဖြင့် ကြိုးစားလေ့လာသင်ယူ၍ မိမိတို့ လုပ်ဖော်ကိုင်ဖက် ဝန်ထမ်းများ၊ ကျေးရွာသူ ကျေးရွာသားများအား ဆင့်ပွားသင်ကြားပေးရန် လိုအပ်ကြောင်း ပြောကြားခဲ့သည်။

တက်ရောက်

အဆိုပါ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်ရှိ ကျေးရွာ ၄၂ ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ သင်တန်းသို့ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ဦးစီးမှူးများနှင့် စီမံကိန်းကျေးရွာများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၃ ဦးတက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သတ္တမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာလူငယ်ဖွံ့ဖြိုးရေးသင်တန်းဖွင့်

မြိုင် မေ ၁၅

တောင်ကြီးမြို့ မင်းကျောင်းပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တနာယက သာသနာဓဇမ္မောစရိယ ဂန္ထဝါစကပဏ္ဍိတ၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများနှင့်ခန်တောကျောင်းတိုက်သာသနာ့အကျိုးတော်ဆောင်အဖွဲ့တို့က ဦးစီး၍ သတ္တမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာလူငယ်ဖွံ့ဖြိုးရေးသင်တန်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့အမှတ်(၃)ရပ်ကွက် ခန်တောကျောင်းတိုက်၌ ဧပြီ ၂၉ ရက်မှ မေ ၈ ရက်အထိ ရှင်သာမဏေအပါး ၈၀၊ သီလရှင် ၈၈ ပါး၊ ယောဂီ ၁၅ ဦး စုစုပေါင်း ၁၈၃ ဦးတို့ တက်ရောက်သင်ကြားခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(၁၃၅)

ဆားလင်းကြီးမြို့နယ်တွင် အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ ပေးအပ်

ဆားလင်းကြီး မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E) ရှိသော အိမ်ထောင်စုများသို့ DVB -T2 Set Top Box များ ပထမအကြိမ် အခမဲ့ပေးအပ်ပွဲ အခမ်းအနားကို မေ ၁၂ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ငွေသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျေးလက်နေပြည်သူများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ဆားလင်းကြီးမြို့နယ်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့်(E) ရှိသော အိမ်ထောင်စုများ၊ ဆေးရုံ ဆေးခန်းများ၊ စာသင်ကျောင်းများ၊ မိဘမဲ့၊ လူအိုရုံ၊ မသန်စွမ်းကျောင်းများ၊ ပြည်သူ့စာကြည့်တိုက်များ၊ သိပ္ပံ၊ ကောလိပ်၊ တက္ကသိုလ်ကျောင်းများ၊ အများပြည်သူကြည့်ရှုရန်နေရာများ၊ သာရေး၊ နာရေး၊ လူမှုရေးအသင်းများသို့ DVB- T2 Set Top Box အလုံးရေ ၁၇၈၂ လုံးကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနေဝင်း၊ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ မြို့ပေါ်(၃)ရပ်ကွက်မှ အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အထူးသီးသန့်ရန်ပုံငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများတွင် ကျေးရွာခုနစ်ရွာမှ မြေသားကန်များ ပြန်လည်တူးဖော်

မိတ္ထီလာ မေ ၁၅

မိတ္ထီလာခရိုင်အတွင်းရှိ မိတ္ထီလာ၊ မလှိုင်၊ သာစည်၊ ဝမ်းတွင်းမြို့နယ်များမှ ကျေးရွာပေါင်း ၅၀ တို့တွင် သောက်သုံးရေအခက်အခဲမရှိစေရန် ကျေးလက်ရေရရှိရေးအတွက် မြေသားကန်များ ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းပေါင်း ၅၁ ခုကို အထူးသီးသန့်ရန်ပုံငွေဖြင့် မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မိတ္ထီလာခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြေသားကန်များ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မိတ္ထီလာမြို့နယ်တွင် လိန်တော၊ ဆူးဖြူကွက်၊ ပျော်ဘွယ်၊ ဝက်ကျောက်၊ မန်ကျည်းတန်း၊ ညောင်ပင်သာ၊ သဖန်းပင်ရိုးကျေးရွာများ၌ နွေရာသီတွင် သောက်သုံးရေများအခက်အခဲမရှိစေရန်၊ မိုးရာသီတွင် ကန်ရေများ ပြည့်ဝစွာသိုလှောင်ထားနိုင်ရန်အတွက် မြေသားကန်များကို ပြန်လည်တူးဖော်ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုကို မေ ၁၃ ရက်က တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်အေး၊ ဦးစောငွေးတို့နှင့်အတူ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆွေတို့က ကွင်းဆင်းကြည့်ရှုရာ တာဝန်ရှိသူများက မြေသားကန်များ ပြန်လည်တူးဖော်နေမှုကို ရှင်းလင်းတင်ပြခဲ့ကြသည်။

အဆိုပါ မြေသားကန်များ ပြန်လည်တူးဖော်ပြီးစီးပါက ကျေးရွာခုနစ်ရွာမှ ကျေးလက်နေပြည်သူ ၃၅၀၀ ကျော်တို့ မိုးရာသီတွင် ရေကိုပြည့်ဝစွာ သိုလှောင်ထားနိုင်ပြီဖြစ်ပြီး နွေရာသီတွင် သောက်သုံးရေလုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။ **သိန်းမြင့်ကျော်(မိတ္ထီလာ)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၅-၅-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၄၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၂၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ် ၇၁၄
ဒီဇယ်	တစ်လီတာ	ကျပ် ၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ် ၉၄၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ် ၁၁၁၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၉၉၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၇၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၉၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၃၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၇၅၀၀-၂၀၀၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၇၀၀၀-၈၅၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၀၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၆၀-၉၇၁
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၂-၁၃၄၀
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၆၅
ထိုင်း	တစ်ဘတ်	ကျပ် ၂၉.၈-၃၀.၂
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၄.၉-၁၅.၆
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၀
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၉-၃၀၄

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

မိုးဆန်(ဧည့်ာအသစ်)	တစ်အိတ်	၁၆၅၀၀
ပေါ်ကြွဲ(အသစ်)	တစ်အိတ်	၂၀၅၀၀
ပေါ်ဆန်း(အသစ်)	တစ်အိတ်	၂၅၀၀၀-၂၉၅၀၀
မြေပဲဆီ	တစ်ပိဿာ	၃၂၀၀
စားအုန်းဆီ	တစ်ပိဿာ	၁၅၈၅
ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၂၅၀-၄၆၀
ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၅၀၀
ကြက်သွန်ဖြူ(ကြုံကုတ်)	တစ်ပိဿာ	၁၃၅၀
အာလူး(အောင်ပန်း)	တစ်ပိဿာ	၃၆၀-၆၁၀
ငရုတ်ရှည်(ညောင်ရမ်းမိုး)	တစ်ပိဿာ	၂၄၀၀-၂၅၀၀
ငရုတ်ပွ(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၈၀၀-၅၀၀၀
သကြား	တစ်ပိဿာ	၈၈၀-၉၂၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ | ခင်ဆိုင်-ဓာတ်ပုံ/စေ့ငုတင်ပြသည်။

မိုးဦးကျပြီဖြစ်သော်လည်း အုတ်ခဲများအရောင်းသွက်နေ

ပြင်ဦးလွင် မေ ၁၅

ယခုနှစ်သည် ပြင်ဦးလွင်ဒေသ၌ ယခင်နှစ်များကထက်စော၍ မိုးရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဆောက်လုပ်ရေးလုပ်ငန်းသုံး လက်ရိုက်၊ စက်ရိုက်အုတ်များမှာ အရောင်းသွက်ဆဲဖြစ်ကြောင်း သိရသည်။ အုတ်ခဲတစ်လုံးလျှင် နေရာယူဈေး (ပင်ရင်းအုတ်ကွင်း) ငွေကျပ် ၇၀ ဖြစ်ပြီး လိုက်လံပို့ဆောင်ရပါက အနီးအဝေးအလိုက် ဈေးကွာခြားမှုနှင့် တင်ခချခတို့အပေါ်မူတည်၍ အုတ်ခဲတစ်လုံးလျှင် ငွေကျပ် ၁၀၀ မှ ၁၁၀ အထိ ဈေးနှုန်းရှိကြောင်း သိရသည်။

ယခုလက်ရှိ ပေါက်ဈေးမှာ သက်နုအုတ်၊ (ယခုနှစ်ရိုက်အုတ်) များသာဖြစ်ပြီး သက်ရင့်အုတ်(ယခင်နှစ်များကရိုက်ထားသောအုတ်) ဈေးနှုန်းမှာ ယခုထက် ပိုမိုသည်။ အုတ်ကွင်းများတွင်လည်း သက်ရင့်အုတ်များ လက်ကျန်မရှိတော့ဘဲ သက်နုအုတ်များကိုသာ ဝယ်ယူသုံးစွဲနေကြရသည်။

ပြင်ဦးလွင်ဒေသထွက် အုတ်များမှာ ဖြုန်းသဲနှင့်ထုံးတို့ အချိုးကျ ရောစပ်ပြီး ပုံစံခွက်အတွင်းရိုက်နှိပ်၍ နေလှန်းရသော အုတ်အမျိုးအစားဖြစ်သည်။ နှစ်ကာလကြာရှည်လေ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့ဖြင့် ပိုမိုမာကျောခိုင်ခံ့ပြီး လူကြိုက်များကြသည်။ ယခုအခါ ထုံးဖုတ်ရာတွင် အသုံးပြုသော ထုံးထင်းများရှားပါးလာမှုကြောင့် ထုံးဈေးများတက်ကာ အုတ်ဈေးနှုန်းများလည်း မြင့်မားလာခဲ့ရသည်။

မန္တလေးနှင့် မတ္တရာမြို့တို့မှ ထွက်သော မီးဖုတ်အုတ်များမှာ လှပသေသပ်သော်လည်း အရွယ်ပမာဏ သေးငယ်ခြင်း၊ သယ်ယူစရိတ်မြင့်မားခြင်းတို့ကြောင့် ဒေသထွက်အုတ်များကိုသာ အသုံးများဆဲဖြစ်သည်။ ထို့အပြင် မန္တလေးအုတ်များမှာ သေးငယ်၍ လုပ်ငန်းခွင်၌ အချိန်ကြာမြင့်စွာ အုတ်စီရခြင်း၊ ထုံး၊ သဲ၊ ဘိလပ်မြေ အစရှိသည်တို့ ပိုမိုကုန်ကျလာသောကြောင့်လည်း ယနေ့ထက်တိုင် ဒေသထွက်နေလှန်းရိုက်အုတ်များကို လူကြိုက်များနေဆဲဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

နတ်လူသာခုခေါ်စေသော်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ကံ့ကော် ၄ လမ်း၊ အမှတ် ၂၁၆နေ မိခင် ဒေါ်အေးအေးသိန်း၊ သား-ဦးသူရိန်မြင့်ရွှေ-ဒေါ်စန္ဒာတင်ထွန်း (ဇော်ဂျီကုမ္ပဏီ)မိသားစုမှ ကွယ်လွန်သူ ဖခင်ကြီး ဗိုလ်မှူးမြင့်ရွှေ(ငြိမ်း) စစ်တက္ကသိုလ်အပတ်စဉ် (၉)အား ရည်စူး၍ ဒဂုံမြို့နယ်(အရှေ့ပိုင်း)၊ အမှတ် (၂)အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်းမေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း၊ အတွင်းလူနာ (ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ၁၆၀၀၀၀၀ိ/-(ကျပ်တစ်ဆယ့်ခြောက်သိန်းတိတိ)ကို လှူဒါန်းခဲ့ပါသည်။ အဆိုပါလှူဒါန်းခြင်းအား ရပ်ဝေးရပ်နီးရှိဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့က သာခု အနုမောဒနာ ခေါ်ဆိုနိုင်ပါရန် အသိပေးအပ်ပါသည်။

ငှားရန်ရှိသည်

ကမ်းရိုးတန်းသွား TUG BOAT တစ်စီး

ငှားရန်ရှိသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၇၈၆၅၆

သူရ (၆၃)သူငယ်ချင်းများသို့

၁။ ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၃)သူရတပ်ခွဲ၏ (၃၂)နှစ်မြောက်နှစ်ပတ်လည်အထိမ်းအမှတ်အတွက် ဘုန်းကြီးဆွမ်းကပ်ခြင်း၊ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းနှင့် ဂေါက်သီးကစားခြင်းများကို အောက်ပါအတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ သူငယ်ချင်းများ အားလုံးပါဝင်ကြပါရန် ဖိတ်ကြားအပ်ပါသည်-

(က) ၂၅-၅-၂၀၁၄ရက် (တနင်္ဂနွေနေ့) ၁၂း၃၀နာရီတွင် တောင်ဥက္ကလာပဂေါက်ကွင်း၌ ဂေါက်သီးကစားပါမည်။

(ခ) ၂၉-၅-၂၀၁၄ရက် (ကြာသပတေးနေ့) ၁၀း၀၀နာရီတွင် ထေရဝါဒဗုဒ္ဓတက္ကသိုလ်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းမည်ဖြစ်ပါသည်။

(ဂ) ၃၁-၅-၂၀၁၄ရက် (စနေနေ့) ၁၈း၀၀နာရီတွင် Panda Hotel၊ ရန်ကုန်မြို့၌ ဆရာကန်တော့ခြင်း၊ ပညာရည်ချွန်ဆုပေးခြင်း၊ မိတ်ဆုံညစာစားခြင်းပြုလုပ်ပါမည်။

၂။ အစီအစဉ်အသေးစိတ်မေးမြန်းနိုင်ရန်၊ ၂၀၁၃ခုနှစ်တွင် အခြေခံပညာအထက်တန်းကို ဂုဏ်ထူးဖြင့်အောင်မြင်သော သားသမီးများ၏ အမည်စာရင်းပေးပို့နိုင်ရန် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရန်အတွက် ဖုန်း-၀၉-၆၈၀၁၀၈၃၊ ၀၉-၅၁၂၅၈၆၀၊ ၀၉-၅၀၁၉၅၀၀၊ ၀၉ ၅၃၂၁၉၁၉၊ ၀၉-၄၃၀၈၉၁၀၀၊ ၀၉-၈၆၀၀၈၉၁တို့သို့ ဆက်သွယ်ကြပါရန်။

သူရ (၆၃)ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂၃၊ မြေကွက်အမှတ် ၄၂၇၊ မြေကွက်အကျယ် ပေ(၄၀×၆၀) သည် ဦးသန်းထွန်းအောင် အေအေ-၁၂၅၅၂၅ (၁၂/ဥကမ(နိုင်)၀၃၀၂၁၀) အမည်ပေါက် ပါမစ်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ပိုင်ရှင်ထံမှ စာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူထားသူ ဦးထွန်းထွန်း ၁/မညန(နိုင်) ၀၈၀၈၁၉ ထံမှ အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်မှ အပြီးအပိုင်ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများယူဆောင်၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်သည် အတည်ဖြစ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးဦး ၁၂/စခန(နိုင်)၀၄၁၇၆၉

H-122၊ ရွှေသရဖီ ၃လမ်း၊ FMI CITY ၊ လှိုင်သာယာမြို့နယ်၊

ဖုန်း-၀၉-၃၁၃၀၄၃၈၆

ကိုမျိုးမင်းအတွက် မွေးနေ့ဆုတောင်း

၁၆-၅-၂၀၁၄ရက်တွင် ကျရောက်သောချစ်ခင်ပွန်း ကိုမျိုးမင်း၏ မွေးနေ့ရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် မိသားစုဘဝကို အောင်မြင်စွာလျှောက်လှမ်းရင်း သာယာလှပတဲ့မိသားစုဘဝကို ချစ်ဇနီး၊ သမီးများနှင့်အတူ ပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းမေတ္တာပို့သလျက်-

ချစ်ဇနီး - ကေဇင်ဖြိုး(ခ)ကေဇင်မျိုးမင်း

သမီးကြီး - အမြဲတေ ကေဇင်မျိုးမင်း

သမီးငယ် - Evelyn ကေဇင်မျိုးမင်း

မေ ၁၄ ရက် မွန်းလွဲ ၂ နာရီမှ ၃ နာရီအကြား တစ်နာရီနီးပါးကြာသည်အထိ မိုးရွာသွန်းမှုကြောင့် တာမွေမြို့နယ် ဗလီထိပ်မှ လမ်းဆုံ(ယခင်တာမွေအဝိုင်း)အထိ သမိန်ဗရမ်းလမ်းမကြီးတစ်လျှောက် မိုးရေများ တစ်ပေခန့်မှ နှစ်ပေခန့်အထိ တင်လျက်ရှိသည်ကို တွေ့ရစဉ်။ တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဝိညာဉ်ငှက်စာအုပ် စာကြည့်တိုက်များသို့လှူဒါန်း

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး H.E.Mr. Hagay Moshe Bchar သည် မေ ၈ ရက်နှင့် ၉ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီးသို့ သွားရောက်ပြီး ခရီးစဉ်အတွင်း ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်အား သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆိုင်ရာ စီးပွားရေး၊ ကူညီထောက်ပံ့ရေးနှင့်အတူ အထူးတလည် စိုက်ပျိုးရေး နယ်ပယ်သင်တန်းတိုးတက်မှုဆိုင်ရာ နည်းလမ်းဖလှယ်ရေးများကို ဆွေးနွေးခဲ့ကြသည်။

ထိုခရီးစဉ်တွင် သံအမတ်ကြီးက အစ္စရေးသံရုံးမှ ပညာရေးဆိုင်ရာ အထူးစီမံချက် ဝိညာဉ်ငှက်စာအုပ်ကို မိတ်ဆက်ပြသခဲ့သည်။ အခမ်းအနားတွင် သံရုံးမှ ဝိညာဉ်ငှက်ဘာသာပြန်စာအုပ် ၆၀၀ ကျော်(မြန်မာ၊ ချင်း၊ ကရင်ဘာသာပြန်စာအုပ်များ)ကို ဧရာဝတီတိုင်းဒေသကြီးရှိ ပြည်သူ့စာကြည့်တိုက်များသို့ လှူဒါန်းခဲ့သည်။

မေ ၈ ရက်တွင် ပုသိမ်မြို့နယ်ရှိ စိမ့်စမ်းကျေးရွာ စာကြည့်တိုက်၌ စာအုပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပရာ ဒေသခံ ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ အလားတူ သံအမတ်ကြီးသည် ငပုတောမြို့နယ် အလင်းတန်း စာကြည့်တိုက်သို့ မေ ၉ ရက်က သွားရောက်ခဲ့ကာ ဝိညာဉ်ငှက် မြန်မာဘာသာပြန်စာအုပ် ၁၀၀ နှင့် ကရင်ဘာသာပြန်စာအုပ်များကို လှူဒါန်းခဲ့သည်။

အစ္စရေးသံရုံးသည် ဤပညာရေးဆိုင်ရာ စီမံချက်ကို ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီမှစ၍ ဧရာဝတီစာအုပ်ပွဲတော်တွင် စတင်မိတ်ဆက်ခဲ့ပြီး မြန်မာ၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်း၊ မွန်ဘာသာပြန်စာအုပ်ပေါင်း ၄၀၀၀ ကျော်ကို မြန်မာပြည်တစ်ဝန်းရှိ ပြည်သူ့စာကြည့်တိုက်များသို့ လှူဒါန်းခဲ့သည်။

ဤစီမံချက်၏ အဓိကရည်ရွယ်ချက်မှာ မြန်မာကလေးငယ်များအကြား စာဖတ်ရှိန်တိုးတက်မှုမြှင့်တင်ပေးရန်ဖြစ်သည်။ အစ္စရေးသံအမတ်ကြီး၏ တရားဝင်သွားရောက်ခဲ့သော ခရီးစဉ်များအတွင်းတွင် နေပြည်တော်၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးများသို့လည်း သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်သိန်း

လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများပေးအပ်

ပင်လည်ဘူး မေ ၁၅

ပင်လည်ဘူးမြို့ရှိ လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်ပွဲအခမ်းအနားကို မေ ၁၃ ရက် နံနက် ၈ နာရီက ပင်လည်ဘူးမြို့နယ်စီမံခန့်ခွဲမှုကော်မတီရုံး၌ ကျင်းပရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေး၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းသိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးစန်းလွင်၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် လေဘေးသင့်ပြည်သူများ တက်ရောက်ကြသည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ပင်လည်ဘူးမြို့ပေါ်ရပ်ကွက်နှစ်ခုမှ လေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ငွေနှင့်ပစ္စည်းများ၊ စာသင်ကျောင်းများအတွက် ဘိလပ်မြေနှင့်သွပ်ချပ်များကို ပေးအပ်ခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများသည် လေဘေးကြောင့် ပြိုကျပျက်စီးခဲ့သည့် အင်ကုန်းကျေးရွာ မူလတန်းကျောင်းဆောင်ကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းဖွင့်ချိန်တွင် ကျောင်းသားများ ပညာသင်ယူရန် နေရာအခက်အခဲမရှိစေရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒုတိယဝန်ကြီး ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများသည် လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ငွေနှင့် ပစ္စည်းများ၊ ကျောင်းသုံးလွယ်အိတ်များ၊ စာသင်ကျောင်းနှင့် ဘုန်းတော်ကြီး ကျောင်းများအတွက် ဘိလပ်မြေနှင့် သွပ်ချပ်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ဟိုပင်၌ လေပြင်းတိုက်ခတ်မှုကြောင့် အမကကျောင်းများ ပျက်စီး

ဟိုပင် မေ ၁၅

ကချင်ပြည်နယ် ဟိုပင်မြို့နယ်ခွဲ၌ မေ ၁၃ ရက် ညနေ ၃ နာရီ မိနစ် ၄၀ က ရုတ်တရက် လေပြင်းတိုက်ခတ်မှုကြောင့် ကြာကြီးကွင်းကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ ပညာရာမ မနောသုခဘုန်းတော်ကြီးကျောင်းဝင်းအတွင်းရှိ ၁၂ ပေ ပတ်လည်ရှိ ညောင်ပင်ကြီးအမြစ်မှလဲ၍ ဘုရားရေသွန်းကျောင်းကိုပိပြီး ပျက်စီးသွားခဲ့သည်။

ထို့ပြင် ရှမ်းကုန်းကျေးရွာ အမကကျောင်းရှိ သွပ်အချက် ၂၀ ခန့် ပြုတ်ကျသွားကြောင်း၊ ရွာသစ်ကြီးကျေးရွာအုပ်စု ဘုန်းကြီးစခန်းကျေးရွာ ၁၈ ပေ၊ ပေ ၉၀ ရှိ အမကကျောင်းဆောင်ဟောင်းအလယ်သို့ ပေ ၃၀ ခန့်ရှိ သစ်ပင်ပိ၍ ကျောင်းဆောင်ယိမ်းယိုင်သွားကြောင်း လူနှင့်တိရစ္ဆာန်များ အသေအပျောက် မရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)



တစ်ဦးတည်းဖြစ်ပါကြောင်း

ဦးမြတ်သူရ ၁၂/တကန(နိုင်)၀၅၉၂၀၀၏သား အထက-မြို့မ၊ တိုက်ကြီး၊ အဌမတန်း(A)အောင်မှ မောင်ကျော်ဆုသွေးနှင့် မောင်မြတ်ဘုန်းအောင်တို့မှာ တစ်ဦးတည်း ဖြစ်ပါသည်။

မောင်ကျော်ဆုသွေး(ခ)မောင်မြတ်ဘုန်းအောင်

ပျောက်ဆုံးခြင်း

ကျွန်တော် မောင်တလွန်ကျင်းထန် ၄/ဟခန(နိုင်)၀၂၄၀၅၂၏ နိုင်ငံကူးလက်မှတ် အမှတ်၁၁၄၅၅၂သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၄၅၀၀၅၅၇၃၄

ဇနီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာနေ ကျွန်တော်မောင်မြင့်နိုင် ၁၀/ဘလန(နိုင်)၀၆၄၈၃၁၏ဇနီး ဝေါမြို့နယ်၊ အဘားကျေးရွာနေ မအေးအေးအောင်(ခ) မစုလှိုင် နှင်း ၇/ဝမန(နိုင်)၁၆၈၇၆၈ သည် ၃-၄-၂၀၁၄ ရက်တွင် ခင်ပွန်းဖြစ်သူအား အသိပေးခြင်းမရှိဘဲ မိမိ၏ သဘောဆန္ဒအလျောက် နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝတာဝန်ယူမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

မောင်မြင့်နိုင်
၁၀/ဘလန(နိုင်)၀၆၄၈၃၁
ဖုန်း-၀၉-၄၂၅၂၆၄၆၅

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်မ၏သား မောင်ထွန်းအောင်ကျော် ၁၂/လမန(နိုင်)၁၅၉၃၄၃သည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သားအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သော ကိစ္စအဝဝသည် မိဘများနှင့် လုံးဝသက်ဆိုင်ခြင်းမရှိတော့ပါ။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)
မိခင်-ဒေါ်မြင့်မြင့်စန်း
၁၂/လမန(နိုင်)၀၈၃၁၀၄

ဘဏ္ဍာရေးဝန်ကြီးဌာန
နေပြည်တော်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၏ ဌာနအဖွဲ့အစည်းများတွင် အသုံးပြုရန်အတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

	ပစ္စည်းအမျိုးအမည်	ပစ္စည်းအရေအတွက်	တင်ဒါပိတ်ရက်
(က)	ကွန်ပျူတာ၊ ပရင်တာနှင့် ဆက်စပ်ပစ္စည်းများ	(6423)Items	၁၀-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ
(ခ)	မီးစက်နှင့်ဆက်စပ် ပစ္စည်းများ	(886)Items	၁၀-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ
(ဂ)	Video Cameraနှင့် ဆက်စပ်ပစ္စည်းများ	(258)Items	၁၀-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ
(ဃ)	လေအေးစက်နှင့် ဆက်စပ်ပစ္စည်းများ	(125)Items	၁၀-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ
(င)	ဘဏ်လုပ်ငန်းသုံး ဆက်စပ်ပစ္စည်းများ	(1001)Items	၁၀-၆-၂၀၁၄ရက် မွန်းတည့် ၁၂နာရီ

၂။ တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူမည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါသည်။

ဘဏ္ဍာရေးဝန်ကြီးဌာန
ရုံးအမှတ်(၂၆)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၁၉၁

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒေါပုံမြို့နယ်၊ ဗမာအေးရပ်ကွက်၊ သမိန်ဗရမ်းလမ်း၊ အမှတ် ၂၂၅ဟုခေါ်တွင်သော နှစ်ခန်းတွဲငါးထပ်တိုက်မှ ပထမထပ်ခြေရင်းခန်းပေ (၁၁½×၄၇)အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် ၎င်းတိုက်ခန်းနှင့်ပတ်သက်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးထွန်းမြင့် ၁၂/ပဇတ(နိုင်)၀၁၅၂၇၀ နှင့် ဒေါ်မြင့်မြင့်ဝင်း ၁၂/ပဇတ(နိုင်)၀၁၄၅၃၉တို့ထံမှ ကျွန်ုပ်ကဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက် အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးစိုး ၁၀/မလမ(နိုင်)၀၂၆၄၄၈
ဖုန်း-၀၉-၈၇၀၀၃၉၀၊ ၀၉-၄၂၁၀၂၁၇၈၉

အမည်ပြောင်းခြင်း

ဦးသိန်းဇော်၏သမီး သရက်မြို့နယ် အလက(ခွဲ) တုတ်ကိုင်းကျေးရွာ ဆဋ္ဌမတန်းကျောင်းသူ မအင်ကြင်းဖြူအား မမေဟန်သီချိုဟု ပြောင်းလဲခေါ်ပါရန်။

မမေဟန်သီချို

မင်္ဂလာဆော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးမြို့၊ ၆၄ လမ်း၊ အမှတ် ဒ-၂/၁၀၉၊ ဗိုလ်မှူးညိုဝင်း(ငြိမ်း)- ဒေါ်ခင်သန်းဦးတို့၏သား

ဗိုလ်ကြီးဇာနည်ညိုဝင်း

M.B.,B.S (DSMA), M.Med.Sc (Ortho)
Dip in Trauma & Ortho (Moscow)

နှင့်

နေပြည်တော်၊ ခြံအမှတ် ၆၊ ဒုဝန်ကြီးအိမ်ရာနေ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးမြင့်ဟန်-ဒေါ်မြမြသူတို့၏ သမီးငယ်

မနှင်းဂျူးဂျူးဟန်

B.E,M.E (Civil) အငယ်တန်းအင်ဂျင်နီယာ-၂
မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၊ သတ္တုတွင်းဝန်ကြီးဌာန

တို့၏ နေပြည်တော် MICC ခန်းမ၌ ၁၁-၅-၂၀၁၄ ရက်တွင် ကျင်းပပြုလုပ်သော မင်္ဂလာဆော်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပေးပါသော နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းအားလည်းကောင်း၊ ၅-၅-၂၀၁၄ ရက်တွင် မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ အသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးသာဌေးနှင့် ဦးမြင့်အောင်တို့အားလည်းကောင်း၊ မင်္ဂလာဆော်ခံပွဲသို့ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်အေးအေးသိန်းအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့များ ပေးပို့ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူနှင့်ဇနီး ဒေါ်ခင်ဆွေမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဇနီး ဒေါ်နုနုဆွေ၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းနှင့်ဇနီး ဒေါ်မြင့်မြင့်စိုး၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ဇော်ဦးနှင့်ဇနီး ဒေါ်ခင်သန်းဌေး၊ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့်ဇနီး၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့်ဇနီး၊ အမြောက်တပ်ဖွဲ့ ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်အေးနှင့်ဇနီး ဒေါ်စိုးစိုးသစ်ညွန့်၊ ဒုတိယတရားသူကြီးချုပ်(ငြိမ်း) ဦးခင်မောင်လတ်တို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးများ ချီးမြှင့်ပေးပါသော ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်နှင့်ဇနီး ဒေါ်ခင်မမ၊ မင်္ဂလာလက်ထပ်လက်စွပ်များ ဆင်မြန်းပေးပါသော ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ထားအိလှိုင်တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးပါသော ပြည်ထောင်စုဝန်ကြီး ဒေါက်တာဦးမြင့်အောင်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ် တရားသူကြီးများ၊ ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအဖွဲ့ဝင်များနှင့်ဇနီးများ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကို၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ၊ ဦးသန်းမြင့်နှင့်ဇနီး ဒေါ်နွဲ့နွဲ့ရီ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစံထွန်းနှင့်ဇနီး ဒေါ်တင်တင်စိန်၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်နှင့်ဇနီး ဒေါ်အေးအေးစန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ငြိမ်း) ဗိုလ်ချုပ်ခင်မောင်မြင့်(ငြိမ်း)၏ဇနီး ဒေါ်ဝင်းဝင်းနု၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ် ဒုကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စန်းဝင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် ဝန်ကြီးဌာနများမှ ညွှန်/ချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် အရာထမ်းအမှုထမ်းများ၊ သူငယ်ချင်းများနှင့် မိတ်ဆွေများ၊ ဂုဏ်သရေရှိလူကြီးမင်းနှင့် နှစ်ဖက်သော ဆွေမျိုးများအားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများ ဆင်မြန်းပေးပါသော ရန်ကုန်မြို့မှ အန်တီလေးနှင့် KN စိန်ရွှေရတနာဆိုင်မှ ကိုကျော်ကိုကိုစိုးနှင့် မနီနီထွေး၊ မင်္ဂလာပန်းခြင်း ကိုင်ဆောင်ပေးသော သမီးငယ်ရတနာဦး၊ မင်္ဂလာပန်းကြဲပေးသော မစုစန္ဒီမောင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးသော မအိဇင်လှိုင်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မထက်ထက်လှိုင်၊ သတို့သားအရံ ဗိုလ်ကြီး ငြိမ်းချမ်းအောင်နှင့် ဗိုလ်ကြီးသက်လှိုင်စိုး၊ သတို့သမီးအရံ မမေဇင်ကျော်နှင့် မခိုင်ဦးဇင်၊ မင်္ဂလာအခမ်းအနားမှူး ဦးကျော်သက်လင်းနှင့် မင်္ဂလာအခါတော်ပေး ဒေါ်မြမြဝင်း (မြန်မာ့အသံ)၊ စောင်း ဦးသက်ဝေ၊ မိတ်ကပ်နှင့် ဆံပင်အလှဆင် ကိုဇင်နှင့်အဖွဲ့၊ ဓာတ်ပုံနှင့် မင်္ဂလာမှတ်တမ်းတင် ကေသီပန်အဖွဲ့အားလည်းကောင်း၊ MICC မှ တာဝန်ရှိသူများ၊ ဘောဂသိဒ္ဓိစားသောက်ဆိုင်မှဝန်ထမ်းများ၊ မင်္ဂလာပွဲတွင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးအား အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

နှစ်ဖက်သော မိဘများနှင့်
ဗိုလ်ကြီး ဇာနည်ညိုဝင်း-မနှင်းဂျူးဂျူးဟန်

ကြော်ငြာ

Developed by UNITED 9P

ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်

68 WE DEFINE LIFESTYLE

❖ ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့် SERVICED RESIDENCE ❖
❖ ဘိုးဘွားပိုင်မြေ တစ်ကောပေါ်ရှိ အထပ်ပေါင်း (၂၅)ထပ်၊ အခန်းပေါင်း (၃၆၀)ခန်း ❖
❖ နိုင်ငံတော်မှ CONDOMINIUM LAW ထွက်ရှိလာလျှင် ဆို CONDOMINIUM LAW အရ မြေပိုင်ဆိုင်မှုကို အခန်းဝယ်ယူသူအားလုံး ရာသက်ပန် စုပေါင်းပိုင်ဆိုင်နိုင်မည့် အခွင့်အရေး ❖
❖ လူကြီးမင်းများအတွက် အလွန်နိုင်မာသော ရင်းနှီးမြှုပ်နှံမှု ❖

စင်ကာပူနိုင်ငံတွင်ကျင်းပပြုလုပ်မည့် 68 RESIDENCE အကြိုရောင်းချခြင်း အခမ်းအနားသို့ ကြွရောက်ကြပါရန်မိတ်ဆွေများအားလုံးကိုဖိတ်ကြားအပ်ပါသည်။

❖ 2014. MAY 24 - 25 (SAT & SUN) ❖

❖ 10AM - 8PM ❖

❖ FOUR SEASONS HOTEL ❖

LEVEL 20, WINDOW EAST ROOM
190 ORCHARD BOULEVARD,SINGAPORE 248646

- ကမ္ဘာ့အဆင့်အတန်းမီနှင့်ဆရာဝန်ပေါင်းတော် (ရန်ကုန်မြို့၏အလယ်ဗဟိုနေရာ)
- အမှုထူးခြားဆန်းပြားသော ဒီဇိုင်းနိုင်း
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော INFINITY SWIMMING POOL AT ROOFTOP & SKY GARDEN
- မြန်မာနိုင်ငံ၏ပထမဦးဆုံးသော ရည်ရွယ်ချက်မျိုးစုံအသုံးပြုနိုင်မည့် DUAL KEY SYSTEM UNIT များ
- တစ်နေရာတည်းတွင် ဧည့်ခန်းနှင့်လူနေအိပ်ခန်းတွဲလျက်ပါရှိမည့် DUPLEX SYSTEM
- အဆင့်မြင့် MAIN DOOR နှင့် လုံခြုံရေး SMART ACCESS SYSTEM
- အဆင့်မြင့်မီးသတ်အန္တရာယ်ကာကွယ်ရေးစနစ်နှင့် အလိုအလျောက်မီးငြိမ်းသတ်စနစ်
- ကမ္ဘာ့အဆင့် CONDOMINIUM နှင့် SERVICED RESIDENCE စီမံခန့်ခွဲမှု
- 24/7 အဆင့်မြင့်လုံခြုံရေးစနစ်များ
- အခန်းတိုင်းအတွက် လုံလောက်သော CAR PARKING များ

FULLY FINISHED FACILITIES

❖ MARBLE/GRANITE FLOOR
❖ INTERNATIONAL STANDARD PARQUET
❖ LOW E-GLASS
❖ BUILT IN KITCHEN WITH CABINET AND OVEN
❖ FULLY FITTED BATH ROOM
❖ DOWNLIGHT LIGHTING FOR WHOLE UNIT
❖ SPLIT TYPE AIRCON
❖ FULLY PAINTED WITH INTERNATIONAL QUALITY PAINT
❖ WARDROBE IN ALL BEDROOMS
❖ HOT & COLD WATER SYSTEM

ROOM TYPES	SQFT
2 BEDROOMS	1000 - 1100 Sqft
2 BEDROOMS + STUDY	1200 - 1300 Sqft
3 BEDROOMS + STUDY	1380 - 1580 Sqft
DUPLEX (3 BEDROOMS + 1)	2100 Sqft
DUAL KEY (2 BEDROOMS + 1 BEDROOM)	2100 Sqft
PENTHOUSE	4350 - 5400 Sqft

အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးပါမည်။

ပထမဦးဆုံး RESERVATION FEES အနေဖြင့် သိန်း(၅၀) ပေးသွင်းပြီး
မိမိကြိုက်နှစ်သက်သည့်အခန်း ရွေးချယ်နိုင်ပါသည်။
7th JUNE တွင် 5%, JULY တွင် 10%, AUGUST တွင် 10% ပေးသွင်းပြီး
ကျန် 70% ကို ၃၆လအတွင်း အညီအမျှခွဲ၍(2%ဝန်ဆောင်ခ) ပေးသွင်းရပါမည်။ နောက်ဆုံးကျန်ငွေ
5%ကို သော့အပ်နှံချိန်၌ အခန်းဝယ်ယူသူများမှ DEVELOPER အား
ပေးသွင်းရပါမည်။

SHOWROOM (COMING IN JUNE): 44A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
PH: 09 4202 88025, 09 4253 10993, 09 730 40513,
09 4500 21758, 09 540 7541, 09 2501 41060

ဟန်လင်းမှ ပျူသင်္ချိုင်းဟောင်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

ကျွန်တော်တို့ လူသားများကွယ်လွန်ကြချိန်တွင် ကျွန်တော်တို့၏ရုပ်ခန္ဓာများအား မီးရှို့လျှင်ရှို့၊ မရှို့လျှင်လည်း မြေမြှုပ်ကြရသည်သာ ဖြစ်ပါသည်။ ကျွန်တော်ကတော့ကျွန်တော်ကွယ်လွန်မည့်အချိန်တွင် ကျွန်တော့်ရုပ်အလောင်းကို ဆေးတက္ကသိုလ်တစ်ခုခုသို့ လှူဒါန်းထားလိုပါသည်။

လောကရှိ သက်ရှိသတ္တဝါများအားလုံးတို့သည် တစ်နေ့နေ့တွင် မလွဲမသွေ သေဆုံးကြရသည်သာ ဖြစ်ပေရာ၊ လူသားများသေဆုံးကြချိန်ဝယ်ရုပ်အလောင်းများကို ယေဘုယျအားဖြင့်မြေမြှုပ်သို့မဟုတ်မီးရှို့လေ့ရှိကြပါသည်။ ဂေါတမမြတ်စွာဘုရားရှင်လက်ထက်တွင် လူသေအလောင်းကောင်များကို မြို့ရိုးအပြင်သို့စွန့်ပစ်မှုများရှိခဲ့ဖူးသကဲ့သို့ယခုမျက်မှောက်ခေတ်တွင်လည်း ပင်လယ်ပြင်အတွင်းစွန့်ပစ်သင်္ဂြိုဟ်မှုမျိုးလည်း တစ်ခါတစ်ရံတွင်ရှိ နေတတ်ပါသေးသည်။

သို့ဖြစ်ပေရာ ကျွန်တော်တို့၏ ဘိုးဘွားဘီဘင်ရှေးဦးလူသားများကွယ်လွန်ခဲ့ကြချိန်တွင် မည်သို့သင်္ဂြိုဟ်ခဲ့သည်ဆိုသည်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပြီးလေ့လာသင့်သည့်သုတေသနတစ်ခုဟု ကျွန်တော်ယူဆမိပါသည်။ ပျူမြို့ဟောင်း ဟန်လင်းကို ၁၉၀၅ ခုနှစ်မှစတင်၍ တူးဖော်လေ့လာမှုများပြုလုပ်ခဲ့ရာ ၁၉၆၅ ခုနှစ်တွင် သင်္ချိုင်းဟောင်းတစ်ခုကို စတင်တူးဖော်မိခဲ့ကြပါသည်။ အဆိုပါသင်္ချိုင်းဟောင်းသည် ကုန်းအမှတ်(၈)ဖြစ်ပြီး အရိုးအိုးများကိုတူးဖော်ရရှိခဲ့ရာ၊ပျူလူမျိုးတို့ကွယ်လွန်ချိန်တွင် ယင်းတို့သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့ကြသော လက်နက်ပစ္စည်းများ၊ လက်ဝတ်ရတနာများကို သေဆုံးသူနှင့် အတူထည့်သွင်းမြှုပ်နှံသောဓလေ့နှင့် အလောင်းကိုမီးရှို့ပြီး အရိုးပြာများကို အိုးအတွင်းထည့်သွင်းမြှုပ်နှံသည့် ထုံးတမ်းတို့ကို ဖော်ထုတ်နိုင်ခဲ့ပါသည်။

ကုန်းအမှတ်(၅) သည်လည်း သင်္ချိုင်းဟောင်းတစ်ခုဖြစ်ပြီး သိုက်တွင်းကုန်းဟုလည်း အမည်တွင်လျက်ရှိသည်။ ပျူလူမျိုးများက ယင်းတို့ကွယ်လွန်ချိန်တွင် ရွှေထည်ပစ္စည်းများအပါအဝင် သေဆုံးသူအသက်ရှင်စဉ်က သုံးစွဲခဲ့သောပစ္စည်းများ၊ဝတ်ဆင်ခဲ့သောလက်ဝတ်ရတနာများ၊ဒင်္ဂါးပြားများကိုလည်းထည့်သွင်းမြှုပ်နှံခဲ့ရာ ယင်းပစ္စည်းအချို့ကို တူးဖော်ရရှိခဲ့ဖူးသောပုဂ္ဂိုလ်များ၊တစ်နည်းသိုက်ဆရာဆိုသူများ၏ သတင်းစကားများကြောင့်လူများကမြေကြီးထဲတွင် မြှုပ်နှံထားသော အလောင်းများ၏အရိုးစုများနှင့် အတူရှိနေနိုင်သည့် အဖိုးတန်ရွှေငွေပစ္စည်းများကို ရှာဖွေရန် တူးဖော်ခဲ့ကြသဖြင့် သိုက်တွင်းကုန်းဟုအမည်တွင်ခဲ့ခြင်းဖြစ်ပေသည်။ ထိုသို့တရားမဝင် တူးဖော်မှုများကြောင့် ရှေးဟောင်းသင်္ချိုင်း၏ အုတ်ရိုးများ ပျက်စီးခဲ့ရသည်။ အဆိုပါ ကုန်းအမှတ်(၅) မှ အရိုးအိုး ငါးလုံးကို ရရှိခဲ့သည်။

ထို့အတူပင် ကုန်းအမှတ် ၁၃ တွင် အရိုးခေါင်းနှစ်ခုနှင့် အရိုးပုံအနည်းငယ်ကိုလည်းကောင်း၊ ကုန်းအမှတ်(၁၅) တွင် အရိုးအိုးခြောက်လုံးနှင့် အရိုးစု တစ်စုကိုလည်းကောင်း တွေ့ရှိခဲ့ရပေသည်။ ဟန်လင်းမြို့ဟောင်းမှ သင်္ချိုင်းဂူများသည် လေးထောင့်အဆောက်အအုံများဖြစ်ကြပြီးအချို့နေရာများတွင် အတွင်းစက်ဝိုင်းအုတ်ခုံပါရှိသည်ကို တွေ့ရပါသည်။သင်္ချိုင်းဂူများဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်သည် သေလွန်သွားကြသူများ၏ အလောင်းများနှင့် အရိုးအိုးများကိုမြှုပ်နှံရန်သာဖြစ်ပေရာ ရှေးပျူမြို့ဟောင်းများဖြစ်ကြသည့် ဗိဿနိုးနှင့် ဟန်လင်းတို့တွင် အရိုးအိုးနှင့် အရိုးစုများမြှုပ်နှံသည့်ဓလေ့များ ထပ်တူထပ်မျှ တူညီနေသည်ကို တွေ့ကြရသည်။ သို့ဖြစ်ရာ ကွယ်လွန်သူပျူလူမျိုးများ၏အရိုးစုအကြွင်းအကျန်များနှင့် အရိုးအိုးများကို ကာလရှည်ကြာစွာ တည်ရှိနေနိုင်အောင်မြှုပ်နှံထိန်းသိမ်းသည့်သင်္ချိုင်းဂူများသည်ပျူလူမျိုးတို့၏ ဒုမင်္ဂလာဓလေ့တစ်ခုဖြစ်ကြောင်း ပညာရှင်များကကောက်ချက်ချခဲ့ကြပါသည်။

ပျူမြို့ဟောင်း ဟန်လင်းကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တာဝန်ယူပြီး ကုန်းများကိုတူးဖော်ခဲ့ရာ ၁၉၉၈-၁၉၉၉ အထိ ကုန်းပေါင်း ၂၄ ကုန်း တူးဖော်နိုင်ခဲ့ပါသည်။ ဟန်လင်းမြို့ဟောင်းအား-

၁။ ဒဏ္ဍာရီပုံပြင်များဖြင့် ရောပွမ်းလျက်ရှိသော ဟန်လင်းသမိုင်းအား ပီပြင်စွာ ပုံဖော်နိုင်ရန်၊

၂။ တူးဖော်ခဲ့ပြီးသော ရှေးဟောင်းမြို့တော်များနှင့် နှိုင်းယှဉ်ရန်၊

၃။ ဟန်လင်းမြို့ဟောင်းတွင်ထွန်းကားခဲ့သောလူမျိုးတို့၏ယဉ်ကျေးမှုအဆင့်အတန်းကို လေ့လာသုတေသနပြုရန်၊

၄။ မြေလွှာလေ့လာ သုတေသနပြုခြင်း စနစ်အရ ဟန်လင်းယဉ်ကျေးမှုကို အတတ်နိုင်ဆုံးဖော်ထုတ်ရန်၊

၅။ တိမ်မြုပ်လျက်ရှိသော သမိုင်းတင်ခေတ်ဦး၏ ယဉ်ကျေးမှုကိုဖော်ထုတ်နိုင်ခြင်းအားဖြင့် သမိုင်းကွက်လပ်ကို ဖြည့်စွက်ပေးရန်

ဟူသည့်ရည်ရွယ်ချက်များဖြင့် တူးဖော်ခဲ့ခြင်းဖြစ်ရာ၂၀၀၅ ခုနှစ်တွင် ကျင်းအမှတ်(၂၅) နှင့် (၂၆)တို့တွင် ရှေးသင်္ချိုင်းဟောင်းများကို ထပ်မံတူးဖော်တွေ့ရှိခဲ့ရသည်။

၂၀၀၈ ခုနှစ်နှင့်၂၀၀၉ ခုနှစ်များတွင်တူးဖော်မှုများဆက်လက်ပြုလုပ်ခဲ့ရာတွင် သုသာန်ဟောင်းကုန်း သုံးကုန်း (ကုန်းအမှတ် ၂၈၊ ၂၉၊ ၃၀)တို့ကိုတွေ့ရှိခဲ့ရပြီး ကုန်းအမှတ်(၃၀) တစ်ခုတည်းမှပင် ရုပ်အလောင်း ၃၄ ခုကိုတွေ့ရှိခဲ့ရပေသည်။ တွေ့ရှိရသောအရိုးစုများ၊အိုးများ၊အသုံးအဆောင်များ၊လက်နက်ပစ္စည်းများကိုအ တူးဖော်ခဲ့သည့်နေရာမှာပင် တူးဖော်ရရှိထားသည့်မူလအခြေအနေအတိုင်းလုပ်ငန်းခွင်ပြတိုက်(site museum) အဖြစ် ဖွင့်လှစ်ပြသထားခဲ့ပါသည်။ရှေးပျူလူမျိုးတို့သေဆုံးကြချိန်ဝယ်မြေမြှုပ်၍ဖြစ်စေ၊ မီးရှို့ပြီး အရိုး သို့မဟုတ် အရိုးပြာကို အိုးအတွင်း ထည့်သွင်း၍ဖြစ်စေ သင်္ဂြိုဟ်ကြကြောင်း တွေ့ကြရပေရာ ထိုသို့သင်္ဂြိုဟ်ကြရာတွင်လည်း သေဆုံးသူ၏ ဂုဏ်၊ အဆင့်အတန်းပေါ် မူတည်လျက် အဆင်တန်ဆာများကိုထည့်သွင်းပေးလေ့ရှိသည်။ ကျောက်ကွင်းများ၊ ကျောက်လက်နက်၊ သံလက်နက်များ၊အိုးအကြီးအသေးများ၊ ပုတီးစေ့များ၊ လည်ဆွဲများ စသည်ဖြင့် အမျိုးအမည်စုံလင်စွာထည့်သွင်းမြှုပ်နှံကြကြောင်း တွေ့ကြရပေသည်။ အရိုးစုများအားလုံးနီးပါးသည်လည်း မြောက်အရပ်သို့ခေါင်းထားကာမြှုပ်နှံထားသည်ကိုတွေ့ရှိရသည့်အတွက် ယုံကြည်မှုဆိုင်ရာ ထုံးဓလေ့တစ်ခုခုရှိနိုင်ကြောင်း သုံးသပ်နိုင်သော်လည်း တိတိပပ ထုတ်ဖော်နိုင်ခြင်းမရှိသေးပါချေ။

ယဉ်ကျေးမှုဝန်ကြီးဌာနသည် တူးဖော်သုတေသနပြုဖော်ထုတ်ထားသည့် ရှေးဟောင်းအဆောက်အအုံနှင့် အထောက်အထားတို့အားပြုပြင်ထိန်းသိမ်းလျက်အခြားသောစီမံခန့်ခွဲမှုနှင့် ပြည်တွင်းပြည်ပမှ ဘဏ္ဍာငွေနှင့် နည်းပညာအထောက်အပံ့များ ရရှိရန်လည်းဆောင်ရွက်လျက်ရှိသည်။ယူနက်စကိုအဖွဲ့မှ ပြဋ္ဌာန်းသတ်မှတ်ပေးထားသည့်ကမ္ဘာလုံးဆိုင်ရာစံနှုန်း (Outstanding Universal Value) နှင့်အတူ အခြားသောယဉ်ကျေးမှုအမွေအနှစ်တန်ဖိုးတို့ကို ထိရောက်စွာထိန်းသိမ်းကာကွယ်လျက်လည်းရှိနေပါသည်။

သို့ဖြစ်ရာ ပျူသင်္ချိုင်းဟောင်းများကို တူးဖော်ရာမှရရှိခဲ့သောအချို့ရွှေထည်ပစ္စည်းများ၊ပျူပုတီးစေ့များ၊ ပျူဒင်္ဂါးပြားများကို စနစ်တကျထိန်းသိမ်းကာ ယဉ်ကျေးမှုပြတိုက်များတွင်အများပြည်သူတို့အား ပြသပေးထားပါသည်။ ပျူမြို့ဟောင်းဟန်လင်းမှာပင် ရှေးဟောင်းသုတေသနပြတိုက်သစ်တစ်ခုကို မကြာသေးမီကဖွင့်လှစ်ကာ ရှေးဟောင်းယဉ်ကျေးမှုပစ္စည်းများကို ဓာတ်ပုံများ၊ ပန်းချီများ၊ ရုပ်ပုံကားချပ်များနှင့် ဝေဝေဆာဆာ ပြသထားသည်ကို ကိုယ်တိုင်ကြည့်ရှုခဲ့ရပါသည်။

ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ရှေးဟောင်းမြို့တော်များ တူးဖော်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ရှေးဟောင်းသင်္ချိုင်းဟောင်းများအပါအဝင်ယဉ်ကျေးမှုဆိုင်ရာခိုင်မာသော အထောက်အထားများကို ရရှိလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ အတိတ်ပုံရိပ်များ၊ ပြည်သူများ၏ လူနေမှုဘဝများ၊ ယဉ်ကျေးမှုဆိုင်ရာ ထုံးတမ်းများ၊ အနုပညာလက်ရာများ၊ ငွေကြေးသုံးစွဲမှုစနစ်များ စသည်ဖြင့် နိုင်ငံတစ်ခု၏ ခိုင်မာသောယဉ်ကျေးမှုသမိုင်းစဉ်ကို ယခုထက်ပို၍ ရရှိ၊ ဖော်ထုတ်နိုင်မည်သာ ဖြစ်ပါသည်။

ထိုမျှသာမက ပျူရှေးဟောင်းမြို့တော် သုံးခု (ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာ)ကို ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းအဖြစ် မကြာမီကြေညာနိုင်တော့မည်ဖြစ်ပေရာ ပျူသင်္ချိုင်းဟောင်းများသည်လည်း နိုင်ငံတကာမှပညာရှင်များ၊ ခရီးသွားများ စိတ်ဝင်တစားလာရောက်ကြမည့်နေရာများ ဖြစ်လာတော့မည် ဖြစ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၉င/၃၉၉၈ Toyota Caldina (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဆွေ ၁၂/စခန(နိုင်)၀၂၀၆၉၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

၂၀-၈-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ စာမျက်နှာ(၂၀)နှင့်
၁၉-၈-၂၀၁၃ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ(၁၉)ပါ
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ် ဦးပိုင်အမှတ်(၂၂/က)၊
မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ ပါရမီလမ်း၊ ခြံအမှတ်(၇)နှင့်စပ်လျဉ်း၍
ဦးစိန်လင်း ၁၂/ကတတ(နိုင်)၀၂၅၃၈၂ နှင့်
၎င်း၏အမွေဆက်ခံသူတို့မှ အထက်ပါမြေကွက်ကို အခြားသူများသို့
ရောင်းချနေခြင်းအပေါ် အများသိစေရန် ကြေညာချက်နှင့်ပတ်သက်၍

ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊(၄)ရပ်ကွက်၊ ၅၃လမ်း၊ အမှတ် ၉/၁၁နေ ဦးခင်မောင်နွဲ့ (ဘ-ဦးစိန်ထွန်း) ၁၂/ကတတ(နိုင်)၀၁၇၅၅၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ ပြန်လည်ရုပ်သိမ်းကြောင်း ရှင်းလင်းကြေညာအပ်ပါသည်။

ကျွန်တော်၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးထင်အောင်၊ ဒေါ်သန်းသန်းစိန်၊ ဒေါ်ထူးထူးရင် (တရားလွှတ်တော်ရှေ့နေများ)နှင့် ဒေါ်ဖြူသင်းကြိုင်(အထက်တန်းရှေ့နေ)တို့က အထက်ဖော်ပြပါသတင်းစာများ၌ ထည့်သွင်းကြေညာခဲ့သည်ကို ဦးစိန်လင်း ၁၂/ကတတ(နိုင်)၀၂၅၃၈၂ နှင့် ၎င်း၏အမွေဆက်ခံသူတို့သည် အထက်ပါမြေကွက်ကို အခြားသူများသို့ လွတ်လပ်စွာစီမံပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အမှန်သိရှိရ၍ ကျွန်တော်မှ မိမိ၏ လွတ်လပ်သောဆန္ဒဖြင့် ခြွင်းချက်မရှိ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်းဖြင့် ကြော်ငြာပါပစ္စည်းအရပ်ရပ်တို့မှာ ၎င်းတို့၏ လွတ်လပ်စွာစီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်ဝင်းညွန့်
(တရားလွှတ်တော်ရှေ့နေ၊ စဉ်-၈၇၀၂)
အမှတ်-၁၀၁၊ ပထမထပ်(ယာ)၊ ဆိပ်ကမ်းသာလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အောင်လံဆရာတော် အသျှင်စန္ဒိမာ၏
(၁၀)ရက် အဓိဋ္ဌာန် အထူးတရားစခန်းပွဲ
ယောဂီအဟောင်းများအတွက် ကျင်းပမည်

အောင်လံဆရာတော်အသျှင်စန္ဒိမာ၏ မြန်မာပြည်အောက်ပိုင်းအတွက် (၁ ကြိမ်ဝင်ဖူးသော ယောဂီဟောင်းများအတွက်) ၁၀ ရက် အဓိဋ္ဌာန် အထူးတရားစခန်းပွဲကို ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ကုန်းတလပေါင်ကျေးရွာရှိ တိုက်ခွဲအမှတ်(၃၂) သဲအင်းဂူဝိပဿနာဓမ္မရိပ်သာ (ရန်ကုန်ရိပ်သာကြီး)တွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်ပါမည်။

စခန်းပွဲအဝင် - ၁၆-၆-၂၀၁၄ရက်
နံနက် ၁၀ နာရီမှ ညနေ ၄း၀၀ နာရီထိ
စခန်းပွဲအထွက် - ၂၇-၆-၂၀၁၄ ရက် နံနက် ၀၇း၀၀ နာရီ
ယောဂီစာရင်းသွင်းချိန် - ၉-၆-၂၀၁၄ ရက် မွန်းလွဲ ၂း၀၀ နာရီ

(လူကိုယ်တိုင်လာ၍ မှတ်ပုံတင်ပါရမည်။)

မှတ်ချက်။ ။ ယောဂီဦးရေကန့်သတ်ထား၍ ယောဂီအသစ်နှင့် (၂)ကြိမ်အထက်ဝင်ပြီးသား ယောဂီများလက်မခံပါ။
မြန်မာပြည်အထက်ပိုင်း ယောဂီများ မန္တလေးစခန်းပွဲတွင်သာ ဝင်ရန်။
မှတ်ပုံတင်၊ အိပ်ရာလိပ်၊ ထီး၊ ဓာတ်မီးစသည့် ကိုယ်ပိုင်အသုံးဆောင်ပစ္စည်းများ ယူလာရမည်။
နယ်ယောဂီများ ၁၅-၆-၂၀၁၄ ရက်ထက်စော၍ လက်မခံပါ။
အမှန်တကယ်ဝင်လိုသောယောဂီများ မနစ်နာစေရန် စာရင်းပေးပြီး မဝင်ဖြစ်က ကြိုတင်အကြောင်းကြားပါ။

စုံစမ်းရန်။ ။ ဖုန်း-၀၉-၄၅၀၀၆၅၃၇၆ (ဥူးသြဘာသ)
ဖုန်း-၀၉-၅၁၇၇၈၂၅ (ဥူးကိတ္တိဗလ)
ဖုန်း-၀၉-၂၅၄၁၃၇၈၈၅ (ဥူးသီရိန္ဒ)
Email; theinngu32@gmail.com
Website; www.theinngu 32.org

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်တောင်ရပ်ကွက်၊ ရွှေနှင်းဆီလမ်း၊ တိုက်အမှတ်(၁၆)၊ နှစ်ခန်းတွဲ ခုနစ်ထပ်တိုက်၏မြေညီထပ်(ခေါင်းရင်းခန်း)အခန်းအမှတ်(A)၊ အကျယ်(၁၂ ၁/၂'×၅၀') ရှိ တိုက်ခန်းအကျိုးခံစားခွင့်အရပ်ရပ်တို့အား အရပ်ကတိစာချုပ်အဆက်ဆက်အရ ဝယ်ယူပိုင်ဆိုင် လက်ဝယ်ထားရှိသူ ဒေါ်ခင်သက်သက်ပိုင် ၆/ထဝန(နိုင်)၀၆၅၅၀၂မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဟိန်းသူကောင်း | **ဦးသန့်ဇော်**
အထက်တန်းရှေ့နေ(စဉ်-၃၆၂၆၇) | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)**
အမှတ်(၄၆)၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြောက်၊ မြေကွက်အမှတ် ၁၃၊ မြေကွက်တည်နေရာအမှတ် ၁၃၊ လယ်ယာ ၁ လမ်း၊ (၁၀/မြောက်)ရပ်ကွက်၊ သာကေတမြို့နယ် ၁။ ဦးဇော်ဝင်း၊ ၂။ ဒေါ်အေးအေးမော် အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ၁။ ဦးဇော်ဝင်း ၁၂/ပဇတ(နိုင်)၀၀၁၈၄၄၊ ၂။ ဒေါ်အေးအေးမော် ၇/ပခန(နိုင်)၁၈၅၁၆၆ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၅၃၁/၂၀၁၄)ရရှိသူ ဦးမျိုးမြင့် ၁၂/ဗတထ(နိုင်)၀၂၆၀၂၀မှ အရောင်းအဝယ်စာချုပ်၍ ခြံကာရုံနှင့် မြေတိုင်းလျှောက်ထားရာ မြေစာရင်းမှတ်ချက်ပါ ၂၀၁၃ခုနှစ်တွင် ဦးဇော်ဝင်း+၁မှ အရောင်းမြေပုံကူးခြင်းနှင့်ပတ်သက်၍ ယင်းမြေပုံ မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် ခြံကာရုံမြေပုံကူးနှင့် မြေတိုင်းလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျောက်ပန်းတောင်းမြို့နယ် ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားဖွင့်

ကျောက်ပန်းတောင်း မေ ၁၅

ဒေသတွင်း ကူးသန်းသွားလာမှု လွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရန်အတွက် ဒေသခံပြည်သူများ၏ စည်းလုံးညီညွတ်မှု အင်အားဖြင့် တည်ဆောက်ပြီးစီးခဲ့သည့် မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဝက်သချဉ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး ချောင်းကူးတံတားသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၈ နာရီ မိနစ် ၂၀ က အဆိုပါတံတားသစ်ထိပ်၌ ကျင်းပသည်။

ဆက်လက်၍ မတည်အလှူရှင် ဦးသောင်းညွန့် (ပြည်နယ်ပညာရေးမှူး-ငြိမ်း)က တံတားဆောက်လုပ်ရန်မတည်လှူဒါန်းမှုနှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တံတားသစ်ကို ဝက်သချဉ်ဆရာတော် ဦးဣန္ဒိကတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးဝင်းမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး **(အပေါ်ယာပုံ)**တံတားသစ်ကို ဖြတ်သန်းကြည့်ရှုကြသည်။ အဆိုပါတံတားသစ်ကို အငြိမ်းစား ပြည်နယ်ပညာရေးမှူး ဦးသောင်းညွန့်က ငွေကျပ် သိန်း ၂၀ မတည်၍ ရပ်နီးရပ်ဝေးမှ ပြည်သူများ စုပေါင်းထည့်ဝင်ငွေ၊ ဝက်သချဉ် ကျေးရွာလူထု၏ ငွေအား လုပ်အားတို့ဖြင့်ကျေးရွာမှ ဆရာတော်ကြီးများ ဦးဆောင်၍ တည်ဆောက်ခဲ့ကြခြင်းဖြစ်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကူအညီများ ပံ့ပိုးပေးခဲ့ကြောင်း သိရသည်။ အဆိုပါတံတား ဆောက်လုပ်ပြီးစီးသွားသဖြင့် ကျေးရွာများမှ ဒေသခံပြည်သူ ၃၀၀၀ ကျော်တို့သည် ရာသီမရွေး လွယ်ကူစွာသွားလာနိုင်ပြီဖြစ်သဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်း သိရပြီး တံတားသစ်၏ ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ် ၁၂၂ သိန်းကျော် ဖြစ်ကြောင်း သိရသည်။

နေအောင်

စာဖတ်ရှိန်မြှင့်တင်ရေး ဝက်လက်၌ ဟောပြောပွဲကျင်းပ

ဝက်လက် မေ ၁၅

ပြည်သူများ အသိပညာဗဟုသုတများတိုးပွားလာစေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ဝက်လက်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ မြို့နယ်ဦးစီးမှူး ဒေါ်နန်းမြင့်နှင့် ဝန်ထမ်းများက ကျေးရွာများသို့ အရောက်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ မေ ၈ ရက် မွန်းလွဲ ၂ နာရီခွဲက ရွာသာကြီးကျေးရွာ၌ စာအုပ်များ ငှားရမ်းပေးခြင်း၊ နံရံကပ်စာပေရေချမ်းစင်ထားပေးခြင်း၊ ဟောပြောပွဲများ ဆောင်ရွက်ခြင်းများ ပြုလုပ်သည်။

"ကျေးရွာအရောက် အသိပညာဖြန့်ဖြူးပေးခြင်းဖြင့် ကျေးလက်နေပြည်သူများအတွက် အမှန်တကယ်အကျိုးရှိပြီး နံရံကပ်စာပေရေချမ်းစင် ထားပေးသည့်အတွက် ကျေးရွာပြည်သူများ တန်ဖိုးရှိသည့် စာပေများကို အလွယ်တကူဖတ်ရှုခွင့်ရသည့်အတွက်လည်း များစွာအကျိုးရှိပါတယ်။ ကျေးရွာတွင် နောက်ထပ် နံရံကပ်စာပေရေချမ်းစင်တစ်ခုတိုးပြီး ထားရှိနိုင်အောင် စည်းရုံးထားရှိသွားမယ်" ဟု ရွာသာကြီးကျေးရွာမှ ဦးငွေအောင်က ပြောကြားခဲ့ကြောင်း သိရသည်။

နန်းမြင့်

သက်ကြီးပူဇော်ပွဲကျင်းပ

မန္တလေး မေ ၁၅

နှစ်စဉ် ကဆုန်လပြည့်နေ့တိုင်း ကျင်းပလျက်ရှိသော မန္တလေး အောင်မြေသာစံမြို့နယ် ဘုန်းတော်တိုးရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးအဖွဲ့နှင့် စေတနာရှင်ကုသိုလ်ရှင်များ၏ (၂၆)ကြိမ်မြောက် ရပ်ကွက်လုံးဆိုင်ရာ သက်ကြီးပူဇော်ပွဲကို မေ ၁၃ရက် နံနက် ၈နာရီက အဆိုပါရပ်ကွက်ရှိ မိုးခင်ဇော်-၂ စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ရပ်ကွက်အတွင်းရှိ အသက် ၇၅နှစ်နှင့် အထက် အဘိုး အဘွား ၇၈ဦးကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်ဆန်းနှင့် ရပ်မိရပ်ဖများ၊ ရပ်ကွက်ပြည်သူများနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ပူဇော်ကန်တော့ကြသည်။ ထို့နောက် ရပ်ကွက်ပြည်သူ စေတနာရှင်အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် အဘိုးအဘွားတစ်ဦးလျှင် ငွေကျပ် တစ်သောင်း ငါးထောင့်နှစ်ရာနှင့် ပစ္စည်းများ၊ အလှူရှင် ဒေါက်တာကျော်သိန်း- ဒေါ်သန်းသန်းဝင်း ရွှေသိန်းဆန်ခေါက်ဆွဲလုပ်ငန်းမိသားစုက ငွေကျပ် ၃၀၀၀ စီနှင့်လှူဖွယ်ပစ္စည်း ငွေကျပ် ၆၀၀၀ဖိုးစီ ပေးအပ်လှူဒါန်းကြသည်။ ထို့အပြင် ရပ်ကွက် အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးကံငွေ(အငြိမ်းစား-ကျောင်းအုပ်ဆရာကြီး)က ရေဒီယို၊ ကက်ဆက် ၂၄လုံးကို အဘိုးအဘွားများအား မဲဖောက်လှူဒါန်းပေးကြောင်းသိရသည်။ **(အောက်ပုံ)**

တင်မောင်(မန္တလေး)

ကျိုင်းတုံတွင် ရှေးဦးပြုစုနည်း(နည်းပြ)သင်တန်းဖွင့်

ကျိုင်းတုံ မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့နယ်အတွင်းရှိ ပညာရေးဌာနမှ ဆရာဆရာမများအား ရှေးဦးပြုစုနည်း (နည်းပြ)သင်တန်းဖွင့်ပွဲကို ကျိုင်းတုံမြို့ အထက(၄) မြတ်ဆရာခန်းမ၌ မေ ၁၂ ရက် နံနက်က ကျင်းပရာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးဦးတင်မောင်ဆွေက သင်တန်းဖွင့်အမှာစကား ပြောကြားသည်။ **(ယာပုံ)** ဆက်လက်၍ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ရုံးခွဲ (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိန်ငွေက ရှင်းလင်းအမှာစကား ပြောကြားသည်။ ထို့နောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC)မှ ရှမ်းပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်မှုတာဝန်ခံ Mr.KAKHABER KHASAIA က မိတ်ဆက်စကားပြောကြားပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်းဌာနချုပ် ရှေးဦးပြုစုခြင်းနှင့် အန္တရာယ်ကင်းရှင်းရေးဌာနမှ သင်တန်းအရာရှိဦးအုန်းသွင်က သင်တန်းဖွင့်လှစ်ရခြင်းအကြောင်းကို ရှင်းလင်းဆွေးနွေးသည်။ သင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်/ မြို့နယ်ခွဲတို့မှ ဆရာ ဆရာမ ၅၆ ဦး တက်ရောက်ကြပြီး မေ ၂၀ ရက်အထိ ဖွင့်လှစ်မည်ဖြစ် ကြောင်းသိရသည်။

မောင်မောင်နိုင်(iprd)

ကသာမြို့၌ ရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲကျင်းပ

ကသာ မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ်တွင် အခြေခံရှေးဦးသူနာပြုစုခြင်း သင်တန်းဆင်းပွဲ သင်တန်းအမှတ်စဉ် (၁/၂၀၁၄) ကို မေ ၁၃ ရက် နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျင်းပသည်။

ဆက်လက်၍ မြို့နယ်ကြက်ခြေနီ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်အောင်မြင့်က သင်တန်းကာလ အတွင်းထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့သည်။

ထို့နောက် သင်တန်းဆင်း လက်မှတ်များအား ဒုတပ်ရင်းမှူး ဦးဇော်ထိုက်က ပေးအပ်ပြီး သင်တန်းသား တစ်ဦးက လက်ခံယူသည်။

(ခရိုင် ပြန်/ဆက်)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၈၊ မြေကွက်အမှတ် ၃၇၈၊ ဧရိယာ ၀ဒသမ ၀၅၅၈ဧက၊ မြေအမျိုးအစား နှစ် ၆၀ ဂရန်မြေပေါ်ရှိ အမှတ် ၃၇၈၊ ဗညားနွဲ့လမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးမြရွှေ ၁၂/လမန(နိုင်)၀၁၄၄၆၆၊ BT-၀၀၀၉၈၉ (၄င်း၏ကိုယ်စား ရန်ကုန်မြို့စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၇၃၇၁/၁၄ (၁၁-၃-၂၀၁၄)ရရှိသူ ဦးထင်ထွဋ် ၁၂/သဃက(နိုင်)၀၇၃၄၅၁မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကောင်းမြတ်ဇော် **ဦးသန့်ဇော်**

အထက်တန်းရှေ့နေ (စဉ်-၃၇၂၂၅) **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ်(ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

KBZ Industries Ltd.

ဝန်ထမ်းများလျှောက်ထားနိုင်ကြောင်း ကြေညာခြင်း

၁။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ပင်းပက်ဒေသရှိ တစ်နေ့တန်(၁၀၀၀)ကျ ကမ္ဘောဇဘိလပ်မြေစက်ရုံတွင် အောက်ပါအရည်အချင်းရှိသူများအား HR မန်နေဂျာ/စက်ရုံမန်နေဂျာနှင့် လစ်လပ်ရာထူးများ၌ စိစစ်ရွေးချယ်ခန့်ထားရန်ရှိပါသည်-

(က) B.A, M.A, M.B.A, M.P.A, B.Sc, M.Sc,Bc.Sc, Mc.Sc, M.Com, B.Com, CPA, AGTI, B.Tech, B.E(Mech, Elect, IT, Chem) နှင့် အဆင့်တူသော ပညာအရည်အချင်းရှိသူများ။

(ခ) KBZ ဘိလပ်မြေစက်ရုံတွင် (၃)နှစ်အထက် တာဝန်ထမ်းဆောင်နိုင်သူများ။

(ဂ) အသက်(၄၀)အောက်ရှိသူများ။ (ဘိလပ်မြေစက်ရုံ အတွေ့အကြုံရှိသူများအား ဦးစားပေးရွေးချယ်ပါမည်။)

၂။ ဘိလပ်မြေစက်ရုံလုပ်ငန်းအတွေ့အကြုံရှိမှု၊ ကွန်ပျူတာ၊ English ဘာသာစကား ကျွမ်းကျင်မှု၊ ဆိုင်ရာဘာသာရပ်အလိုက် ထူးချွန်မှု၊ စီမံခန့်ခွဲမှုအတွေ့အကြုံရှိမှုအရ ရာထူးလစာများအား သတ်မှတ်ရွေးချယ်ခန့်ထားမည်ဖြစ်၍ မှတ်ပုံတင်မိတ္တူ၊ ပုံစံ(၁၀)မိတ္တူ၊ ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာ၊ ပညာအရည်အချင်းအထောက်အထား၊ ကိုယ်ရေးအကျဉ်း၊ (၆)လအတွင်း Passport ဓာတ်ပုံနှစ်ပုံတို့နှင့်အတူ ၃၁-၅-၂၀၁၄ရက် နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း လျှောက်ထားနိုင်ပါသည်။

KBZ Industries Ltd., (ရန်ကုန်ရုံး)
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊ Strand Condo၊ ဒုတိယထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈

KBZ Industries Ltd.,(ဘိလပ်မြေစက်ရုံ)
KBZ Cement Project Office
Taunggyi Township, Pangpet, Myanmar.
ဖုန်း-၀၉-၈၃၅၁၂၈၃၊ ၀၉-၈၃၅၁၂၈၄၊ ၀၉-၈၃၅၁၂၈၆

KBZ Industries Ltd.,

ကွန်ကရစ်လမ်းဖောက်လုပ်ရေးအိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ KBZ Industries Ltd., တောင်ကြီး(ပင်းပက်ဒေသ)ရှိ တစ်ရက်တန် ၁၀၀၀ ကျ ကမ္ဘောဇဘိလပ်မြေစက်ရုံမှ တောင်ကြီး-ဟိုပုန်းပြည်ထောင်စုလမ်းသို့ (၅.၅)မိုင်၊ စက်ရုံမှ ဟိုပုန်း-ဆီဆိုင်လမ်းသို့ နှစ်မိုင်ခန့် စုစုပေါင်း (၇.၅)မိုင်ခန့်အား ကွန်ကရစ်လမ်းဖောက်လုပ်ရန် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ ကွန်ကရစ်လမ်း၏ အရည်အသွေးအား စက်ရုံမှတွက်ချက်ထားသည့်အတိုင်း ကမ္ဘောဇဘိလပ်မြေများသုံးစွဲ၍ တည်ဆောက်ပေးရမည်ဖြစ်ပြီး ၁မိုင်ဈေးနှုန်း၊ ဈေးနှုန်းကာလ၊ စတင်ဆောင်ရွက်နိုင်မည့်အချိန်၊ ငွေကြေးရယူလိုသည့်စနစ်၊ ယန္တရားနှင့် လုပ်သားစာရင်း၊ ကုမ္ပဏီမှတ်ပုံတင်တို့ဖော်ပြ၍ ၁၅-၆-၂၀၁၄ ရက် နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါပေးသွင်းနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ အမှန်တကယ်ဆောင်ရွက်မည့် ကုမ္ပဏီမှ တာဝန်ရှိသူကိုယ်တိုင်လာရောက် စုံစမ်းနိုင်ပါသည်-

KBZ Industries Ltd.,
အမှတ် ၃၃/၄၉၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့်ဘဏ်လမ်းထောင့်
Strand Condo (၃)ထပ်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၃၇၃၆၄၇၊ ၀၁-၃၇၃၆၄၈၊ ၀၁-၃၇၃၆၄၉

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂ (ကမာကဆစ်)၊ မြေကွက်အမှတ် ၂၅၅၊ ဧရိယာ ၂၄၀၀ စတုရန်းပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်၂၅၅၊ မင်းရဲကျော်စွာလမ်း၊ ကမာကဆစ်ရပ်ကွက်၊ ဒလမြို့နယ်ဟုခေါ်တွင်သည့် အဆောက်အအုံကို ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးတင်ရွှေ PTW-၀၆၇၈၇၃၏ သားသမီးများထံမှဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်ရန်အကြောင်းရှိပါက စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းဝင်းထက် LL.B, LL.M အထက်တန်းရှေ့နေ(စဉ်-၃၁၈၄၆)

အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊

ဖုန်း-၀၉-၄၂၀၀၁၁၅၇၆

ကန့်ကွက်နိုင်ပါကြောင်း

စမ်းချောင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈E၊ မြေကွက်အမှတ် ၁၁၄/၁၄ အီး၊ မြေကွက်တည်နေရာအမှတ် ၂၆၅၊ ပြည်လမ်းနှင့် ဗားကရာလမ်းထောင့်၊ စမ်းချောင်းမြို့နယ်၊ အမည်ပေါက် ဦးမောင်မောင် မြေပိုင်မြေအား အမည်ပေါက်ထံမှ ပိုင်ဆိုင်စာချုပ် ၁၉၂/၃-၄-၁၉၈၄ဖြင့် ဒေါ်သန်းရီမှပိုင်ဆိုင်ခဲ့ပြီးနောက် မခွဲမစိတ်ရသေးသောအနောက်တောင်ဘက်ခြမ်း ထက်ဝက်တိတိကို အပိုင်ပေးစာချုပ် ၄၀၈/၃-၃-၁၉၉၅ဖြင့် ဦးကြီးမောင်နှင့် ဒေါ်ခင်မိတို့က လက်ခံခဲ့ပြီး ဦးကြီးမောင်နှင့် ပိုင်ဆိုင်စာချုပ် ၁၉၂/၃-၄-၁၉၈၄ ဖြင့်ပိုင်သူ ဒေါ်သန်းရီ၊ သမီး ဒေါ်မြင့်မြင့်(အပျိုကြီးဘ၀)၊ သား ဦးလှပြုံး(လူပျိုကြီးဘ၀)၊ သား ဦးသန်းညွန့်တို့ ကွယ်လွန်သွားကြပါသဖြင့် ဦးအောင်ခင် ၁၂/ကမတ(နိုင်)၀၄၇၈၉၀၊ ဒေါ်ခင်ထွေးမြင့် ၁၂/ကမတ(နိုင်)၀၃၂၁၅၈၊ ဒေါ်ငြိမ်းတင် ၁၂/လမန(နိုင်)၀၁၉၅၀၃ တို့နှင့်အတူ ဒေါ်ခင်မိ ၁၂/စခန(နိုင်)၀၂၆၄၄၂တို့က ဇနီး၊ သား၊ သမီး၊ ချွေးမတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြင်ဆင်ဖတ်ရှုရန်

၁၄-၃-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ ၄ ပါ ကြော်ငြာကဏ္ဍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၃)ပါ လိပ်စာ အမှတ် ၁၂၅၊ ၁၄ လမ်းအား အမှတ် ၁၂၇၊ ရွှေတောင်တန်းလမ်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

တစ်ထပ်ကျောင်းဆောင်သစ် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း

ကျောက်တံခါး မေ ၁၅

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဖဒိုမြို့ (၅)ရပ်ကွက် ဈေးတန်း အမက မူလွန်ကျောင်းတွင် ကိုရင်ကြီး ရှင်ဝိဇ္ဇာဗလနှင့် အလှူရှင်များက စုပေါင်းဆောက်လုပ်လှူဒါန်းသော အလျား ပေ ၆၀၊ အနံ ၃၇ ပေ၊ ကုန်ကျငွေကျပ် ၄၂၄ သိန်းတန်ဖိုးရှိ တစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဖဒိုမြို့ (၅)ဧကကျောင်းတိုက်မှ ကိုရင်ကြီးရှင်ဝိဇ္ဇာဗလ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဆန်းဦး၊ ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသက်ပိုင်စိုး၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဝင်းတို့က ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး ကိုရင်ကြီးရှင်ဝိဇ္ဇာဗလနှင့် အလှူရှင်များလှူဒါန်းသော တစ်ထပ်ကျောင်းဆောင်သစ်ကို ပညာရေးဝန်ကြီးဌာနကိုယ်စား မြို့နယ်ပညာရေးမှူး ဒေါ်ခင်သန်းဝင်းက လွှဲပြောင်းလက်ခံယူခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူးဦးသက်ပိုင်စိုးက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ရာ အလှူရှင်များကိုယ်စား ကိုရင်ကြီး ရှင်ဝိဇ္ဇာဗလက လက်ခံရယူခဲ့သည်။

ခင်ကို(ကျောက်တံခါး)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

နေ့စဉ်ထုတ်သတင်းစာများ နံနက်စောစောဖတ်ရပြီ

ပဲခူး မေ ၁၅

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းမှ ပုံနှိပ်ဖြန့်ချိထုတ်ဝေသော မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာအပါအဝင် နေ့စဉ်ထုတ်သတင်းစာများကို ပဲခူးမြို့သို့ ယခင်က မီးရထားဖြင့် ပေးပို့နေရာမှ မေ ၁ ရက်ကစတင်ကာ သီးသန့်မော်တော်ယာဉ်ဖြင့် စတင်ပေးပို့ခဲ့ရာ သတင်းစာဖတ်ပရိသတ်နှင့် သတင်းစာပို့လုပ်သားများ အဆင်ပြေချောမွေ့လျက်ရှိသည်။

ယခင်ကာလများက သတင်းစာလိပ်များသည် မီးရထားနှင့် တင်ပို့ခဲ့ရာ နံနက် ၁၀ နာရီဝန်းကျင်မှ ပဲခူးဘူတာသို့ရောက်ရှိခဲ့သော်လည်း ယခုအခါ သတင်းစာတိုက်မှလာသော ကားသည် ရွှေမော်ဓောဘုရားလမ်းပြန်/ဆက် ရုံးရှေ့သို့ နံနက် ၇ နာရီ မထိုးမီရောက်ရှိလာသည်။ သတင်းစာများကိုလည်းယခင်ကကဲ့သို့ အချပ်ပိုများခွာခြင်း၊ထပ်ခြင်းမပြုလုပ်ရတော့ဘဲ သတင်းစာတိုက်မှ ဖြန့်ဝေရန်အဆင်သင့်စီစဉ်ခဲ့သဖြင့် ရောက်ရှိသည်နှင့် စောင်ရေ ရေတွက်ပြီး စာဖတ်သူ လက်ဝယ်အရောက် နံနက် ၇ နာရီခွဲခန့်တွင် ဖတ်ရှုရန် ပေးပို့နိုင်ခဲ့သည်။ သတင်းစာပို့သောကားသည် ပဲခူးမြို့တွင် သတင်းစာလိပ်များချပြီးသည်နှင့် အချိန်မဆိုင်းဘဲ ဘုရားကြီးမြို့၊ ဝေါမြို့၊ ကျိုက်ထိုမြို့၊ ဘီးလင်းမြို့၊ သထုံမြို့၊ ပေါင်မြို့၊ မုတ္တမမြို့မှသည် မော်လမြိုင်မြို့အထိ တိုက်ရိုက်နေ့စဉ်ပေးပို့ခြင်းဖြစ်သည်။ မီးရထားနှင့်ပို့ဆောင်စဉ်ကကဲ့သို့ အချိန်နောက်ကျခြင်း၊ မီးရထားနောက်ကျခြင်း၊ သတင်းစာလိပ်များ ကျိုက်ထိုသို့ပါသွားခြင်း စသည့် အဆင်မပြေမှုများ မရှိတော့သဖြင့် စာဖတ်သူများနှင့်အတူ သတင်းစာကိုယ်စားလှယ်များကလည်း ဝမ်းမြောက်ဝမ်းသာရှိကြသည်။ သတင်းစာလိုင်းပို့ အလုပ်သမားများအနေဖြင့်လည်း ယခင်ကကဲ့သို့ တစ်နေကုန် နေပူထဲတွင် မသွားလာကြရတော့ဘဲ ခရမ်းလွန်ရောင်ခြည် ကျရောက်တော့မည့်အချိန်တွင် မိမိနေအိမ်သို့ ပြန်ရောက်ကြပြီဖြစ်ရာ ကြည်နူးဝမ်းမြောက်လျက်ရှိကြသည်။ သတင်းစာပို့ မော်တော်ယာဉ် ကျန်းမာကြံ့ခိုင်စေရေး စာဖတ်သူ သတင်းစာကိုယ်စားလှယ်နှင့် သတင်းစာပို့လုပ်သားများက ဆုတောင်းမေတ္တာပို့သပေးလျက်ရှိကြသည်။ **(၁၂၁)**

မန္တလေးတိုင်းဒေသကြီးအတွင်း မူးယစ်ဆေးဝါးတစ်နှစ်ထက်တစ်နှစ်ပိုမိုဖမ်းဆီးရမိ

မန္တလေး မေ ၁၅

မန္တလေး တိုင်းဒေသကြီးသည် မြန်မာနိုင်ငံအလယ်ပိုင်းတွင် တည်ရှိပြီး ရှမ်းပြည်နယ်နယ်စပ်ဒေသများမှ လာသော ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် မြန်မာ-အိန္ဒိယနယ်စပ်ဒေသများမှ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အသုံးပြုသောအက်ဖီဒရင်း၊ ဆူဒိုအက်ဖီဒရင်းအာနိသင်ပါ ချောင်းဆိုးပျောက်ဆေးပြားများနှင့်မူးယစ်ဆေးဝါး ထုတ်လုပ်ရာတွင် အသုံးပြုသောဓာတု ကုန်ကြမ်းပစ္စည်းများသည် မန္တလေးမြို့ကိုဖြတ်၍ အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ဖြတ်သန်းသွားလာလျက်ရှိသဖြင့် မန္တလေးမြို့သည် လမ်းပန်းဆက်သွယ်ရေး အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည်။မန္တလေးတိုင်းဒေသကြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ်တွင် မူးယစ်ဆေးဝါးအမှု ၂၀၆ မှု၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၂၆၂ ဦး၊ အမျိုးသမီး ၆၈ ဦး စုစုပေါင်း ၃၃၀ မူးယစ်ဆေးဝါးဖမ်းဆီးရမိမှု ကာလတန်ဖိုးငွေကျပ် ၂၄၂၉၁၉၂၂၇၀ ကို ဖမ်းဆီးရမိခဲ့သည်။၂၀၁၃ခုနှစ်တွင် မူးယစ်ဆေးဝါး အမှုပေါင်း ၂၄၆ မှု၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၃၄၆ ဦး၊ အမျိုးသမီး ၁၀၀ စုစုပေါင်း ၄၄၆ ဦး၊ မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ကာလတန်ဖိုးငွေကျပ် ၃၅၂၀၁၆-၃၇၆၇ နှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ ငွေကြေးပစ္စည်းအနေဖြင့် မော်တော်ယာဉ် ၁၉ စီး၊ ဆိုင်ကယ် ၁၂၅ စီး၊ လက်ကိုင်ဖုန်း ၁၄၄ လုံး၊ မြန်မာ ငွေကျပ် ၂၅၂၄၂၈၁၀၇၀ တို့ကို ဖမ်းဆီးရမိခဲ့သည်။

၂၀၁၄ ခုနှစ် ဇန်နဝါရီလမှဧပြီလအထိ မန္တလေးတိုင်းဒေသကြီးအတွင်း စုစု ပေါင်း မူးယစ်ဆေးဝါးအမှုပေါင်း ၉၀၊ ပြစ်မှုကျူးလွန်သူအမျိုးသား ၁၄၆ ဦး၊ အမျိုးသမီး ၂၁ ဦး စုစုပေါင်း ၁၆၇ ဦး မူးယစ်ဆေးဝါး ဖမ်းဆီးရမိမှု ကာလတန်ဖိုး ငွေကျပ်၂၂၇၂၁၆၂၂၇၄ နှင့် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်၍ ငွေကြေးပစ္စည်း အနေဖြင့် မော်တော်ယာဉ် ၁၁စီး၊ ဆိုင်ကယ် ၃၉ စီး၊ လက်ကိုင်ဖုန်း ၅၂ လုံး၊ မြန်မာငွေ ၈၄၅၄၇၅၀ တို့ကို ဖမ်းဆီးနိုင်သည်။ မန္တလေးတိုင်းဒေသကြီးအတွင်းမူးယစ်ဆေးဝါးများ တစ်နှစ် ထက်တစ်နှစ် ပိုမိုတိုးတက်ဖမ်းဆီးရမိမှုမှာ ပြည်သူလူထု ပူးပေါင်းပါဝင်ခြင်းကြောင့် ယခုကဲ့သို့ဖမ်းဆီးရမိခြင်းဖြစ်ကြောင်းနှင့် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများကို ပိုမိုတိုးတက်အောင်မြင်စေရေးအတွက် ပြည်သူလူထုတစ်ရပ်လုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်း နှိုးဆော်ထားကြောင်း သိရသည်။

တင်မောင်-မန္တလေး

ဗလငါးတန်
ပွဲ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

Tender No. 09/DHPI/Office Equipment/2014-2015

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
(က)	Air Conditioner 1.5 HP Split Type (Fresh)	၂ လုံး
(ခ)	Computer PIV LCD Moniter (Intel Core i7)	၅ လုံး
(ဂ)	Digital Multifunctuion Copier (Canon iR -1024F)	၂ လုံး
(ဃ)	Color Printer (Canon iX-4000)	၅ လုံး
(င)	Aluminum Cupboard (3' × 6)	၂ လုံး
(စ)	Aluminium File Case (High) (3' × 6')	၂ လုံး

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၈-၅-၂၀၁၄ရက် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ် (၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အား ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများ ရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံး ကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၁၇၁၆၆၈၉၊ ၀၉-၄၂၀၇၀၁၃၄၆

အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၅၈၅/ခ၊ ဧရိယာစတုရန်းပေ ၁၂၀၀၊ နှစ် ၆၀ ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမြင့်မောင် ၁၂/ဥကတ(နိုင်)၀၁၄၄၆၆ အမည်ဖြင့် မှတ်သားတည်ရှိပါသည်။ ဦးမြင့်မောင်ထံမှ ဝယ်ယူထားသူ ဦးကျော်စိုး ၈/ကမန(နိုင်)၀၃၃၇၅၃နှင့် ဒေါ်သန်းသန်းမြင့် ၁၂/ဥကတ(နိုင်)၀၁၄၄၂၂ထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးစိန်ရီ B.Sc, D.A, R.L (စဉ်-၁၀၁၆) တရားလွှတ်တော်ရှေ့နေ
အမှတ်-၂၂၊ ဌာနာလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၅၆၊ ၀၉-၅၀၁၀၁၇၄

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ (၇၀)ရပ်ကွက်၊ မင်းနန္ဒာ ၁လမ်း၊ မြေကွက်အမှတ် (၁၂၉၈/က)၊ ဧရိယာ(၁၀ပေ×ပေ၆၀)မြေနှင့် ယင်းမြေ၏ အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်စန်းကြည် ၁၂/တမန(နိုင်)၀၂၆၅၈၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစံအေး ၁၂/ဥကတ(နိုင်)၁၂၇၆၉၈က အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူနေထိုင်ပိုင်ဆိုင်ပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်၏ ပါမစ်မူရင်းမှာ ရောင်းချသူမှ ရောင်းချစဉ်က ခိုးယူခံရ၍ ပျောက်ဆုံးကြောင်းဝန်ခံပြီး မိတ္တူဖြင့် ရောင်းချခဲ့ခြင်းဖြစ်ပါသည်။ သို့ပါ၍ အဆိုပါမြေကွက်၏ ပါမစ်မူရင်းလက်ဝယ်ရှိသူများ ကျွန်ုပ်မိတ်ဆွေထံ အမြန်ဆုံး ပြန်လည်ပေးအပ်ပါရန်နှင့် အမှန်တကယ်ပိုင်ဆိုင်လျက်ရှိသူ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ မည်သူမျှ အဆိုပါမြေကွက်အား ဂရန်အမည်ဖောက်ခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်လှူဒါန်းခြင်းများ မပြုကြပါရန်နှင့်အထက်ပါတားမြစ်ချက်များအား ပြုမှုခဲ့ပါက ပြုမှုသူများအား သက်ဆိုင်ရာ တရားဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြိုတင်အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးကျော်ကျော်မိုး (ဥပဒေဘွဲ့) အထက်တန်းရှေ့နေ
(ရုံး)ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၅၂၉၀၃၄၄

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၁၉)ရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ အမှတ် ၁၀၇၄(ခ)ရှိ ပေ(၂၀×၆၀)မြေကွက်မှ ခေါင်းရင်း(၁၀ပေ×ပေ၆၀)ရှိမြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ၁-၅-၂၀၁၁ရက်တွင် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်နီနီဝင်း ၈/တတက(နိုင်)၀၀၁၁၉၄ မှ အပြီးအပိုင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်နီနီဝင်းမှတစ်ဆင့် ပြန်လည်ရောင်းချမည်ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ **လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်နီနီဝင်း **ဒေါ်စိုးစိုးမော် (စဉ်-၂၃၆၉၈)** **ဒေါ်နှင်းဝေအောင် (စဉ်-၂၈၈၀၄)**
အထက်တန်းရှေ့နေများ
အမှတ် ၁၉၅၊ နတ်သျှင်နောင်လမ်း၊ (၃)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊
ဖုန်း-၀၉-၅၄၀၇၈၃၀၊ ၀၉-၇၃၀၈၃၅၇၃

ကန့်ကွက်နိုင်ပါကြောင်း

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၃၃၊ မြေကွက်အမှတ် ၇၅၆(က)၊ မြေကွက်တည်နေရာအမှတ် ၇၅၆(က)၊ ကွတ်ခိုင်လမ်း၊ ရွှေပြည်သာ ဦးမြစန်းအမည်ပေါက်ပါမစ်မြေအား အမည်ပေါက်ဦးမြစန်းထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူခဲ့သူ ဒေါ်သဇင်မြင့် ၁၂/လမန(နိုင်)၁၂၉၅၆၂ မှ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကတိသစ္စာပြုလွှာတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၊ မြေကွက်အမှတ် ၈၇၂၊ မြေကွက် တည်နေရာအမှတ် ၈၇၂၊ သုမိတ္တာ ၂၂ လမ်း၊ (၁)ရပ်ကွက် ဦးလှသိန်း အန်/အိုကေအေ ၀၀၃၁၀၆၊ ဒေါ်အုံးဆင့် ၁၂/ဥကမ(နိုင်)၀၂၁၃၇၄အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးလှသိန်း (ခင်ပွန်း)ကွယ်လွန်သဖြင့် ၎င်းအစုကို ဒေါ်ကျင်လှိုင် ၁၂/ဥကမ(နိုင်)၁၂၁၁၄၈မှ တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ဒုဋ္ဌဝတီမြစ်ကမ်းနံဘေးက ကျေးရွာချင်းဆက် မြေသားလမ်းကို ကျောက်ချောလမ်းအဆင့်တိုးမြှင့်

မြစ်ငယ် မေ ၁၅

ဒုဋ္ဌဝတီမြစ်ခေါ် မြစ်ငယ်မြစ်ကမ်းနဖူးအနီးကပ်လျက် မြစ်ရိုးတစ်လျှောက် မြစ်နှင့်အပြိုင်ကပ်၍ တည်ရှိနေသော ကျေးရွာချင်းဆက်လမ်းကို ယခင်က မြေသားလမ်းအဖြစ်နှင့် နှစ်ပရိစ္ဆေဒကြာ ကြာရှိခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်ဖြင့် ကျောက်ချောလမ်းအဆင့် အကောင်အထည်ဖော်ဖောက်လုပ်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်အတွင်းရှိ စာတိုးမြို့ပြင်ကြီးကျေးရွာနှင့် တောင်ကိုင်းကင်းဘက် (ယခင်ပြည်တော်သာလမ်း) ကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံချက်ဖြင့် မတည်ငွေကျပ်သိန်း ၁၂၀ နှင့် ဒေသခံကျေးရွာများမှ ထည့်ဝင်ငွေများဖြင့် ကျောက်ချောလမ်း ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ ဖောက်ပေးခဲ့ခြင်းကြောင့် ယခင်က နွေရာသီနှင့် ဆောင်းရာသီများ၌သာ သွားလာမှုအဆင်ပြေခဲ့ရာမှ ယခုအခါ ရာသီမရွေးသွားလာနိုင်သော လမ်းအဖြစ်ပြောင်းလဲသွားပြီဖြစ်သည်။

စာတိုးမြို့ပြင်ကြီးကျေးရွာမှသည် ညောင်နီပင်၊ ညောင်ပင်စောင့်၊ ဆင်ရွာတလင်းကြီး၊ မြအင်း၊ ရွှေပေါက်ပင်နှင့် တောင်ကိုင်းကင်းဘက်အထိ ကျေးရွာများမှ ထွက်ရှိသော လယ်ယာစိုက်ပျိုးရေးအပြင် ဥယျာဉ်ခြံမြေများမှ သစ်သီး၊ သီးနှံများကို အချိန်မီဆောလျင်စွာဖြင့် တင်ပို့ရောင်းဝယ်ဖောက်ကားနိုင်ကြပြီဖြစ်သည်။

ထို့အပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ရွာသူရွာသားများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးများပါ ယခင်ကထက် တိုးတက်ကောင်းမွန်လာမည် ဖြစ်သည်။ ညောင်နီပင်ကျေးရွာမှ တောင်သူ ဦးညွန့်ဝေက" မိုးတွင်းဆိုရွံ့ဗွက်တွေနဲ့ သွားလာရတာ ကရိကထများတယ်။ ယခု ကျောက်ချောလမ်းဖြစ်သွားတော့ ရာသီမရွေးသွားလာလို့ရပြီ။ အရေးအကြောင်းဆိုအချိန်မီ သွားလာနိုင်ပြီဖြစ်လို့ စိတ်အေးရပါပြီ"ဟု ဝမ်းသာစကား ပြောသည်။

မောင်မောင်စိုး(မြစ်ငယ်)

၂၀၁၄ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ စာမူများဖိတ်ခေါ်

နေပြည်တော် မေ ၁၅

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနသည် ၂၀၁၄ခုနှစ် ဇွန် ၅ ရက်တွင် ကျရောက်မည့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်၌ ကျင်းပသွားမည် ဖြစ်သည်။ ယခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင် ထိန်းသိမ်းရေးနေ့အတွက်ဆောင်ပုဒ်မှာ "Raise your Voice, Not the Sea Level" ပင်လယ်မျက်နှာပြင်မြင့်တက်လာမှု တားဆီးဖို့ လူပ်ရှားမှုအသံတွေ မြှင့်တင်ကြစို့" ဖြစ်ပြီး အဆိုပါခေါင်းစဉ်ဖြင့် အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်သည်။

ယခုနှစ် ဆောင်ပုဒ်သည် ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် ကျင်းပမည့် ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များဆိုင်ရာ တတိယအကြိမ်ညီလာခံကို ကြိုဆိုသောအားဖြင့်လည်းကောင်း၊ ကျွန်းနိုင်ငံငယ်များတွင် ရင်ဆိုင်နေရသော ဘေးအန္တရာယ်များနှင့် အကာအကွယ်မဲ့မှုများ တိုးပွားလာမှုနှင့် ရာသီဥတုပြောင်းလဲမှုကြောင့် ကျွန်းငယ်များကိုကာကွယ်ရန် အကူအညီအရေးပေါ်လိုအပ်လာမှုတို့ကို ပိုမိုကျယ်ပြန့်စွာ သိရှိနားလည်စေရန်အတွက်လည်းကောင်းရည်ရွယ်၍ အဆိုပါ ဆောင်ပုဒ်ကို သတ်မှတ်ခြင်းဖြစ်သည်။ ကုလသမဂ္ဂက ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံငယ်များအား ကာကွယ်ရန်အတွက် ၂၀၁၄ ခုနှစ်အား အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးဆဲကျွန်းနိုင်ငံငယ်များနှစ်ဟု သတ်မှတ်ထားသည်။

ယခုနှစ်ဆောင်ပုဒ်၏ ရည်ရွယ်ချက်များနှင့် အသိပေးနှိုးဆော်ချက်များကို ပြည်သူအများ သိရှိလိုက်နာဆောင်ရွက်နိုင်ကြစေရန်၊ ယင်းတို့နှင့်စပ်လျဉ်း၍ မိမိတို့သီးခြားရေးသားတင်ပြလိုသည့် အချက်အလက်များ၊ သာဓကများပါဝင်သော အလွတ်တန်းဆောင်းပါးနှင့် စာစီစာကုံးများကို ရေးသားပေးပို့ ယှဉ်ပြိုင်ကြရန် ဖိတ်ခေါ်ထားသည်။

ဆောင်းပါးများကို A4ဆိုက် စာမျက်နှာ အနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိလည်းကောင်း၊ စာစီစာကုံးများကို A4 ဆိုက် စာမျက်နှာအနည်းဆုံး ငါးမျက်နှာမှ အများဆုံး ခုနစ်မျက်နှာအထိလည်းကောင်း၊ ကွန်ပျူတာစာလုံးWin-Innwa သို့မဟုတ် Myanmar Unicode (Myanmar2) စာလုံးအရွယ်အစား-၁၈ (Font size 18)၊ ကွန်ပျူတာစာလုံး Myanmar Unicode (Myanmar 3) စာလုံးအရွယ်အစား-၁၄ (Font size 14)၊ စာကြောင်းအကွာအဝေး ၁ ဒသမ ၅ (Line Spacing 1.5) ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရန်ဖြစ်သည်။

ပြိုင်ပွဲဝင်စာမူများပေးပို့ရာတွင် စာမူ (Hard copy) တစ်စုံနှင့် CD ဖြင့် (Soft copy) တစ်စုံ၊ ပြိုင်ပွဲဝင်သူ၏အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံတို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရုံးအမှတ်-၅၃ နေပြည်တော် ဖုန်း ၀၆၇-၄၃၁၃၂၅၊ ၀၆၇-၄၃၁၃၂၂၊ ၀၆၇-၄၃၁၃၁၈၊ အီးမေးလ်- env.myan@mptmail.net.mm သို့ ၂၀၁၄ခုနှစ် မေလ ၂၃ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်သည်။

ဆုရရှိသူများကို နေပြည်တော်၌ ကျင်းပမည့် ၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ထိုက်တန်စွာ ဆုချီးမြှင့်မည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကျိုင်းတုံတွင် ကင်းထောက်နည်းပြသင်တန်းဖွင့်

ကျိုင်းတုံ မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ အခြေခံပညာကျောင်းများတွင် ကင်းထောက်သင်တန်းများ ဖွင့်လှစ်ရေးအတွက် ဆရာ ဆရာမများအား နည်းပြသင်တန်း ပို့ချပေးမည်ဖြစ်ရာ သင်တန်းဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၉နာရီက ကျိုင်းတုံမြို့ အထက(၂) သံလွင်ခန်းမ၌ကျင်းပသည်။ သင်တန်းကို ကျောင်းသား ကျောင်းသူလေးများက ကင်းထောက်ကျောင်းသား ကျောင်းသူကလေးများ ပြည်သူ့အတွက်အဆင်သင့် သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးတင်မောင်ဆွေက အမှာစကားပြောကြားသည်။ ဆက်လက်၍ သင်တန်း၌ လိုက်နာရမည့်အချက်များကို ပြည်နယ်ပညာရေးညွှန်ကြားရေးမှူး ရုံးခွဲ(ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးစိတ်ငြိမ်းက ရှင်းလင်းပြောကြားသည်။ **မောင်မောင်နိုင်(iprd)**

မူးယစ်ဆေးဝါးကာကွယ်တားဆီးရေးနေ့ အထိမ်းအမှတ် ပြိုင်ပွဲများကျင်းပ

ပုလော မေ ၁၅

(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အထက်တန်းနှင့် အလယ်တန်းအဆင့် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီခွဲတွင်လည်းကောင်း၊ အလယ်တန်းအဆင့် ကွန်ပျူတာပန်းချီပြိုင်ပွဲကို မေ ၁၃ ရက် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း ပုလောမြို့နယ် အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ကျင်းပရာ ကျောင်းသား ကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ပုလောမြို့နယ်စခန်းမှူး ဒုတိယရဲမှူး သန်းထွန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ယုဇနနှင့် ဆရာ ဆရာမများက တက်ရောက်ကြည့်ရှုအားပေးကြသည်။

အဆိုပါပြိုင်ပွဲတွင် မူးယစ်ဆေးဝါးတိုက်ဖျက်စို့ ဒို့လူငယ်တွေစည်းရုံးစို့၊ မူးယစ်သားကောင်မဖြစ်စေရေး ဖေးမကူညီဝိုင်းဝန်းပေး၊ အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး၊ မူးယစ်စွဲသူ ဖေးမကူ ပြည်သူများတို့ ဝိုင်းဝန်းစို့၊ ကျန်းမာပြည့်ဝ ဘဝသုခ မူးယစ်ဆေးဆိုကင်းစင်မှ၊ မူးယစ်စွဲသူ ဖေးမကူ ညီတူလမ်းပြနိုင်ငံအလှ ဆိုသည့် ခေါင်းစဉ်များဖြင့် ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသော ကျောင်းသား ကျောင်းသူများအား(၁၇)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ဆုများ ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

Java Programming Framework (Struts, Spring, Hibernate)

Java Programming Framework ဘာသာရပ်သင်တန်းတွင် Java Programming Language ကို Struts, Spring and Hibernate Framework များနှင့် ချိတ်ဆက်အသုံးပြုပုံကို စာတွေ့လက်တွေ့ပိုင်နိုင်စွာသင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကို ပြီးမြောက်စွာတက်ရောက်ပြီးလျှင် J2EE's Enterprise Java Components များကို နားလည်သဘောပေါက်ပြီး ယနေ့ခေတ်တွင် ခေတ်စားနေသော Web-based application များကို ကိုယ်တိုင်ဖန်တီးတည်ဆောက်ရေးသားနိုင်ခြင်းနှင့် လုပ်ငန်းခွင်အတွင်းတွင် Software Projects များကို ခက်ခဲမှုမရှိဘဲ ရေးသားနိုင်ခြင်းအကျိုးကျေးဇူးများ ရရှိမည်ဖြစ်သည်။

Database Technologies (part-1)

Database & DBMS နှင့်ပတ်သက်သောအခြေခံသဘောတရားများနှင့် Data များကို Database ထဲသို့ သိမ်းဆည်းခြင်း၊ ပြန်လည်ထုတ်ယူခြင်း၊ မလိုအပ်သော Data များကို ဖျက်ပစ်ခြင်း၊ Data များကိုပြုပြင်ခြင်းများနှင့်၊ Database Adminstrator နှင့် Database Development များအနေနှင့် သိသင့်သော Database Server အား Management ပြုလုပ်ခြင်းများကို MySQL5.5 Database Server ကို အသုံးပြု၍ စာတွေ့လက်တွေ့ဖြင့် ၂၄-၅-၂၀၁၄ ရက် မေလမှစတင်ကာ စနေ၊ တနင်္ဂနွေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီ၊ နံနက် ၁၁ နာရီမှ မွန်းလွဲ ၁ နာရီအထိ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ နှစ်လကြာမည်ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက Cats ICT Training Center၊ ၁၃/၁၄ ကျိုက်ဝိုင်းဘုရားလမ်း၊ ဖုန်း-၀၉-၂၅၀၂၈၈၈၃၁၊ ၀၉-၃၁၆၂၁၈၈၈ တို့သို့ ဆက်သွယ်မေးမြန်း၍ မေ ၂၃ ရက် နောက်ဆုံးထားစာရင်းပေးသွင်းနိုင်ပါသည်။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ မြေကွက်အမှတ် (၈၀၆/ခ)ဟုခေါ်တွင်သော မြေဧရိယာအကျယ်အဝန်း အလျား × အနံ ပေ(၂၀×၆၀) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် (၈၀၆/ခ)၊ ဇာဂ ၁၉ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ဒေါ်ရှယ်လီ(ခ) ဒေါ်ချယ်ရီ (V/RGN-000331) ဂရန်အမည်ပေါက်ဖြစ်ပြီး၊ ၎င်းထံမှ ဦးရဲစိုးနှင့် ဒေါ်စန်းစန်းသွင်၊ ၎င်းတို့မှတစ်ဆင့် ဦးစိုးသိန်း ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး၊ ၎င်းမှတစ်ဆင့် လက်ဝယ်ဝယ်ယူပိုင်ဆိုင်သူ ဒေါ်ယဉ်ကြည် ၁၂/ဗတထ(နိုင်) ၀၀၂၈၇၈ထံမှ ကျွန်ုပ်မိတ်ဆွေများမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏အချို့တစ်ဝက်အား စရန်ငွေအဖြစ်ပေးချေပြီးဖြစ်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း၊ အထောက်အထားမူရင်းများဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။

အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပိုးအိအိစံ LL.B, LL.M
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၀၅၀)
အမှတ် ၆၅၂၊ ဇာနည် ၁၄ လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၄၉၃၁၆၅၉၅၊ ၀၉-၂၅၀၆၄၃၈၃၄

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံအရှေ့မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၈၀၆/က၊ မြေကွက်တည်နေရာအမှတ် ၈၀၆/က၊ (၈)ရပ်ကွက်၊ ဒဂုံအရှေ့မြို့နယ် ဒေါ်တင်သီတာစိုး အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်တင်သီတာစိုး ကွယ်လွန်သဖြင့် ဦးအောင်ဝင်းနိုင် ၁၂/ဗဟန(နိုင်)၀၈၁၅၄၀ က တရားဝင်တစ်ဦးတည်းသော ခင်ပွန်းဖြစ်ကြောင်း ကျမ်းကျိန်လွှာနှင့်သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀၊ မြေကွက်အမှတ် ၆၅၇/ခ၊ မြေကွက်တည်နေရာအမှတ် (၆၅၇/ခ)၊ ၂၂လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ (ဒေါ်စိန်တင်) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဒေါ်စိန်တင် AC-၀၂၄၇၇၂ က ဂရန်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်းနှင့်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်များတင်ပြ၍ နှစ် ၆၀ မြေငှားစာချုပ်ဂရန်မိတ္တူ လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ် (၄၅)၊ မြေကွက်အမှတ် (၆/ခ)၊ မြေကွက်တည်နေရာအမှတ်(၆/ခ)၊ ပန်းရိုက်လမ်း၊(င/က)ရပ်ကွက်၊သဃ်္ဃန်းကျွန်းမြို့နယ်၊ ဦးအောင်မြင့် ၁၂/သဃက(နိုင်) ၁၃၆၇၁၅ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအောင်မြင့် (ခင်ပွန်း) ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအေး ၁၂/သဃက(နိုင်)၁၂၆၅၈၀က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် ၁/ထူပါရုံ၊ မြေကွက်အမှတ်(၁၂၂၄)၊ မြေကွက်တည်နေရာအမှတ် (၁၂၂၄)၊ ထူပါရုံ ၄ လမ်း၊ (၁)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်မြသန်းအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်မြသန်း ၁၂/သကတ(နိုင်)၀၉၃၃၇၄ မှ ဂရန်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၇၈၅၊ မြေကွက်တည်နေရာအမှတ် ၇၈၅၊ ရန်ပြေ ၁၅ လမ်းအနောက်၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဦးမြဟန်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးမြဟန်(ခင်ပွန်း) ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်သိန်းသိန်းရီ ၁၂/သကတ(နိုင်)၀၄၀၆၈၆ ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၆၅၇/၂၀၀၄ ရရှိသူ ဦးရဲကျော်ဦး ၁၂/တတန(နိုင်)၁၀၆၇၅၃မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ (၁) အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်၊ (၂)အပိုင်ပေးစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၂၉၉/ခ၊ မြေကွက်တည်နေရာအမှတ် ၂၉၉/က၊ အနော်မာ ၇လမ်း၊ အမှတ်(၁)ရပ်ကွက်၊ သာကေတမြို့နယ် (ဦးလှ)အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးလှ (ခင်ပွန်း)ကွယ်လွန်သဖြင့် တစ်ဦးတည်းသောဇနီး ဒေါ်တင်ညွန့် ၁၂/သကတ(နိုင်) ၀၄၉၀၅၀ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၇၂၂၀/၂၀၁၃ ရသူ ဦးဝင်းကြွယ် ၁၂/စခန(နိုင်)၀၅၈၆၄၁ မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သန်းခေါင်စာရင်းမေးခွန်းပုံစံများ စနစ်တကျ လက်ခံစစ်ဆေး ဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၁၅

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း မြေပြင်ကွင်းဆင်း ကောက်ယူခြင်း လုပ်ငန်းစဉ်ကြီးကို ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောင်မြင်စွာ ကောက်ယူဆောင်ရွက်နိုင်ခဲ့ပြီဖြစ်သည်။ ယင်းသို့ ကောက်ယူရာတွင် အိမ်ထောင်စုတစ်စုလျှင် မေးခွန်း(၄၁)ချက်၊ အဖွဲ့အစည်းဆိုင်ရာများကို မေးခွန်း(၁၁)ချက်စီ မေးမြန်းကောက်ယူခဲ့ခြင်းဖြစ်ပြီး နိုင်ငံတစ်ဝန်းလုံးအနေဖြင့် ဧပြီ ၁၀ ရက်အထိ စုစုပေါင်း အိမ်ထောင်စု ၁၀၇၁၉၈၈၇ စုကို သန်းခေါင်စာရင်း မေးခွန်းများ မေးမြန်းကောက်ယူနိုင်ခဲ့ကြောင်းနှင့် ကောက်ယူရန် ကျန်ရှိနေသေးသည့် ဒေသအချို့တွင်လည်း သန်းခေါင်စာရင်း ဥပဒေနှင့်အညီ ဖြစ်နိုင်သမျှ ဆက်လက်ကောက်ယူရန် ညှိနှိုင်းစီစဉ် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

နေရာဒေသအသီးသီး၌ မြေပြင်ကွင်းဆင်းကောက်ယူပြီးဖြစ်သည့် သန်းခေါင်စာရင်း မေးခွန်းပုံစံများကို စနစ်တကျထုပ်ပိုးပြီး သက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန တိုင်းဒေသကြီး၊ ပြည်နယ်ဦးစီးဌာနမှူးများက ကြီးကြပ်၍ ကြိုတင်စီစဉ်ဆောင်ရွက်ပေးထားသည့် စုစုပေါင်း မော်တော်ယာဉ် ၆၃ စီး၊ ရေယာဉ်တစ်စင်းတို့ အသုံးပြုကာ ၂၀၁၄ ခုနှစ် ဧပြီ ၂၄ ရက်မှစတင်၍ ခရိုင်နှင့်မြို့နယ် အလိုက်အဆင့်ဆင့် သယ်ဆောင်ပြီး နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာနသို့ ပို့ဆောင်လျက်ရှိသည်။

ထို့နောက် ရောက်ရှိလာသည့် သန်းခေါင်စာရင်းမေးခွန်းပုံစံများအား နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက မြို့နယ်အလိုက် မေးခွန်းပုံစံများကို လက်ခံ၍ စာရင်းကောက် ကွက်တစ်ကွက်ချင်းအလိုက် ပုံစံများနှင့် ကောက်ကွက်စာရင်းချုပ်တို့ကို တိုက်ဆိုင်စစ်ဆေးပြီးနောက် ပြည့်စုံမှန်ကန်ပါက သတ်မှတ်ကတ္တူပုံးများဖြင့် ပြန်လည်ထုပ်ပိုး၍ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ မြို့နယ်အလိုက် မှတ်တမ်းစင်များပေါ်သို့ စနစ်တကျတင်ဆောင် ထိန်းသိမ်းဆောင်ရွက်လျက် ရှိကြသည်။

တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် သန်းခေါင်စာရင်း မေးခွန်းပုံစံများအားလုံး ဒေသအသီးသီးမှ နေပြည်တော်ရုံးချုပ်သို့ မကြာမီကာလတွင် ရောက်ရှိကြမည်ဖြစ်ပြီး ၎င်းပုံစံများအား စနစ်တကျ လက်ခံစစ်ဆေးပြီးနောက်ပိုင်းတွင် ဝန်ကြီးဌာနရှိဝန်ထမ်းများအား နေ့ဆိုင်း၊ ညဆိုင်းခွဲကာ Optial Mark Reader (OMR) စက်ရှစ်လုံးအသုံးပြု၍ စာရင်းဇယားများ မှတ်တမ်းသွင်းဖတ်ယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက သတင်းရရှိသည်။

(သတင်းစဉ်)

မိုဘိုင်းဖုန်းသုံးစွဲရာတွင် လွယ်ကူစေရန်အတွက် တာဝါတိုင်များတည်ဆောက်

စစ်ကိုင်း မေ ၁၅

စစ်ကိုင်းမြို့နယ်နေပြည်သူများ မိုဘိုင်းဖုန်းသုံးစွဲရာတွင် လွယ်ကူချောမွေ့စေရေးအတွက် မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာနမှ ပြင်ပကုမ္ပဏီများနှင့်စာချုပ်ချုပ်ဆို၍ တာဝါတိုင်များ တည်ဆောက်လျက်ရှိသည်။

အသစ်တည်ဆောက်လျက်ရှိသော တာဝါတိုင်များမှာ စစ်ကိုင်းမြို့ ဆက်သွယ်ရေး (စာတိုက်)ရုံးဝင်းအတွင်း၌ အမြင့် ၄၂ မီတာမြင့်သော တာဝါတိုင်တစ်တိုင်၊ စိန်ကုန်းရပ်ကွက်၊ ခါမင်းဝဲအောင်စကြာကျောင်းဝင်းအတွင်း၌ တာဝါတိုင်တစ်တိုင်၊ ပန်းဘဲတန်းကျောင်းဝင်း ရွာထောင်၌ တာဝါတိုင်တစ်တိုင်၊ ညောင်ပင်ဝန်းကျေးရွာ တံတားဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်းတွင် တစ်တိုင်နှင့် မင်းကွန်းဒေသတွင်တစ်တိုင် တိုးချဲ့တပ်ဆင်လျက်ရှိသည်။ အထက်ပါတာဝါတိုင်များကို အေရှားမက်ကာလင့်ကုမ္ပဏီမှ တည်ဆောက်တပ်ဆင်ခြင်းဖြစ်သည်။

တာဝါတိုင်တပ်ဆင်ပြီးစီးသော နေရာများမှာ စစ်ကိုင်းအော်တိုတွင် တာဝါတိုင်တစ်တိုင်၊ ငါးထပ်ကြီးဘုရားဝင်းတွင် တာဝါတိုင်တစ်တိုင်၊ ရွှေမင်းဝံပန်းခြံအနီးတွင် တာဝါတိုင်တစ်တိုင်၊ ရွှေဘုန်းပွင့်စေတီတော်အနီးတွင် တာဝါတိုင်တစ်တိုင်၊ ကောင်းမှုတော်ဘုရားကြီးဝင်းအတွင်း၌ တာဝါတိုင်တစ်တိုင်နှင့် စစ်ကိုင်းစက်မှုဇုန်တွင်တစ်တိုင် စုစုပေါင်းတာဝါတိုင် ခြောက်တိုင်ကို မြန်မာပိတောက်ကုမ္ပဏီက တည်ဆောက်ပြီးစီးခဲ့ကြောင်း သိရသည်။ စုစုပေါင်း တာဝါတိုင် ၁၁ တိုင်တည်ဆောက်လျက်ရှိသည့်အနက် ခြောက်တိုင် တည်ဆောက်ပြီးစီးပြီဖြစ်သည်။ **(အပေါ်ပုံ)**

စစ်ကိုင်းမြို့ မြန်မာ့ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီး ဌာနအနေဖြင့် ၂၀၁၃ ခုနှစ် ဧပြီလမှစတင်၍စစ်ကိုင်းမြို့နယ်နေရပ်ာန်းရှင်လူပြည်သူများအား CDMA ဖုန်းကတ် ၂၇၀၂၇၊ GSM ဖုန်းကတ် ၇၅၀၀ နှင့် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစတင်၍ နိုင်ငံ့ဝန်ထမ်းဟောင်း ပင်စင်စားများအား CDMA ဖုန်းကတ် ၁၁၀၀ ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စိစစ်၍ချထားပေးခဲ့သည်။ တာဝါတိုင်များ တပ်ဆင်ပြီးစီးပါက မြို့ပေါ်ရှိ မိုဘိုင်းဖုန်းအသုံးပြုသူများနှင့် မန္တလေး-စစ်ကိုင်း-မုံရွာ-ကားလမ်းပေါ်တွင် သွားလာနေကြသော ပြည်သူများလွယ်ကူချောမွေ့စွာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထွေးမြင့်နိုင်(စစ်ကိုင်း)

ကျေးရွာချင်းဆက် ချောင်းကူးတံတားဆောက်

မော်လူး မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးဒေသ မော်လူးကျေးရွာအုပ်စု လွင်ဦးကျေးရွာနှင့် ညောင်ပင်သာကျေးရွာကို ဆက်သွယ်ပေးမည့် ကျေးရွာချင်းဆက် ချောင်းကူးတံတားကို ကျေးရွာသူ ကျေးရွာသားများ၏ စုပေါင်းလုပ်အားဖြင့် မေ ၁၂ ရက် နံနက် ၇ နာရီမှ စတင်ကာ ဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယင်းချောင်းကူးတံတားမှာ အရှည်ပေ ၂၀၀၊ အကျယ် ကိုးပေ၊ အမြင့် ၁၇ပေ ရှိကြောင်း၊ တံတားပြီးစီးသည်အထိ ခန့်မှန်းကုန်ကျငွေမှာ ငွေကျပ် ၄၅ သိန်းခန့် ဖြစ်နိုင်ကြောင်း၊ ချောင်းကူးတံတားပြီးစီးသွားပါက ကျေးရွာနှစ်ရွာမှ ဒေသခံပြည်သူများ၏ သွားလာရေး အဆင်ပြေ ချောမွေ့နိုင်မည်ဖြစ်ကြောင်း သိရသည်။

ခင်မောင်ဆွေ

ကျောင်းအပ်ရာသီ ရောက်လို့လာပြီ

ရန်ကုန် မေ ၁၅

ကျောင်းအပ်ရာသီ ရောက်လို့လာပြီဖြစ်သည်။ မိဘများက မိမိတို့သား သမီး ကျောင်းအပ်နှံရေးအတွက် စုံစမ်းကြရ၊ ကျောင်းဝတ်စုံအတွက် စီစဉ်ကြရပြန်လေပြီ။

ရန်ကုန်မြို့တွင် ကျောင်းအပ်နှံရေးရက်မှာ ကျောင်းတစ်ကျောင်းနှင့် တစ်ကျောင်းမတူကြပါ။ ဗိုလ်တထောင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်းတွင် သူငယ်တန်းသို့ စတင်တက်ရောက်မည့် ကျောင်းသား ကျောင်းသူသစ်များအတွက် ကျောင်းဝင်ခွင့်လျှောက်လွှာကို မေ ၁ ရက် မှ ၅ ရက်အထိ ထုတ်ပေးပြီ ၅ ရက်မှ ၈ ရက်အထိ အဆိုပါကျောင်းတွင် လျှောက်လွှာ ပြန်လည်တင်ကြရမည်ဖြစ်ကြောင်း၊ လိုအပ်သော စာရွက်စာတမ်းများလည်း ယူဆောင်လာရမည်ဖြစ်ကြောင်း၊ကျောင်း၏ကြေညာထားချက်အရ သိရသည်။

ကျောင်းသားဟောင်းများကို မေ ၂၅ ရက်တွင် ပထမတန်းနှင့်ဒုတိယတန်း၊ ၂၆ ရက်တွင် တတိယတန်းနှင့် စတုတ္ထတန်း၊ ၂၇ ရက်တွင် ပဉ္စမတန်းနှင့်ဆဋ္ဌမတန်း၊ ၂၈ ရက်တွင် သတ္တမတန်းနှင့် အဋ္ဌမတန်း၊ ၂၉ ရက်တွင် နဝမတန်းနှင့် ဒသမတန်းတို့ကိုလည်းကောင်း၊ ၃၀ ရက်တွင် သူငယ်တန်းနှင့် ကျောင်းသားအသစ်များ၊ ၃၁ ရက်တွင် အတန်းစုံတို့ကိုလည်းကောင်း၊ နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျောင်းအပ်လက်ခံသွားမည်ဖြစ်သည်။ ကျောင်းသားဟောင်းများသည် ကျောင်းအပ်လျှင် အောင်လက်မှတ်များယူဆောင်လာပြီး မိဘ (သို့မဟုတ်)အုပ်ထိန်းသူ ပါရှိရမည်ဟု သိရှိရသည်။

ထိုနည်းတူ ဒဂုံမြို့နယ် အခြေခံအထက်တန်းကျောင်း တစ်ကျောင်းကလည်း ကျောင်းသားအဟောင်းအသစ်လက်ခံရက်မှာ မေ ၂၄ ရက်မှ ၂၆ ရက်အထိဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ၁၁ နာရီအထိကို ကျောင်းတွင်းအားကစားရုံ၌ နဝမတန်းနှင့် ဒသမတန်းကိုလည်းကောင်း၊ ကျောင်းခန်းမ၌ သတ္တမတန်းနှင့် အဋ္ဌမတန်းတို့ကိုလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ပထမတန်းမှ စတုတ္ထတန်းအထိ အားကစားရုံနှင့် ပဉ္စမတန်းနှင့် ဆဋ္ဌမတန်းတို့ကို ကျောင်းခန်းမ၌လည်းကောင်း လာရောက်အပ်နှံနိုင်ကြောင်းနှင့် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် နဝမတန်းခွဲတမ်းကို နံနက် ၈ နာရီမှ ၁၁ နာရီအထိ ကျောင်းခန်းမ၌လည်းကောင်း၊ ပဉ္စမတန်းခွဲတမ်းကို မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ အားကစားရုံ၌လည်းကောင်း၊ ၂၉ ရက်တွင် ကြားတန်းကျောင်းသားသစ်များကို လည်းကောင်း၊ ၃၀ ရက်နှင့် ၃၁ ရက်တွင် သူငယ်တန်းများကို လည်းကောင်း ကျောင်းအပ်နှံ လက်ခံသွားမည်ဖြစ်ကြောင်း အဆိုပါကျောင်း၏ ကြေညာချက်အရ သိရသည်။

ခင်ချိုဝင်း

ဒေါ်ဇင်မာမြင့် ၁၂/ဥကတ(နိုင်)၁၅၈၀၁၁နှင့် ကိုသက်နိုင်စိုး ၁၀/ရမန(နိုင်)၀၉၀၃၁၃ နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ကလျာသက်နွယ်စိုး ၁၂/တမန(နိုင်)၁၀၂၄၉၁၏ လွှဲအပ်ညွှန်ကြားချက်အရ အကြောင်းကြားသိစေအပ်ပါသည်။

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ အနော်မာ ၇ လမ်း၊ အမှတ် ၇၉၆နေ ဒေါ်ဇင်မာမြင့် (ဘ)ဦးတင်မောင်မြင့်နှင့် ခင်ပွန်း ဦးသက်နိုင်စိုးသည် ကျွန်ုပ်၏မိတ်ဆွေထံသို့ လာရောက်၍ ယုံကြည်အောင်ပြောဆိုပြီး ငွေကြေးအကူအညီတောင်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်သည့်အလျောက် **နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်းကတိစာချုပ်**ပြုလုပ်၍ ၂-၄-၂၀၁၂ရက်စွဲဖြင့် ဒေါ်ဇင်မာမြင့်နှင့် ဦးသက်နိုင်စိုးတို့ဇနီးမောင်နှံက ငွေကြေးအကူအညီပေးခဲ့ပါသည်။

ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်ဇင်မာမြင့်တို့ ဇနီးမောင်နှံ သဘောတူထားသည့် ၂-၉-၂၀၁၂ ရက်တွင် ပေးအပ်ထားသောငွေများ ပြန်လည်ပေးဆပ်ပါမည်ဟု ဝန်ခံကတိပြုထားသော်လည်း ယနေ့အထိ ပြန်လည်ပေးဆပ်ခဲ့ခြင်းမရှိခဲ့ပါ။ ဖုန်းဖြင့်ဆက်၍ တောင်းခံသော်လည်း ရက်ချိန်းများကို အကြိမ်ကြိမ်ရွှေ့၍ ရှောင်လွှဲနေခဲ့ပါသည်။ သို့ပါ၍ ကျွန်ုပ်၏မိတ်ဆွေအနေဖြင့် ငွေကြေးထိခိုက်နစ်နာလျက်ရှိပါသောကြောင့် ဤကြေညာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လူကြီးမင်းတို့ ရယူသွားသော ငွေကြေးများအားပြန်လည်ပေးဆပ်ပါရန်နှင့်ပေးဆပ်ခြင်းမပြုပါက တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဒေါ်ကလျာသက်နွယ်စိုး
၁၂/တမန(နိုင်)၁၀၂၄၉၁

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့် (တရားလွှတ်တော်ရှေ့နေ)
Ph.D(Thesis), M.A(Law), M.A(Anthropology),B.A, H.G.P, R.L, Dip in Eng, D.B.L, D.M.L, D.I.L, D.A Psy, D.I.R, D.S.W D.A.E, D.I.P(WIPO) (စဉ်-၄၄၇၈)
အမှတ် ၃၈၃၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၃၇၅၉၅၊ ၀၉-၂၅၀၁၈၁၀၆၀၊ ၀၉-၇၃၂၁၈၀၀၂

ဒေါ်သိမ့်သိမ့်ထွန်း (အထက်တန်းရှေ့နေ)
LL.B, M.A (Business Law)
D.B.L, D.M.L, D.I.L
(စဉ်-၃၄၃၇၇)

အများသိစေရန်အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်(၆၀၇/က) အကျယ်အဝန်းစတုရန်းပေ ၁၂၀၀ အကျယ်ရှိမြေကွက်တည်ရှိရာ သာကေတမြို့နယ်၊ (၄/တောင်)ရပ်ကွက်၊ မြို့မ ၁လမ်း၊ အမှတ် ၆၀၇-ခ ဟုခေါ်တွင်သော ဒေါ်အေးအေးမြင့် အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဦးဝင်းမောင် ၁၂/ကတတ(နိုင်)၀၁၁၅၃၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ သက်ဆိုင်သည့်စာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွေဇင်ဦး LL.B (စဉ်-၂၇၅၉၈)
ဒေါ်ဝင်းပပ LL.B (စဉ်-၃၉၄၁၈)
ဦးကိုကိုအောင် LL.B (စဉ်-၃၉၉၃၈)

အထက်တန်းရှေ့နေများ
U Aung Zaw Myo Law Firm
အမှတ် ၅၀၊ (မြေညီထပ်)၊ ၃၉ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၄၂၃၁၊ ၀၉-၈၆၁၄၅၁၂၊ ၀၉-၄၉၂၀၈၄၀၂၊ ၀၁-၂၄၂၇၁၅

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာရှိ တိုက်အမှတ် ၁၁၊ အခန်းအမှတ် ၁၀၆ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန် ၁၂/ဗဟန(နိုင်)၀၀၉၀၁၀ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ထွေး ၁၂/ဗဟန(နိုင်)၀၇၈၆၇၀က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်းစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ အင်ကြင်းမြိုင်အိမ်ရာရှိ တိုက်အမှတ် ၇၊ အခန်းအမှတ် ၃၀၄ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးသန်းထွန်း ၁၂/ဗဟန(နိုင်)၀၃၀၆၁၁၊ ဒေါ်တင်လှ ၁၂/ဗဟန(နိုင်)၀၇၂၇၈၄ ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူထားသူ ဒေါ်ခင်ခင်ထွေး ၁၂/ဗဟန(နိုင်)၀၇၈၆၇၀က ပိုင်ရှင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်ပါက ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/အနော်မာ၊ မြေကွက်အမှတ် ၃၁(က)၊ မြေကွက်တည်နေရာအမှတ် ၃၁၊ ဇေယျာဝဏ်အတွင်းလမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ် (ဒေါ်နွဲ့) အမည်ပေါက် နှစ် ၆၀ဂရန်မြေအားအမည်ပေါက် ဒေါ်နွဲ့(မိခင်)နှင့် ဦးထွန်းကြိုင်(ဖခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်မြရီ ၁၂/သကတ(နိုင်)၀၄၇၉၀၃မှသေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀/မြောက်)၊ မြေကွက်အမှတ် ၂/က၊ မြေကွက်တည်နေရာအမှတ်(၂/က)၊ လယ်ယာ ၄လမ်း၊ ၁၀/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးကျော်စိန်)အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးကျော်စိန်(ဖခင်) ဒေါ်ရွှေ(မိခင်)နှင့်သားတစ်ဦးဖြစ်သူ ဦးသိန်းဇံသည် (လူပျိုကြီး)ဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်သားသမီးများဖြစ်သော (၁) ဦးသန်းမြင့် ၁၂/သကတ(နိုင်)၂၀၃၂၆၂၊ (၂) ဒေါ်မြင့်မြင့်သန်း ၁၂/သကတ(နိုင်)၀၇၀၁၄၆ တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေး/တောင်၊ မြေကွက်အမှတ် ၃၉၅/ခ၊မြေကွက်တည်နေရာအမှတ် (၃၉၅/ခ)၊ အောင်ချမ်းသာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးအဗ္ဗဒူအဇစ် DKU-၀၀၈၉၅၀ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးအဗ္ဗဒူအဇစ်(ဖခင်)နှင့် ဒေါ်ကွန်စွန်ဘီ(မိခင်)တို့ ကွယ်လွန်သဖြင့် ၁။ ဦးစိုးနိုင် ၁၂/သဃက(နိုင်)၁၅၃၇၆၁၊ ၂။ ဒေါ်မြင့်မြင့်ခိုင် ၁၂/သဃက(နိုင်)၁၅၃၅၁၄ တို့က သားသမီးတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် GP No. ၁၀၆၉၈၊ ၂-၇-၂၀၁၃ ရသူ ဦးစွမ်းရည်ဇော် ၁/မကန(နိုင်)၁၄၈၀၉၂မှ ပါဝါပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါရုပ်သိမ်းခြင်းမရှိသေးကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၊ ကံဘဲ့၊ မြေကွက်အမှတ် ၆၈/ဃနှင့် ၆၈/င၊ မြေကွက်တည်နေရာအမှတ် ၁၂၊ ပြည်သာယာလမ်း၊ (၁၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ဦးစံအေး၊ ဒေါ်ကြည်ကြည်ညွန့်(မြို့မြေစာရင်းတွင် မှတ်ပုံတင်အမှတ်မပါပါ) အမည်ပေါက် နှစ် ၆၀ဂရန်မြေနှစ်ကွက်အား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးစံအေး ၁၂/ရကန(နိုင်)၀၅၆၉၁၇ ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ဖြစ်သူ ဒေါ်အုန်းကြည်(ခ)ဒေါ်ကြည်ကြည်ညွန့် ၁၂/ရကန(နိုင်)၀၄၃၃၈၂က ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ မြေကွက်အမှတ် ၆၈/ဃအား ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်နှင့် မြေကွက်အမှတ် ၆၈/cအား ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကြိုးတုပ်ရိုက်သည့်ပွဲစားကို ဖမ်းဆီးပြီး လူကုန်ကူးခံရသူ မြန်မာအလုပ်သမား သုံးဦးကို ကယ်တင်

ဗန်ကောက် မေ ၁၅

ထိုင်းနိုင်ငံမြို့တော် ဗန်ကောက် အနီးရှိ နကပထုန်နယ်မြေ အုန်းယိုင် Big C ကုန်တိုက်အနီး ခစ်ဖန် ၅ လမ်းတွင်ရှိသော ရေခဲအရောင်းဆိုင်တွင် အလုပ်လုပ်ကိုင်နေကြသည့် မြန်မာ အလုပ်သမားများအား ကြိုးတုပ်၍ရိုက်နှက်ကာ အဓမ္မအလုပ်ခိုင်းစေခဲ့သည့် မြန်မာပွဲစားကို ဖမ်းဆီးလိုက်နိုင်ပြီဖြစ်ကြောင်းနှင့် အဆိုပါ လူကုန်ကူးခံနေရသည့် မြန်မာ အလုပ်သမား သုံးဦးအား ပူပေါင်းအဖွဲ့တို့က မေ ၁၂ ရက်က ကယ်တင်လိုက်နိုင်ခဲ့ကြောင်း ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Associationin Thailand)မှ ဆက်သွယ်ပြောချက်အရ သိရသည်။

အဆိုပါ အဓမ္မအလုပ်ခိုင်းခံနေရသည့် မွန်ပြည်နယ် သိမ်ဇရပ်မှ မျိုးမင်းအောင်(၂၀နှစ်)၊ ဝေဇင်ထက်(၁၉ နှစ်)နှင့် ကျော်ဇင်ထိုက် (၁၈ နှစ်) တို့သုံးဦးကို တစ်ဦးလျှင် ဘတ်ငွေ ၈၅၀၀ သာ ပေးဆပ်ရမည်ဟု ဆိုကာ ပွဲစား ချစ်ပိုလင်းဆိုသူက ပြောခဲ့ကြောင်းနှင့် ယောက္ခမဖြစ်သူ ဒေါ်ငွေငွေကို ထိုင်းနိုင်ငံအတွင်းသို့ ပို့ဆောင်ခိုင်းစေခဲ့ပြီး တစ်ရပ်ကွက်တည်းနေထိုင်ကြသည့် အဆိုပါ သုံးဦးနှင့်အတူ အခြားသုံးဦး စုစုပေါင်း ခြောက်ဦးတို့ကို ထိုင်းနိုင်ငံသို့ ခေါ်ယူခဲ့ခြင်းဖြစ်ကြောင်းဖြင့် အလုပ်သမားများက ပြောခဲ့သည်။

ရေခဲအရောင်းဆိုင်တွင် နှစ်လခွဲကျော်ကြာ အလုပ်လုပ်နေစဉ် ကာလအတွင်း နေ့စဉ် နံနက် ၄ နာရီ အိပ်ရာမှထကြရပြီး ပွဲစားက နှိုး၍ ချက်ချင်းအိပ်ရာမှ မထပါက အိမ်သာထဲမှ ရေခပ်၍ မျက်နှာများကိုလောင်း၍ နှိုးသည်ဟုဆိုသည်။ ထို့အပြင် နံနက်စာ တစ်စုံတစ်ခု မစားရဘဲ တောက်လျှောက် ရေခဲကြိတ်ခွဲ၊ သယ်/ပို့အလုပ်လုပ်ခဲ့ကြရပြီး မွန်းလွဲ ၁ နာရီမှသာ နံနက်စာ ထမင်းစားကြရကာ ည ၇ နာရီကျော် အလုပ်သိမ်းပြီးနောက်ပိုင်းမှ ညစာထမင်းစားကြရသည်ဟု အလုပ်သမားများက ပြောခဲ့သည်။ မူလက အလုပ်သမားတစ်ဦးကို လုပ်ခလစာ တစ်လလျှင် ဘတ်ငွေ ၈၅၀၀ ပေးမည်ဟု ပြောဆို၍ ခေါ်ယူခဲ့သော်လည်း လမ်းစရိတ် ဘတ်ငွေ ၂၅၀၀၀ ပေးရမည်ဟု ပွဲစားက ပြောဆိုထားကြောင်း အလုပ်သမားများက ပြောသည်။

ပြီးခဲ့သည့် မေ ၈ ရက် ညနေပိုင်းက အဆိုပါအလုပ်သမားများထဲမှ မျိုးမင်းအောင်ဆိုသည့် အလုပ်သမား ငယ်တစ်ဦးက ပွဲစား ချစ်ပိုလင်း နှိပ်စက်မှုကို မခံနိုင်တော့သဖြင့် ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ ဆက်သွယ်အကူညီတောင်းခံလာခဲ့ခြင်းလည်း ဖြစ်သည်။ MAT အဖွဲ့မှ ထိုင်းတောင်ပိုင်းအခြေစိုက် ပညာရေးဖွံ့ဖြိုးရေးဖောင်ဒေးရှင်း FED နှင့် ညှိနှိုင်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေး အထူးရဲတပ်ဖွဲ့ AHTD နှင့်အတူ သွားရောက်ကယ်ထုတ်ပြီးနောက် နကပထုန် လဝကရုံးတွင် လိုအပ်သည့်စစ်ဆေးချက်များကိုယူခဲ့ကြကြောင်း မေ ၁၂ ရက် မွန်းလွဲပိုင်းတွင် တရားရုံးမှ ဖမ်းဝရမ်းရရှိပြီးနောက် ပွဲစား ချစ်ပိုလင်းကို ဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။

ဖမ်းဆီးခံရသော ပွဲစား ချစ်ပိုလင်းသည် အဓမ္မခိုင်းစေခံရသည့် မြန်မာ အလုပ်သမားများထဲမှ ဝေဇင်ထက် (၁၉ နှစ်)၏ ဘယ်ဘက် လက်ကောက်ဝတ်ကို ပြတ်ထပေါက်တွင် ကြိုးချည်ပြီးနောက် ယာလက်ကောက်ဝတ်ကို ဝရန်တာတွင် ကြိုးစည်းကာ ဝါတ်ကြိုးဖြင့် ရိုက်နှက်ခြင်း၊ နံစောင်းအား ခြေထောက်ဖြင့် ကန်ကျောက်ခြင်း၊ မျက်နှာကိုလက်သီးဖြင့် ထိုးနှက်နှိပ်စက်ခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ညှဉ်းပန်း နှိပ်စက်ခံရသော မြန်မာအလုပ်သမား ဝေဇင်ထက်က "ကျွန်တော်ခုထိ စကားမပြောနိုင်ဘူး ဖြစ်နေတယ်။ လက်တွေလည်း နာနေတယ်။ ဘာလစွည်းမှ ကိုင်လို့မရဘူး ဖြစ်နေပါတယ်။ ပါးစပ်ကလည်း အောင့်နေပါတယ်။ ကျွန်တော့်ကို မြန်မြန်အိမ်ပြန်ပို့ပေးကြပါစေ"ဟု ပူပေါင်းအဖွဲ့များအား ငိုယိုပြောခဲ့ကြောင်းသိရသည်။ ထို့အပြင် အဆိုပါ ပွဲစားသည် အခြားနှစ်ဦးကိုလည်း လက်သီးဖြင့် ထိုးခဲ့ဖူးကြောင်း၊ အချို့ရည်ပုလင်းများဖြင့် မကြာမကြာ ပစ်ပေါက်လေ့ရှိတတ်ကြောင်း၊ ထမင်းကျွေးလျှင်လည်း မျိုဆို့ဟူ၍ ဆဲဆိုကြောင်း အလုပ်သမားများက ပြောခဲ့သည်။

အဓမ္မခိုင်းစေခံခဲ့ရသူ မြန်မာ အလုပ်သမား သုံးဦးအား မြို့နယ်အတွင်းရှိ ထိုင်းနိုင်ငံ အလုပ်အားဦးစီးဌာနမှ ၇၅ ရက်စာ လုပ်အားခအတွက် စားစရိတ်နှုတ်ကာ ရှင်းပေးခဲ့ပြီးနောက် တရားရုံးတွင် သက်သေထွက်ဆိုရန်အတွက် ပထုန်ဌာနီ ကယ်ဆယ်ရေးစခန်းထဲသို့ ပို့ဆောင်လိုက်ကြောင်းသိရပြီး အကြမ်းဖက်ရိုက်နှက်သည့် ပွဲစားကိုမူ ညှဉ်းပန်းနှိပ်စက်မှု၊ အဓမ္မခိုင်းစေမှုနှင့် လူကုန်ကူးမှုတို့ဖြင့် ဆက်လက်အရေးယူသွားမည်ဖြစ်ကြောင်း AHTD က ပြောခဲ့သည်။

MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ထိုင်းအကျိုးစီးပွားအတွက်လုပ်ပေးတဲ့ ပွဲစားတွေကို ထိုင်းလုပ်ငန်းရှင်က အပြည့်အဝကာကွယ်ပေးတယ်။ ထိုင်းဥပဒေကလည်း လူကုန်ကူးတဲ့သူတို့၊ အဓမ္မခိုင်းစေသူတို့နဲ့ အကြမ်းဖက်သူတွေကို အရေးယူဆောင်ရွက်ဖို့ ဥပဒေ အလွန် ပျော့လွန်းနေတယ်။ ကျွန်တော်တို့ အလုပ်လုပ်ရတာ အတော်ပဲ ခက်ခဲပင်ပန်းရပါတယ်"ဟု ပြောကြားခဲ့သည်။

စိုးဝင်း(SP)

မှုခင်းသတင်းများ

ယာဉ်မောင်းသူ၏သား ကားနှစ်စီးကြားညပ်၍ သေဆုံး

ကန်ကြီးထောင့်မြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း မာလာကုန်းလမ်းဆုံ၌ မေ ၈ ရက် နံနက် ၄ နာရီ ၁၀ မိနစ်ခန့်က ယာဉ်မောင်းသူဖခင်နှင့်အတူ လိုက်ပါသည့် သားဖြစ်သူ ကားနှစ်စီးကြားညပ်သေဆုံးမှုဖြစ်ပွားကြောင်း သတင်းရရှိသည်။ ဖြစ်စဉ်မှာ မေ ၈ ရက် နံနက် ၄ နာရီခွဲခန့်က ရန်ကုန်-ပုသိမ်ကားလမ်း မာလာကုန်းလမ်းဆုံအနီး မိုင်တိုင် ၁၅/၅ နှင့် ၁၅/၆ အကြား၌ ရန်ကုန်မှ ကန်ကြီးထောင့်ဘက်သို့ ယာဉ်မောင်း အိုက်တီး(ခ) အိုက်ကွမ်း(၃၄ နှစ်)ကွင်းကောက်ကျေးရွာ အင်္ဂပူမြို့နယ်နေသူ မောင်းနှင်လာသော ဘ/----နှစ်ဆန်းအပြာရောင် ကျောက်တင်မော်တော်ယာဉ်သည် လမ်း၏ယာဘက်ခြမ်း၌ အချက်ပြမီးမဖွင့်ဘဲ ရပ်တန့်ထားရှိသည်ကို ရဲလွင်ဦး(၄၀ နှစ်) ရွှေဝါထွန်းရပ်ကွက် ပုသိမ်မြို့နေသူ မောင်းနှင်သူ၏ ဇနီးဖြစ်သူနှင့် သားမောင်အောင်ပြည့်ဖြိုး (၁၂ နှစ်)တို့ ကားခေါင်းအတွင်း လိုက်ပါလာသည့် ယာဉ်အမှတ် YGN9B/--- ဒေါင်ဖန်အစိမ်းရောင် ကုန်တင်ယာဉ်က ဝင်တိုက်မိရာမှ ကားခေါင်းယာဘက်အစွန်း၌ လိုက်ပါလာသော သားမောင်အောင်ပြည့်ဖြိုးထိုင်လျက်ရှိသော ယာဘက်ခြမ်းနှင့် ကြားညပ်၍ ဒဏ်ရာများရရှိသွားသဖြင့် ကားနှစ်စီးအကြား ခက်ခဲစွာထုတ်ယူပြီး ပုသိမ်ဆေးရုံသို့တင်ပို့စဉ် သေဆုံးသွားသည်။ ထို့ကြောင့် နံနက် ၆ နာရီ မိနစ် ၄၀ တွင် ဒုရဲအုပ်သိန်းလွင်နှင့်အဖွဲ့ သွား ရောက်စစ်ဆေးပြီး ၎င်း၏တိုင်တန်းချက်အရ ကန်ကြီးထောင့်ရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူ အိုက်တီး(ခ)အိုက်ကွမ်းနှင့် ရဲလွင်ဦးတို့အား ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ပုသိမ်-လှကြည်

စိတ်ဝေဒနာရှင် တိုက်ခန်းပေါ်မှခုန်ချသဖြင့် သေဆုံး

တာမွေမြို့နယ်အတွင်း နေအိမ်တိုက်ခန်းလေးလွှာပေါ်မှ အမျိုးသားတစ်ဦး ခုန်ချသေဆုံးသွားကြောင်း သိရသည်။ ဖြစ်စဉ်မှာ တာမွေမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် တာမွေမြို့နယ် တာမွေကြီး(က+ဂ) ရပ်ကွက် ဗညားဒလလမ်းတွင် နေအိမ်တိုက်ခန်းလေးလွှာပေါ်မှ အမျိုးသားတစ်ဦး ခုန်ချ၍ သေဆုံးနေကြောင်း သတင်းအရ မေ ၁၃ ရက် နံနက် ၄ နာရီခွဲ ခန့်ကသွားရောက်စစ်ဆေးကြရာ အဆိုပါသေဆုံးသူမှာ ကျော်ကျော်ဝင်း (၂၈နှစ်)ဖြစ်ကြောင်း သိရပြီး ၎င်းတွင်ဒဏ်ရာများ ရရှိထားသည်ကို တွေ့ရှိခဲ့ရသည်။ ထို့နောက် ဖြစ်စဉ်ကိုစုံစမ်းခဲ့ရာ ၎င်းသည် စိတ်ကျန်းမာရေး မကောင်းသူဖြစ်ပြီး မိခင်နှင့်အတူ နေထိုင်သူဖြစ်ကြောင်း၊ အခင်းဖြစ်ချိန်က စိတ်ဖောက်ပြန်ကာ တိုက်ပေါ်မှခုန်ချခဲ့သဖြင့် သေဆုံးရခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းသေဆုံးခြင်းနှင့်ပတ်သက်၍ တာမွေမြို့မ ရဲစခန်းက စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

စိုးဝင်း(SP)

၁၀ ဘီးကားဘရိတ်ပေါက်ပြီး ဆိုင်ကယ်ကိုဝင်တိုက်၊ အမျိုးသမီးတစ်ဦး သေဆုံး

အင်းတော် မေ ၁၅

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ခိုင်တောင်မီးရထားသံလမ်းကူးဂိတ်အနီးတွင် မေ ၁၂ ရက် ညနေ ၃ နာရီ ၃၅ မိနစ်က ၁၀ဘီးကား ဘရိတ်ပေါက်ပြီး မော်တော်ဆိုင်ကယ်ကို ဝင်တိုက်မိရာ ဆိုင်ကယ်နောက်တွင် စီးနင်းလိုက်ပါလာသည့် အမျိုးသမီးတစ်ဦး ပွဲချင်းပြီးသေဆုံးခဲ့ကြောင်း သိရသည်။ (ဖဲပုံ) မြစ်ကြီးနားဘက်မှ ယာဉ်မောင်း ဦးအောင်အောင်ဦး မောင်းနှင်လာသော ယာဉ်အမှတ် အ/----(ISUZU) ၁၀ ဘီးယာဉ်သည် ခိုင်တောင် မီးရထားလမ်းကူးဂိတ်အနီးတွင် ဘရိတ်ပေါက်ပြီး FENGCI-၁၂၅ အမျိုးအစား မော်တော်ဆိုင်ကယ်ကို ဝင်တိုက်မိပြီး မော်တော်ဆိုင်ကယ်နောက်မှ လိုက်ပါလာသူ ဒေါ်အေး (၄၄နှစ်)တင်ငုတ်ကြီးကျေးရွာ ကန့်ဘလူမြို့နယ်နေသူကို ၁၀ ဘီးယာဉ် ဘယ်ဘက်ဘီးဖြင့် တက်ကြိတ်မိရာနေရာ၌ ပွဲချင်းပြီး သေဆုံးခဲ့သည်။

ယင်းယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်း ဦးအောင်အောင်ဦးအား အင်းတော်ရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ခင်မောင်ဆွေ(မော်လူး)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက်၊ သကမ ၁၄၊ ပိတောက်လမ်း၊ အမှတ် ၁၂၀၁(က+ခ)ဟုခေါ်တွင်သော ပေ(၄၀×၆၀)အကျယ်အဝန်းရှိ မြေကွက်ကို ဒေါ်အေးအေးထက်ကျော် ၁၂/အစန(နိုင်)၁၈၅၈၁၀ မြေငှားဂရန်အမည်ပေါက် ပိုင်ဆိုင်သူနှင့် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၁၅)ရပ်ကွက် သကမ-၁၄၊ သီရိ ၁လမ်း၊ အမှတ် ၁၂၀၂(က+ခ)+၁၂၀၃(က+ခ)+၁၂၀၄(က+ခ)ဟုခေါ်တွင်သော ပေ(၄၀×၆၀)×၃ကွက် အကျယ်အဝန်းရှိ မြေကွက်ကို ဦးမြင့်သူရ ၇/ကပက(နိုင်)၀၆၁၂၀၃ မြေငှားဂရန်အမည်ပေါက်ပိုင်ဆိုင်၍ ၎င်းမြေလေးကွက်ကို ဦးအောင်သိန်း ၁၄/ပသရ(နိုင်)၀၈၃၇၄၄က စာချုပ်စာတမ်းအဆက်အစပ်များအရ မိမိတစ်ဦးတည်း ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်းပြဆို၍ ရောင်းချရန်အဆိုပြုပါသဖြင့် ကျွန်တော်မှဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ချမှတ်ပြီးဖြစ်ပါသည်။

၎င်းမြေလေးကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စာချုပ်စာတမ်းမူရင်းများဖြင့် အောက်ဖော်ပြပါလိပ်စာသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ထားသော အချိန်ကာလအတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးဖြိုးဝေ ၁/မကန(နိုင်)၁၀၁၇၃၇
အမှတ် ၇၇၊ ၃၂ တိုးချဲ့ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၆၈၅၉၇၊ ၀၁-၅၈၄၁၂၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်း ၈၊ ၉၊ ၁၀၊ ၁၁ (ကမာရွတ်)၊ အေးရိပ်မွန်အိမ်ရာ၊ မြေကွက် ၅၀၊ ဧရိယာ ၀ဒသမ၁၈၅၈ဧက၊ နှစ် ၆၀မြေငှား စာချုပ်အမည်ပေါက်မှာ ဒေါ်ဂျာဖာလု၊ ဒေါ်ကံဆီဆိုင်းလုံ ဖြစ်ပါသည်။ အဆိုပါ မြေကွက်အားအပြီးအပိုင်စွန့်လွှတ်ခြင်းစာချုပ် (၁၈၈၅/၂၀၁၄)တင်ပြ၍ ဒေါ်ကံဆီဆိုင်းလုံ ၁/မကန(နိုင်)၀၆၉၅၁၄ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း) အပြည့်အစုံတင်ပြ၍ ကြေညာပါသည့်ရက်မှ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြေတိုင်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၂၂အိပ်(က်စ်)၂၊ မြေကွက်အမှတ် V Class ၃၃၀၊ မြေကွက်တည်နေရာအမှတ် ၄၈၊ ၈ လမ်း၊ လမ်းမတော်မြို့နယ်၊ ဒေါ်တင်ကြည် ၁၂/လမတ(နိုင်)၀၁၁၁၁၈ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဒေါ်တင်ကြည်သည် ၂၂-၁၁-၂၀၀၇ရက်တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်း ဦးသိန်းဟန်သည် ၂၂-၄-၂၀၀၀ရက် တွင်လည်းကောင်း၊ အသီးသီးကွယ်လွန်ကြသဖြင့် ဒေါ်မြင့်မြင့်သန်း ၁၂/လမတ(နိုင်)၀၁၈၅၂၆ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ တာချီလိတ်မြို့၊ ဆန်ဆိုင်(ခ)ရပ်ကွက်၊ မြတ်လေးလမ်း၊ အိမ်အမှတ် (၁/၁၈)နေ ဒေါ်နန်းအင်(ခ)နန်းအင်ရှုန် ၁၃/တခလ(နိုင်)၀၀၉၂၃၃ သည် ဖော်ပြပါနေအိမ်မြေကွက်ပေါ်တွင် (ကွယ်လွန်သူ)မိဘများဖြစ်ကြသည့် (ဘ)ဦးအိုက်သန်း(မိ)ဒေါ်နန်းကောင်ရှုန်၊ အစ်မဖြစ်သူ ဒေါ်နန်းခမ်းတို့နှင့်အတူ ကလေးဘဝကတည်းက တစ်ဆက်တည်းနေထိုင်ခဲ့ကြောင်း အဆိုပါနေအိမ်ခြံမြေနှင့်ပတ်သက်၍ မြေစာရင်းပုံစံ ၁၀၅ တွင် ဦးပိုင်အမှတ် ၆၀(က)ဦးအိုက်နွန်း ၁၃/တခလ(နိုင်)၀၀၉၅၉၀ ဟူ၍ဖြစ်နေကြောင်း အမည်ပေါက်ထိုက်သူမှာ ဒေါ်နန်းအင်(ခ) နန်းအင်ရှုန်ဖြစ်သဖြင့် သူမအမည်သို့ ပြင်ဆင်ပြောင်းလဲသတ်မှတ်နိုင်ရေးအတွက် ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန်ရှိပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပေါက်ပြင်ဆင်သတ်မှတ်နိုင်ရေးကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘခင် LL.B
အမှတ်(B.5) (ပထမထပ်)၊ ဘုရင့်နောင်ဈေး၊
(သံဃာ့ဆေးရုံအနီး)၊ ဝမ်ကောင်းရပ်ကွက်၊ တာချီလိတ်မြို့၊ ဖုန်း-၀၉-၃၆၀၄၃၂၁၀

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၁၊ မြေကွက်အမှတ် ၁၆/ခ၊ မြေကွက်တည်နေရာအမှတ် ၁၆/ခ၊ ရန်ကုန်-အင်းစိန်လမ်း၊(၂၁)ရပ်ကွက် ဦးဝင်းငွေအမည်ပေါက် မြေပိုင်မြေ(အိမ်ရာမြေရပြီး)မြေအား အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရသူ ဦးခင်မောင်မျိုး ၉/မလန(နိုင်)၀၈၄၂၈၂က အရောင်းအဝယ်စာချုပ်အမှတ် ၈၇၃/၂၄-၂-၂၀၀၆၏ မိတ္တူမှန်နှင့် အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၆၁၃၈/၁၀-၇-၂၀၀၉၏ မိတ္တူမှန်တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၊ မြေကွက်အမှတ် ၁၆၅၆/ခ၊ မြေကွက်တည်နေရာအမှတ် (၁၆၅၆/ခ)၊ လမ်းသစ်၂လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ (ဦးစိုးမောင်) အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဦးစိုးမောင်အား အရောင်းအဝယ်စာချုပ်ရန်အတွက် သာကေတမြို့နယ်တရားရုံး၌ ၂၀၁၄ခုနှစ် တရားမမှုအမှတ် ၁၆ ဖြင့် တရားစွဲဆိုခဲ့ပြီး အနိုင်ဒီကရီနှင့် ယင်းရုံး၏ ဓာရီမှုအမှတ် (၂၃/၂၀၁၄)အရ တရားရုံးကိုယ်စားဘိလစ်ဒေါ်တင်မေလွင် ၁၂/မဟန(နိုင်)၀၂၀၈၆၇ မှ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၀၊ မြေကွက်အမှတ် ၅၂၊ မြေကွက်တည်နေရာအမှတ် (၂)၊ ပတ္တမြားလမ်း၊ ၃ ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ဒေါ်ဖွားရှင် အမည်ပေါက် နှစ် ၆၀မြေငှားဂရန်(စီမံချက်ဂရန်)မြေအား အမည်ပေါက် ဒေါ်ဖွားရှင် ခင်ပွန်းဖြစ်သူ ဦးနီ ကွယ်လွန်ပြီး သားသမီးမထွန်းကားသဖြင့် အမည်ပေါက်ထံမှ အမွေစားအမွေခံကိတ္တိမသမီးအဖြစ် မွေးစားခြင်း ကတိစာချုပ်အမှတ် ၆၇၁၈၊ ၇-၁-၁၉၈၈ဖြင့် မွေးစားခြင်းခံရသူ ဒေါ်ထွေး(ခ) ဒေါ်ကြည်ထွေးသည် (အပျိုကြီးဘဝ)ဖြင့် ထပ်မံကွယ်လွန်သွားပါ၍ ၎င်း၏အမွေစားအမွေခံ ကတ္တိမသမီးများအဖြစ် မွေးစားခြင်းခံရသူ ဒေါ်နွဲ့နွဲ့ဝင်း ၆/ပလန(နိုင်)၀၁၀၅၉၇၊ ဒေါ်စီစီဝင်း ၆/ပလန(နိုင်)၀၅၀၁၈၆တို့က မြေအမည်ပေါက်၏ မြေးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းများတင်ပြ၍ ပိုင်ဆိုင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားရာ တရားဝင်ခိုင်လုံသောအထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/၂၊ မြေကွက်အမှတ် ၂၂၃၊ မြေကွက်တည်နေရာအမှတ် ၂၂၃၊ ၁၂ လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးအောင်မောင်းအမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးအောင်မောင်းမှာ ၂၈-၈-၂၀၁၄ ရက်တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်သန်းသန်းမြင့်မှာ ၄-၉-၁၉၉၃ ရက်တွင်လည်းကောင်း အသီးသီးကွယ်လွန်သွားပါသဖြင့်သားသမီးများဖြစ်ကြသည့် ဒေါ်လုရီ ၁၂/ဒပန(နိုင်)၀၂၀၈၇၉၊ ဦးသန့်ဇင် ၁၂/မရက(နိုင်)၀၀၄၁၆၆၊ ဦးမြင့်ဌေး ၁၂/မရက(နိုင်)၀၈၇၈၇၉၊ ဦးသန်းဌေး ၁၂/မရက(နိုင်)၀၁၅၇၆၃၊ ဦးမြင့်လွင် ၁၂/မရက(နိုင်)၀၈၆၆၁၇၊ ဦးကြည်စန်း ၁၂/မရက(နိုင်)၁၀၄၈၄၆၊ ဒေါ်ခင်ဌေးရီ ၁၂/မရက(နိုင်)၀၁၆၉၉၁၊ ဒေါ်ဌေးဌေးမြင့် ၁၂/မရက(နိုင်)၁၂၂၈၃၃၊ ဒေါ်မိုးမိုးလွင် ၁၂/မရက(နိုင်)၁၂၇၆၇၉၊ ဒေါ်ဝါဝါမိုး ၁၂/မရက(နိုင်)၁၃၃၇၉၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ဒေါ်သန်းသန်းမြင့်သေဆုံးခြင်းအတွက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနအကြောင်းကြားစာ၊ (၁)ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့်အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃၂)နှစ်မြောက် မင်္ဂလာဆုတောင်း

ချစ်ဖေဖေ ဒုရဲမှူးကြီး အောင်ချစ်ဦး (ပြည်ထဲရေးဝန်ကြီးဌာန-ဝန်ကြီးရုံး၊ နေပြည်တော်)နှင့် ချစ်မေမေ ဒေါ်သက်နွယ် (တရားလွှတ်တော်ရှေ့နေ)တို့၏ ၁၆-၅-၂၀၁၄ ရက်တွက် ကျရောက်သော (၃၂)နှစ်မြောက်မင်္ဂလာရက်မြတ်မှသည် ရွှေရတု၊ စိန်ရတုတိုင်အောင် ကျန်းမာချမ်းသာပြီး ချစ်သောသားသမီးများ၊ မြေးများနှင့်အတူ သာယာချမ်းမြေ့လှပသည့် မိသားစုဘဝကို ပျော်ရွှင်စွာလျှောက်လှမ်းနိုင်ပါစေဟု ဆုမွန်ကောင်းတောင်းလျက်-

ချစ်သမီးကြီး - ဗိုလ်ကြီးညီညီစံ (တဆရ ၃/၁၀၀ အင်းတိုင်)-ဒေါ်အေးမြဆင့်

ချစ်သမီးငယ် - ဒေါက်တာအောင်ပြည့်ဖြိုး (မြို့နယ်ပြည်သူ့ဆေးရုံ၊ ဖယ်ခုံမြို့)- ဒေါက်တာဝင်းလဲ့ဖြူ

ချစ်မြေးများ - သီရိစံ၊ သွန်းဖြူစင်၊ ပုချစ်

ဖခင်အမည်မှန်

စမ်းချောင်းမြို့နယ် အလက(၃) စတုတ္ထတန်း (အောင်)မှ မသက်ထားစံ၏ မိဘအမည်မှန်မှာ ဦးမင်းထွန်း ဖြစ်ပါသည်။

ရွှေပြည်သာမြို့သစ်မြေရောင်းမည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ (၄/၅)ရပ်ကွက်၊ ရတနာ့ဂုဏ်ရည်လမ်းမပေါ်နှင့် ပုလဲလမ်းဆုံအနီး (ယခင် ၈၁ ဂိတ်ဟောင်းအနီး) ပေ (၂၀×၆၀) သုံးကွက်တွဲ ပေ (၆၀×၆၀) (ပါမစ်မြေ) ရောင်းမည်။

ရောင်းဈေး ကျပ်သိန်း-၈၀၀(ညှိနှိုင်း)

ဆက်သွယ်ရန် ဖုန်း-၀၂-၆၅၀၀၄၊ ၀၉-၄၃၀၉၈၃၆၆

SEVEN စံ

ဒဂုံဆိပ်ကမ်း၊ တောင်ပိုင်းနှင့် အရှေ့ပိုင်းရှိ မြေကွက်များ ရောင်းလို ဝယ်လိုပါသလား။

SEVEN စံ နှင့် ဆက်သွယ်လိုက်ပါ။

အိမ်အရောက် ငွေပေးချေသည်။

ပွဲခပေးရန်မလိုပါ။

ဖုန်း-၀၉-၃၃၃၃၃၅၁၄၊ ၀၉-၇၃၁၁၉၀၉၉၊ ၀၁-၂၀၅၇၄၈

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့၊ မြို့မရပ်ကွက်နေ ဦးလှရီ ၈/မလန(နိုင်)၀၀၁၇၂၇ (ကုန်သည်)၏ သား အထက်မင်းလှမြို့၊ မြို့မရပ်ကွက်နေ ဦးမောင်မျိုး ၈/မလန(နိုင်)၀၁၁၀၁၇၊ (ဒဟပ်ပင်ရေနံမြေ၊ ရွှေခမောက်၊ ပီပါ ဖာဖောင်းလုပ်ငန်းပိုင်ရှင်) သည် မိဘညီအစ်ကိုမောင်နှမများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ မေးမြန်းခြင်းသည်းခံပါ။

ဦးလှရီ(ကုန်သည်)

၈/မလန(နိုင်)၀၀၁၇၂၇

အထက်မင်းလှမြို့၊

၃-၅-၂၀၁၄ရက် (စနေနေ့)

မင်္ဂလာနှစ်ပတ်လည်နှင့်မွေးနေ့မင်္ဂလာဆုတောင်း

ချစ်သောဖေဖေ ဦးတင့်ဆွေ C/O, Liz Star Co.,Ltd.နှင့် မေမေ ဒေါ်ကေသီကြည်တို့၏ ၁၆-၅-၂၀၁၄ ရက်တွင် ကျရောက်သော (၂၃)နှစ်မြောက်မင်္ဂလာနှစ်ပတ်လည်နှင့် ၁-၆-၂၀၁၄ရက်တွင် ကျရောက်သော မေမေ့ရဲ့မွေးနေ့မင်္ဂလာမှ နောင်နှစ်ပေါင်းများစွာတိုင် သမီးတို့နှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့်ဘဝကိုဖြတ်သန်းပြီး လောကီလောကုတ္တရာနှစ်ဖြာသောအကျိုးများ ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်

ချစ်သမီးကြီး - လမင်းအိမ် B.A (Eng.)
Sapura Kencana
Drilling Petroleum

ချစ်သမီးငယ် - ကြည်လဝန်းသာ
First Year (Hist.)

ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန်

သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၂၊ နည်းဥပဒေ-၄)

တောင်ငူခရိုင်တရားရုံး

၂၀၁၃ခုနှစ်၊ တရားမကြီးမှုအမှတ်-၁

ဦးအောင်ဆန်းလှဦး	**နှင့်**	၁။ ဒေါ်အေးမူ ၂။ ဒေါ်မော်လေး	ကွယ်လွန်သူ ဒေါ်ညွန့်ကြည်၏ တရားဝင်ကိုယ်စားလှယ်များ
		၃။ ဦးသိန်းမြင့်	
		၄။ ဒေါ်ကြည်ကြည်	
တရားလို		**တရားပြိုင်များ**	

ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာအုပ်စု၊ ကွက်သစ်ရပ်ကွက်နေ (၂) တရားပြိုင် ဒေါ်မော်လေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၂၆ရက်တွင် တရားလို ဦးအောင်ဆန်းလှဦးက ဤရုံးတော်၌ တရားပြိုင် ဒေါ်ညွန့်ကြည် ကွယ်လွန်သူအပေါ်တွင် တရားစွဲဆိုရာ သင်သည် ဆိုခဲ့သော ကွယ်လွန်သူတရားပြိုင် ဒေါ်ညွန့်ကြည်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း၊ ၎င်းကွယ်လွန်သူ၏ အစား သင့်ကိုတရားပြိုင်ဖြည့်သွင်းပါမည့်အကြောင်း အထက်ဆိုခဲ့သော တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကို ထုချေရန် ဤရုံးတော်သို့ ၂၀၁၄ခုနှစ် မေ ၂၇ ရက် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီ လာရောက်ရမည်။ အထက်ဆိုခဲ့သော နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်ကွယ်ရာတွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မေ ၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး

ခရိုင်တရားသူကြီး၊ တောင်ငူခရိုင်တရားရုံး

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ဥယျာဉ်ကျေးရွာနေ ဦးကျော်ဝင်း၏သမီး မရွှေစင်ဝင်း(ခ)မသဲသဲ ၉/ပဘန(နိုင်)၀၀၀၀၉၀ သည် မိခင်အားစိတ်ဆင်းရဲကိုယ်ဆင်းရဲ ပြုမူဆောင်ရွက်ခြင်း၊ ဆွေမျိုးများကြားတွင် မိခင်အား ဂုဏ်သရေညှိုးနွမ်းအောင် ပြောဆိုခြင်းများ ပြုလုပ်နေပါသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ ရာသက်ပန် အမွေပြတ်စွန့်လွှတ်ပြီး သမီးနှင့်ပတ်သက်သည့်ကိစ္စရပ်အားလုံးသည် မိခင်နှင့်လုံးဝမသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိခင်- ဒေါ်တင်မြင့် ၉/ပဘန(နိုင်)၀၁၀၃၁၇

တောမကျေးရွာ၊ မိတ္ထီလာမြို့

ကန့်ကွက်နိုင်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့၊ အမှတ် (၁)ရပ်ကွက်၊ အကွက်အမှတ် (၄/ဃ-အစိုးရ) ဦးပိုင်အမှတ် (၂/ဃ+၂/ဋ)၊ မြေကွက်အမှတ် (၇/၁၆၈၊ ၇/၁၆၃)နေ ဦးမြင့်ဦး ပါ(၂)ဦး ၉/သစန(နိုင်)၀၀၈၈၈၀ အမည်ပေါက် နှစ် ၃၀ ဂရန်မြေအား အမည်ပေါက် ဦးမြင့်ဦးက ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်များကို တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊

သာစည်မြို့

မနဒီမေနှင့် အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မနဒီမေ ၉/မကန(နိုင်)၀၇၃၉၉၈ (ဘ)ဦးတင်ညွန့်သည် အတူပေါင်းသင်းနေထိုင်စဉ်ကာလအတွင်း ဇနီးမယားတာဝန်ဝတ္တရားကျေပွန်မှုမရှိဘဲ အတူပေါင်းသင်းနေထိုင်ရာ မ-၁၁၂၊ ဗိုလ်တထောင်ဘုရားလမ်း၊ ဗိုလ်တထောင်မြို့နယ်နေအိမ်မှ မကြာခဏဆင်းသွားခြင်း၊ နှစ်ဦးပိုင်ပစ္စည်းများအား ကျွန်ုပ်၏သဘောတူညီချက်မရရှိဘဲ ယူဆောင်သွားခြင်း၊ ကျွန်ုပ်၏နေအိမ်နှင့် အလုပ်ပတ်ဝန်းကျင်တွင်လည်း ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုးပြုမူပြောဆိုလုပ်ကိုင်နေခြင်းများ အကြိမ်ကြိမ်ပြုလုပ်နေခဲ့ပြီး ယခု၎င်းသည် လွန်ခဲ့သော ၂၉-၄-၂၀၁၄ ရက်မှစ၍ ၎င်း၏သဘောဆန္ဒအလျောက်သမီးဖြစ်သူ မသန့်နဒီဇင် ကိုပါခေါ်ဆောင်ပြီး နေအိမ်ပေါ်မှဆင်းသွားပါသည်။ ထို့ကြောင့် မနဒီမေနှင့်ပတ်သက်သော အရှုပ်အရှင်းကိစ္စအဝဝကို ဦးသန့်ဇင်ဝင်းမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း မနဒီမေနှင့်ပတ်သက်၍ လုံးဝမသက်ဆိုင်တော့ပါကြောင်းနှင့် ဇနီးအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးသန့်ဇင်ဝင်း ၉/မကန(နိုင်)၀၉၅၅၆၄

ဌာနဆိုင်ရာနှင့်လူမှုရေးစီးပွားရေးကြော်ငြာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား D.D.P (ပေါင်းလောင်း/လှော်ကား)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	D.D.P
(က)	06/DHPI/Deformed Bar/2014-2015	Deformed Bar (G-60) (Ø 32 mm) (L-12m)	1000 Tons	ပေါင်းလောင်း/ လှော်ကား
(ခ)	07/DHPI/Pozzolan Mechanical / 2014-2015	Pozzolan Mechanical Spare Parts	1 Lot	ပေါင်းလောင်း
(ဂ)	08/DHPL/Pozzolan Electrical / 2014-2015	Pozzolan Electrical Spare Parts	1 Lot	ပေါင်းလောင်း

၂။ ပစ္စည်းများ၏ နည်းပညာစံချိန်စံညွှန်းအဆိုပြုလွှာ (Technical Proposal) နှင့် ဈေးနှုန်းအဆိုပြုလွှာ (Financial Proposal) တို့အား သီးခြားစီချိပ်ပိတ်၍ ၂၈-၅-၂၀၁၄ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ နည်းပညာစံချိန်စံညွှန်းရမှတ်(၆၀)ကျော်သော ကုမ္ပဏီများ၏ ဈေးနှုန်းအဆိုပြုလွှာ (Price Proposal) ဖွင့်ဖောက်ရန်ရက်အားထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အများရှေ့မှောက်၌ ဖွင့်ဖောက်ကြေညာ၍ စုစုပေါင်းရမှတ် (Overall Score) အများဆုံးကုမ္ပဏီအား တိုက်ရိုက်ရွေးချယ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန

ရုံးအမှတ် (၂၇)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၄၁၃၅၃၁၊ ၀၉-၂၅၀၃၄၅၃၄၉၊ ၀၉-၄၅၀၅၃၉၂၄၈၊ ၀၉-၄၂၇၇၁၆၈၈၉၊ ၀၉-၄၂၀၇၀၁၃၄၆

ဝန်ထမ်းအလိုရှိသည်

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် တိုးချဲ့ရေးလုပ်ငန်းစီမံကိန်းအတွက် အောက်ပါအင်ဂျင်နီယာ(မြို့ပြ)များ အလိုရှိပါသည်

(က) ကြီးကြပ်မှုအင်ဂျင်နီယာ(မြို့ပြ)

(ခ) အကြီးတန်းအင်ဂျင်နီယာ(မြို့ပြ)

- လုပ်ငန်းအတွေ့အကြုံ လုပ်သက် ၁၅ နှစ်နှင့်အထက် ရှိရမည်။
- ကျန်းမာရေးကောင်းမွန်ပြီး ဆောက်လုပ်ရေးလုပ်ငန်းကို အမှန်တကယ်စိတ်ဝင်စားသူဖြစ်ရမည်။
- အသက် (၅၀)ထက် မကြီးရပါ။
- ညှိနှိုင်းလစာဖြစ်ပြီး လစာထိုက်ထိုက်တန်တန် ခံစားရမည်။

စိတ်ပါဝင်စားသူများသည် အောက်ဖော်ပြပါလိပ်စာသို့ CV၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဓာတ်ပုံသုံးလအတွင်း သုံးပုံ၊ သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်နှင့်ပြစ်မှုကင်းရှင်းကြောင်း ရဲစခန်းထောက်ခံစာတို့နှင့်အတူ ၃၀-၅-၂၀၁၄ရက် နောက်ဆုံးထားလျှောက်ထားနိုင်ပါသည်။

စီမံခန့်ခွဲရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဌာနခွဲ၊ အမှတ် (၄၅-၄၆) (လေးလွှာ)၊ ရေကျူးကန်ရှေ့၊ ဗဟိုစည်အိမ်ရာ၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/၃၊ မြေကွက်အမှတ် ၃၆၀/က၊ မြေကွက်တည်နေရာအမှတ် ၃၆၀/က၊ ဂန့်ဂေါ်ရိပ်သာလမ်း၊ (၁၆/၃)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဒေါ်အုန်းမြင့် ၁၂/သဃက(နိုင်)၀၂၄၀၆၇အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်အုန်းမြင့်(မိခင်)နှင့် ဦးသောင်းစိန်(ဖခင်)တို့ကွယ်လွန်သဖြင့် (၁)ဦးသန်းဇော် ၁၂/တကန(နိုင်) ၀၁၂၄၀၆၊ (၂)ဒေါ်ခင်သန်းမီ ၉/မရမ(နိုင်)၀၃၃၄၆၉၊ (၃)ဒေါ်ခင်ချိုမြင့် ၁၂/သဃက(နိုင်)၀၂၄၆၁၀၊ (၄) ဒေါ်ခင်လေးမြင့် ၁၂/သဃက(နိုင်)၀၂၄၆၀၈၊ (၅) ဒေါ်ခင်မျိုးမြင့် ၁၂/သဃက(နိုင်)၀၂၄၆၀၉၊ (၆)ဒေါ်ခင်စန္ဒာမြင့် ၁၂/သဃက(နိုင်)၁၀၁၄၆၇၊ (၇) ဒေါ်ခင်ငြိမ်းမြင့် ၁၂/သဃက(နိုင်)၀၀၅၀၃၇ တို့က သားသမီးတော်စပ်ကြောင်းကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

မုံရွာမြို့၊ ဘုန်းစိုးရပ်ကွက်၊ သစ္စာလမ်းရှိ အကွက်အမှတ် ၆၇၅-တလုံးတောရ၊ ဦးပိုင်အမှတ် ၁၁၀-က၊ ဧရိယာ ၀ ဒသမ ၁၄၉ဧကရှိ ဝင်းမြေနှင့်ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် မူလအမည်ပေါက်ပိုင်ရှင်မှာ ဦးအောင်သိန်းဖြစ်ပါသည်။ ဦးအောင်သိန်းသည် ၁-၁၁-၂၀၀၀ ပြည့်နှစ်က အထက်ဖော်ပြပါဝင်းမြေအား ဦးတင်ဆန်းဆိုသူသို့ လွှဲပြောင်းရောင်းချခဲ့ပါသည်။ ဖော်ပြပါဝင်းမြေကို ဦးအောင်သိန်းက ဦးတင်ဆန်းကို ရောင်းချရာတွင် ၎င်းတစ်ဦးတည်း အမည်ပေါက်ပိုင်ဆိုင်သည့် ဝင်းမြေဖြစ်သည့်အတွက် ဦးတင်ဆန်းကို ရောင်းချစဉ်က ဦးအောင်သိန်းကိုယ်တိုင် လက်မှတ်ရေးထိုးရောင်းချခဲ့ခြင်းဖြစ်ပါသည်။ ထိုစဉ်က ဇနီးဒေါ်ခင်ငြိမ်းကိုယ်တိုင်လည်း သိရှိသဘောတူညီခဲ့ပါသည်။

အထက်ဖော်ပြပါဝင်းမြေနှင့် ဝင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးတင်ဆန်းက ဆက်လက်ပြီး မုံရွာမြို့၊ ဆူးလေကုန်းရပ်၊ ဓမ္မာရုံလမ်းနေ ဦးဝင်းမြင့် WMDY-၃၁၁၇၆၀ ထံသို့ ၂၁-၅-၂၀၁၃ ရက်တွင် ထပ်မံရောင်းချခဲ့ပါသည်။ ယခုအခါ အချင်းဖြစ်ဝင်းမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးဝင်းမြင့်က လက်ရှိထားအသုံးပြုလာခဲ့သည်မှာ တစ်နှစ်ခန့် ရှိပြီဖြစ်ပါသည်။

ဦးဝင်းမြင့်က ဦးတင်ဆန်းထံမှ အထက်ဖော်ပြပါဝင်းမြေကို ဝယ်ယူစဉ်ကတည်းက ဦးအောင်သိန်း အမည်ပေါက် ဂရန်မှာ ပျောက်ဆုံးနေ၍ ဦးဝင်းမြင့်အနေနှင့် အဆိုပါဂရန်ကို လက်ခံရယူခဲ့ရခြင်းမရှိပါ။

ဦးဝင်းမြင့်မှ အချင်းဖြစ်ဝင်းမြေ၏ ဂရန်ပျောက်ဆုံးသွားကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်၊ မုံရွာမြို့၊ အမှတ်(၁)ရဲစခန်း၏ ဂရန်ပျောက်ဆုံးကြောင်းထောက်ခံချက်တို့ကို ရယူထားပြီးလည်းဖြစ်ပါသည်။

မူလဂရန်ပိုင်ရှင် ဦးအောင်သိန်းမှာ ၂၅-၅-၂၀၀၅ ရက်တွင်ကွယ်လွန်ခဲ့ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ကျန်းမာရေးဌာနမှ သေစာရင်းများကို ဦးဝင်းမြင့်က လက်ခံရယူထားပါသည်။

အချင်းဖြစ်ဝင်းမြေကို ဦးတင်ဆန်းက ဦးဝင်းမြင့်အား ရောင်းချပြီးနောက် ဦးဝင်းမြင့် လက်ရှိထားသုံးစွဲလာခဲ့သည်မှာ တစ်နှစ်ခန့်ကြာခဲ့ပြီဖြစ်သော်လည်း မည်သူတစ်စုံတစ်ယောက်ကမျှ ဝင်းမြေပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်နှောင့်ယှက်တားမြစ်ပြောဆိုကြခြင်းမရှိပါ။ ဦးဝင်းမြင့်တစ်ဦးတည်း ယနေ့တိုင် အချင်းဖြစ်ဝင်းမြေကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက် ရှိပါသည်။

ထို့ကြောင့် ပျောက်ဆုံးနေသောဂရန်အား ဥပဒေနှင့်အညီ သက်ဆိုင်ရာသို့ မိတ္တူလျှောက်ထားတောင်းခံခြင်း၊ ဦးဝင်းမြင့် အမည်ပေါက် ဂရန်လျှောက်ထားခြင်းတို့ကို ဥပဒေနှင့်အညီ တရားဝင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထက်ဖော်ပြပါကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ၂၉-၅-၂၀၁၄ရက်တွင် နောက်ဆုံးထား၍ အထောက်အထားပြည့်စုံခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**	
ဦးဝင်းမြင့်	**ဒေါ်အေးအေးဆွေ**	**ဦးသန်းထွန်း**
WMDY-၃၁၁၇၆၀	**တရားလွှတ်တော်ရှေ့နေ**	**တရားလွှတ်တော်ရှေ့နေ**
	စဉ်-၈၇၅၁	**စဉ်-၃၈၆၄**

စီးပွားရေးနှင့် လူမှုရေးကြော်ငြာ

ကွယ်လွန်သူတရားပြိုင်၏ တရားဝင်ကိုယ်စားလှယ်ထံသို့ပေးရန် သမ္မန်စာ
(တရားမကျင့်ထုံး ကိုဥပဒေအမိန့် ၂၂၊ နည်းဥပဒေ ၄)
တောင်ငူခရိုင်တရားရုံး
၂၀၁၂ ခုနှစ် တရားမကြီးမှုအမှတ်-၇

ဦးသိန်းမြင့် **နှင့်** ၁။ ဦးစောအုန်းကျော်လင်း
၂။ ဒေါ်ကြူကြူဝင်း
၃။ ဦးစောထွန်းမင်း(ခ)စောထူးမင်း
၄။ ဒေါ်အေးမူ } (ကွယ်လွန်သူဒေါ်ညွန့်ကြည်၏
၅။ ဒေါ်မော်လေး } တရားဝင်ကိုယ်စားလှယ်များ)

တရားလို **တရားပြိုင်များ**

ကျိုက်ထိုမြို့နယ်၊ မုပ္ပလင်ကျေးရွာအုပ်စု၊ ကွက်သစ်ရပ်ကွက်နေ (၅)တရားပြိုင် ဒေါ်မော်လေး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၂ ခုနှစ် ဇန်နဝါရီ ၂၃ ရက်တွင် တရားလို ဦးသိန်းမြင့်က ဤရုံးတော်၌ တရားပြိုင် ဒေါ်ညွန့်ကြည် ကွယ်လွန်သူအပေါ် တရားစွဲဆိုရာ သင်သည်ဆိုခဲ့သော ကွယ်လွန်သူ တရားပြိုင် ဒေါ်ညွန့်ကြည်၏ တရားဝင်ကိုယ်စားလှယ်ဖြစ်ကြောင်း ၎င်းကွယ်လွန်သူ၏အစား သင့်ကို တရားပြိုင်ဖြည့်သွင်းပါမည့်အကြောင်း အထက်ကဆိုခဲ့သော တရားလိုက လျှောက်ထားသောကြောင့် ၎င်းအမှုကိုထုချေရန် ဤရုံးတော်သို့ ၂၀၁၄ ခုနှစ် မေလ ၂၇ရက် (၁၃၇၆ ခုနှစ် ကဆုန်လပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် လာရောက်ရမည်။ အထက်ဆိုခဲ့သောနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် ဆိုခဲ့သောအမှုကို သင့်ကွယ်ရာတွင် ဆိုင်ဆိုကြားနာစစ်ဆေးဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် မေ ၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မောင်မောင်အေး
ခရိုင်တရားသူကြီး၊ တောင်ငူခရိုင်တရားရုံး

ဦးမျိုးသူရိန် ၁၄/မအပ(နိုင်)၁၈၅၀၂၁ သိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေ Lucky Time Trading Co.,Ltd. ၏ Bode အဖွဲ့အစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ဦးမျိုးသူရိန် Lucky Time Trading Co.,Ltd.၏ ဟုမ္မလင်းရုံးခွဲတွင် ၂၅-၁၂-၂၀၁၂ ရက်မှ ၁၉-၅-၂၀၁၃ရက်အထိ စတိုတာဝန်ခံအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ထိုသို့ တာဝန်ထမ်းဆောင်နေချိန်တွင် ဦးမျိုးသူရိန်မှ Lucky Time Trading Co.,Ltd. သို့ ပစ္စည်း လျော့နည်းမှုအတွက် တာဝန်ရှိငွေ ၄၃၈၂၆၄၀ကျပ် ပေးရန်ကျန်ရှိခဲ့ပါသည်။ ထိုငွေနှင့်ပတ်သက်၍ ဦးမျိုးသူရိန်မှ မိမိတွင်တာဝန်ရှိကြောင်းဝန်ခံပြီး ကုမ္ပဏီသို့ ၃၀-၆-၂၀၁၃ရက်တွင် အပြီး ပေးအပ်မည်ဖြစ်ကြောင်း ဝန်ခံကတိပြုခဲ့ပါသည်။ သို့သော် ဝန်ခံကတိပြုသည့်ရက်တွင် ဦးမျိုးသူရိန်သည် ကုမ္ပဏီသို့ လာရောက်ပေးအပ်ခြင်းမရှိသည့်အပြင် တိမ်းရှောင်နေပါသဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကုမ္ပဏီသို့ဖြစ်စေ၊ ကျွန်ုပ်ထံသို့ဖြစ်စေ အဆိုပါ ငွေ ၄၃၈၂၆၄၀ကျပ်အား လာရောက်ပေးအပ်ပါရန် ဦးမျိုးသူရိန်သိရှိစေရန် အသိပေး ကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီတာမမ **ဒေါ်သွယ်သွယ်စိုး**
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၆၆) **အထက်တန်းရှေ့နေ(စဉ်-၃၁၁၆၁)**
၄၄၊ ပထမထပ်၊ ၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၂၁၅၇၃၊ ၀၉-၂၅၄၁၃၀၀၇၄

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ လူနေရပ်ကွက်အမှတ် ၄၊ မြေတိုင်းရပ်ကွက်အမှတ် UE-၂/၄၊ မြေကွက်အမှတ် ၁၀၄၀၊ အလျားပေ၄၀×အနံပေ၆၀အကျယ်အဝန်းရှိ ဦးဖြူအမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏(ခြေရင်းဘက်ခြမ်း) အလျားပေ၂၀×အနံပေ၆၀အကျယ်အဝန်းရှိသော မြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၄)ရပ်ကွက်၊ ယောမင်းကြီးလမ်း၊ အမှတ် ၁၀၄၀/ခ ဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးဖြူ ISN-၁၀၀၄၁၄ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-

ဒေါ်နွယ်နီအောင် LL.B, LL.M, D.I.R (တရားလွှတ်တော်ရှေ့နေ)
အမှတ် ၂၇/၂၉၊ ဒုတိယထပ်၊ ၃၅လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၂၅၁၈၆၅၊ ၃၈၉၆၇၇၊ ၀၉-၅၀၅၈၃၅၈၊ ၀၉-၇၃၁၄၆၇၅၈

ဒေါ်ချိုလေးမာနှင့်အများသိစေရန်ကြေညာခြင်း

မောင်တောမြို့၊ အမှတ် (၄)ရပ်ကွက်၊ ကွင်းအမှတ် ၁၀၂-က(တက်ချောင်းကွင်း)၊ ဦးပိုင်အမှတ် ၄၂၅၊ မြေဧရိယာ ၀ဒသမ ၁၁၈ဧကရှိမြေကို ကျွန်တော်၏မိတ်ဆွေ ဦးဝင်းထွန်း ၁၁/မတန(နိုင်)၀၁၂၁၅၃သည် ဦးစံထွန်း (ဒုရဲမှူး-ငြိမ်း)ထံမှ လက်ရောက်ဝယ်ယူခဲ့ပြီးနောက် ထိုမြေပေါ်၌ သွပ်မိုးနှစ်ထပ်တိုက်တစ်ဆောင်ကို ဦးဝင်းထွန်းက ဆောက်လုပ်ပြီး မိသားစုနှင့်အတူနေထိုင်ခဲ့ကြောင်း၊ ဦးဝင်းထွန်းသည် ပြစ်မှုတစ်ခုကြောင့် စစ်တွေအကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံနေရစဉ် ဇနီးဖြစ်သူ ဒေါ်သန္တာဦးသည် ဦးဝင်းထွန်း၏ သဘောတူခွင့်ပြုချက်မရရှိဘဲ ဒေါ်ချိုလေးမာသို့ ရောင်းချခဲ့ပါသော်လည်း အဆိုပါအိမ်နှင့်မြေမှာ ဦးဝင်းထွန်း၏ အိမ်နှင့်မြေသာဖြစ်ကြောင်း၊ ဒေါ်သန္တာဦးက ဒေါ်ချိုလေးမာသို့ အရောင်းအဝယ်ပြုလုပ်ထားခြင်းမှာလည်း တရားဥပဒေအရ ညီညွတ်မှုမရှိကြောင်း ဒေါ်ချိုလေးမာနှင့် အများပြည်သူသိစေရန် ကြေညာလိုက်ပါသည်။

ဦးဝင်းထွန်း ၁၁/မတန(နိုင်)၀၁၂၁၅၃၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစံလှ LL.B (တရားလွှတ်တော်ရှေ့နေ) (၃၆၆၁)
ဖုန်း-၀၉-၈၅၂၁၀၁၁၆

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေသည် ဖော်ပြပါကုန်အမှတ်တံဆိပ်များဖြစ်သော Myanmar Media Star အမည်ဖြင့် ပုံနှိပ်ထုတ်ဝေခြင်းနှင့် ကြော်ငြာလုပ်ငန်း၊ i-school အမည်ဖြင့် ကျောင်းသုံး၊ ရုံးသုံးဗလာစာအုပ်အမျိုးမျိုးတို့ကို ထုတ်လုပ်ဖြန့်ဖြူးရောင်းချမည်ဖြစ်၍ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်သွင်းချုပ်ဆိုမည်ဖြစ်သဖြင့် ယင်းအမည်များဖြင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ပြီးသူများရှိခဲ့သော် ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ပွင့်(ခ)ဒေါ်မေပြည့်စုံ (အထက်တန်းရှေ့နေ) (စဉ်-၂၈၁၈၃)
အမှတ် ၅၅၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၂၅၇၉၅၊ ၀၉-၅၀၅၃၄၂၄

အထူးကျေးဇူးတင်ရှိပါကြောင်း
ဒေါက်တာမင်းအောင် (M.B.,B.S) Mdy

၈-၅-၂၀၁၄ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်သွားသော ဦးမင်းအောင် မကျန်းမာစဉ်က ပြုစုစောင့်ရှောက်ပေးခဲ့သည့် ဆရာဝန်ကြီးများ၊ ပါမောက္ခကြီးများ၊ မိုးကုတ်ဝိပဿနာ ဇနီတာရာမကျောင်းတိုက်ကြီးများ၏ ဦးစီးပဓာနနာယက၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယကျေးဇူးတော်ရှင်ဆရာတော်ကြီး ဘဒ္ဒန္တဇနိတာလင်္ကာရ၊ နာရေးကိစ္စအဝဝတွင် ဝိုင်းဝန်းပံ့ပိုးကူညီဆောင်ရွက်ပေးခဲ့ကြသော အင်းတကော်မှ ဓမ္မမိတ်ဆွေများ၊ မန္တလေးဆေးတက္ကသိုလ်မှသူငယ်ချင်းများ(၁၉၇၉-၈၄)၊ ရပ်ဝေးရပ်နီးမှ မိတ်ဆွေ သင်္ဂဟများ၊ ဆွေမျိုးများ၊ လှူဖွယ်ဝတ္ထုအစုစုကောင်းမှုပြုလုပ်ပေးကြသူများ၊ လွမ်းသူ့ပန်းခြင်းပေးပို့ကြသောမိသားစုများ၊ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်းဖြင့်သော်လည်းကောင်း နှစ်သိမ့်အားပေးကြသော မိတ်ဆွေအပေါင်းအသင်းများအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု

(၆)နှစ်ပြည့် လွမ်းဆွတ်သတိရ အမှျဝေခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယိကာမကြီး
ဒေါ်ကျင်လှိုင် (ဦးထွန်းဖေပွဲရုံ-ဘုရင့်နောင်)
အသက် (၇၂)နှစ်

၁၆-၅-၂၀၀၈ ရက်တွင် ကွယ်လွန်ခဲ့သော အနန္တကျေးဇူးရှင် ချစ်လှစွာသောမိခင်ကြီး မိသားစုကို ခွဲခွာထားရစ်ခဲ့သည်မှာ ယနေ့(၆)နှစ်ပြည့်ခဲ့ပြီဖြစ်သော်လည်း ကျန်ရစ်ခဲ့တဲ့မိသားစုရဲ့ရင်မှာ မနေ့တစ်နေ့ကလိုဘဲ ထင်နေဆဲ၊ တစ်နေ့တစ်ရက်မှ မမေ့မလျော့ဘဲ တမ်းတသတိရနေဆဲပါ။ မိခင်ကြီးအတွက် ရည်စူးပြုသမျှ ကုသိုလ်ကောင်းမှုအလှူဒါနအဝဝကို မြင့်မြတ်သောဘုံမှ ကြားသိရ၍ သာဓုခေါ်ဆိုနိုင်ပါစေ။ တက်လှမ်းနိဗ္ဗာန် ရောက်ပါစေ။

သား - မောင်မျိုးကိုကို-မနီလာသန်း
မြေး - မောင်ဇင်မင်းပိုင်နှင့်
ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးရေးနှင့် ကြက်၊ ဝက်၊ ငါးမွေးမြူရေးအထူးဇုန်(၁)အတွင်းရှိ မြေကွက် C-5လမ်း၊ M6 လမ်းထောင့်၊ မြေကွက်အမှတ် A(72)အား မူလပိုင်ရှင် ဦးကျော်မြင့် CG-၀၆၇၈၅၀ ထံမှ ဦးလှုခွမ်းဖြင့် ၁၃/ကခန(နိုင်)၀၁၂၄၂ အနေနှင့် ၂၀၁၀ ခုနှစ် စက်တင်ဘာလမှ စတင်ဝယ်ယူလုပ်ကိုင်နေသူဖြစ်သဖြင့် အမည်ပြောင်းရန်အတွက် ယနေ့မှစ၍ ခုနစ်ရက်အတွင်း မည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနည်းလမ်းများနှင့်အညီ အမည်ပြောင်းခြင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးလှုခွမ်းဖြင့် ဖုန်း-၀၉-၄၃၁၃၂၉၉၇

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော တိုက်ခန်းနှင့် ဌာနမှုယာယီမြေရှင်အဖြစ်ဆောင်ရွက်ခဲ့သော တိုက်ခန်းအား လက်ရှိအမည်ပေါက် မူလနေထိုင်သူနှင့် ကန်ထရိုက်တာထံမှတစ်ဆင့်ဝယ်ယူထားသူမှ အဆောက်အအုံနေထိုင်ခွင့်စာချုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အကြောင်းကြားလိုက်သည်-

စဉ်	တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ်	အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ်	လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ်
၁။	(ဦးသူရ)၊(ဦးဖိုးမြိုင်-ဒေါ်ရီ) (ကစ)ဒေါ်မြကြည် ၁၂/သကတ(နိုင်)၀၉၉၈၇၅(မှ) ဒေါ်လှဲလှဲဝင်း ၁၂/သကတ(နိုင်)၀၉၄၀၂၂(မှ)	ဒေါ်သီရိထွန်းဝင်း ၁၂/ဒဂတ(နိုင်)၀၆၄၄၄၆	တိုက် B-1၊အခန်းအမှတ်၅၀၃ ရှုခင်းသာအိမ်ရာ၊သာကေတ
၂။	မူလနေထိုင်သူဦးစိုးသိန်း မူလနေထိုင်သူဒေါ်ခင်စန်းရီ(မှ) ဦးဇော်မင်း ၁၂/ပဇတ(နိုင်)၀၀၀၄၅၃(မှ)	ဦးထွန်းရင် CG-၀၅၇၀၄၄ ၁၂/ကတတ(နိုင်)၀၁၀၁၁၈	အမှတ်၂၀၊အခန်းအမှတ်၂၀-C၊ ၆လွှာ၊ ၅၄လမ်း၊ ပုဇွန်တောင်
၃။	ဦးစိုးသန်းထွန်း ရန်ရှင်းဆောက်လုပ်ရေး(မှ) ဦးလှတိုး B/RGN-၀၁၃၄၆၆ ဒေါ်ဥမ္မာစိန် N/RGN-၀၀၁၃၇၈ (မှ) ဦးမျိုးမင်း G/RGN-၀၀၄၃၃၆ (မှ)	ဦးစိုးမြင့်(ခ)ထောက်ကျင်(ခ) စွန်စွန်း ၁၂/ကတတ(ဧည့်)၀၀၀၃၆၇	အမှတ် ၁၂၉၊အခန်း၇လွှာ-ဘီ၊ အနောက်ရထာလမ်း၊ ပုဇွန်တောင်
၄။	ဦးကိုကိုလတ် ၁၄/ဖပန(နိုင်)၀၀၈၄၂၃ (မှ)	ဒေါ်ဥမ္မာဝင်း ၁၂/ဗတထ(နိုင်)၀၃၀၇၈၄	တိုက်(ဘီ)၊အထပ်အမှတ် ၁၂၊ အခန်း ၃၊ မင်းဓမ္မအဆင့်မြင့် အိမ်ရာ၊ မရမ်းကုန်း
မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၄၉၇၃၊ ၀၅၇-၂၇၃၀၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်နယ်အစိုးရအဖွဲ့ရုံး
မွန်ပြည်နယ်
အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ခု ဘဏ္ဍာရေးနှစ်တွင် မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ အဆောက်အအုံတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများအား စိတ်ပါဝင်စားသူ လိုင်စင်ရဆောက်လုပ်ရေးကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်းနှင့် ဒေသခံကုမ္ပဏီအား ဦးစားပေးမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ရုံးချိန်အတွင်း မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး၊ မော်လမြိုင်မြို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

၃။ (က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၅-၂၀၁၄ရက် (ကြာသပတေးနေ့)
(ခ) **တင်ဒါပိတ်မည့်ရက်** - ၂၀-၆-၂၀၁၄ရက် (သောကြာနေ့)
(ဂ) **တင်ဒါပိတ်မည့်အချိန်** - ၁၆း၀၀နာရီ
(ဃ) **ဆက်သွယ်ရမည့်တယ်လီဖုန်းနံပါတ်** - ၀၅၇-၂၄၉၇၃၊ ၀၅၇-၂၇၃၀၃

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မွန်ပြည်နယ်အစိုးရအဖွဲ့ရုံး
မော်လမြိုင်မြို့
ဖုန်း-၀၅၇-၂၄၉၇၃၊ ၀၅၇-၂၇၃၀၃

Blowing Machine , Blowing Moulding
Injection Machine , Injection Moulding
Compressor များရောင်းရန် ရှိသည်။ အသေးစိတ် သိရှိလိုပါက [illegible] သို့ ဆက်သွယ်စုံစမ်းပါရန်။

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ ဗိုလ်ရာညွန့်လမ်း၊ အမှတ် ၅၂ ဟု ခေါ်တွင်သော ကွန်ဒိုအဆောက်အအုံကြီး၏ငါးလွှာ၊ ၁၆၇၆ စတုရန်းပေအကျယ်ရှိ တိုက်ခန်းနှင့်တကွ ဆက်သွယ်အသုံးပြုထားသော ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ၁၂-၃-၂၀၀၉ ရက်စွဲပါ ကတိစာချုပ်ကို အထောက်အထားပြုပြီး ပိုင်ဆိုင်သူဖြစ်သော ဒေါ်လှလှမြင့် ၁၂/အလန(နိုင်)၀၂၀၀၄၇ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်ထံ ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးလိမ္မော် (LL.B)	**ဦးမျိုးသူရအောင်**	**ဦးဝေယံဦး**
တရားလွှတ်တော်ရှေ့နေ	**(စဉ်-၄၂၂၁၀)**	**(စဉ်-၄၂၂၂၇)**
(စဉ်-၄၃၁၄)		

အထက်တန်းရှေ့နေများ
အမှတ် ၄၆/ပထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ပျောက်ဆုံးကြောင်း

ကျွန်တော် သန်းလေးဝင်း ၁၂/ထတပ(နိုင်)၀၈၈၉၉၇၏ မြန်မာနိုင်ငံကူးလက်မှတ် M-196469 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၂၀၅၅၆၆**

မွေးသက္ကရာဇ်အမှန်

ဦးမောင်တင် ၄/မတန(နိုင်)၀၀၇၀၃၄ ၏သမီး မမာလာ(ခ) မတင်မာလာ ၁၂/ မဘန(နိုင်)၁၂၉၀၁၂၏ မွေးသက္ကရာဇ် အမှန်မှာ ၂၀-၇-၁၉၉၄ ဖြစ်ပါကြောင်း။

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	-	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	-	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

[illegible]

စဉ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

[illegible]

မြန်မာ့အလင်း
လူမှုစီးပွားအားကစား
၂၀၁၄ခုနှစ်၊ မေ ၁၆ရက်၊ သောကြာနေ့။

SUPER

လူမှုစီးပွား

အချိန်မီပြုပြင်ထိန်းသိမ်းသင့်သော ရှေးဟောင်းအမွေအနှစ်စာရင်းဝင် မြောက်လေးစဉ် (ခေါ်) စလင်းရုပ်စုံကျောင်း

စာ - ၃

လူမှုစီးပွား

မောရှမ်းတို့၏ ယနေ့တိုင်တည်မြဲနေသည့် ရှမ်းရိုးရာပဲပုပ်တို့ မြိုင်မြိုင်ဆိုင်ဆိုင် လှိုင်လှိုင်ထွက်ပြီ

စာ - ၆

ဝလာဒီမာကာလစ်ရှ်ကို၏ WBC ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ဘာမိန်းစတီဗာနီဆက်ခံ

စာ - ၇

မန်ယူရဲ့ကျောက်ရိုင်းတစ်ပွင့် သို့မဟုတ် ဝီလ်ဆန်

စာ - ၂

ရို့စ်ဘာကလေရဲ့ နေရာအတွက် စောင့်ကြည့်ရမယ့် ရှိုင်ဟော့ဂ်ဆန်ရဲ့ လုပ်ကွက်

စာ - ၂

၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ ဟာမီလ်တန်ဆက်လက်ဦးဆောင်

စာ - ၈



မန်ယူရဲ့ကျောက်ရိုင်းတစ်ပွင့် သို့မဟုတ် ဝီလ်ဆန်

သူ့နာမည်က ဝီလ်ဆန်။ အပြည့်အစုံပြောရရင် ဂျိမ်းအန်တိုနီဝီလ်ဆန်။ သူ့ကို ၁၉၉၅ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့မှာ မွေးတယ်။ အသက်က ၁၈နှစ်။ အင်္ဂလန်နိုင်ငံသား။ ဇာတိက အင်္ဂလန်နိုင်ငံရဲ့ စတက်ဖို့ဒ်ရှိုင်းယားပြည်နယ်။ ကလပ်အသင်းက အင်္ဂလန်နိုင်ငံရဲ့ လက်ရှိအထင်ရှားဆုံး မန်ချက်စတာယူနိုက်တက်။ ကစားတဲ့နေရာက တိုက်စစ်မှူး။ အရပ်က ၅ပေနဲ့ ၁၁လက်မ။ အရှင်းဆုံးပြောရရင် ဂျိမ်းဝီလ်ဆန်ဆိုတဲ့ ဒီလူငယ်လေးဆိုတာက သွင်းဂိုးနှစ်ဂိုးနဲ့ ကမ္ဘာ့ဘောလုံးလောကကို ကိုင်လှုပ်ခဲ့တဲ့သူ။ အိုးထရက်ဖို့ဒ်ကွင်းကြီးရဲ့ ပရိသတ်ပေါင်း ၇၅၃၄၁ဦးရဲ့ ရှေ့မှာ တွန့်ဆုတ်ခြင်းအလျှင်းမရှိ ကစားပြရင်းက အရေးပါတဲ့ဂိုးတွေသွင်းပြီး အားလုံးကို အံ့သြမှင်တက်စေခဲ့တဲ့သူ။

ဝေမိုးဆက်

အထူးသဖြင့် အဲဒီပွဲမတိုင်ခင် ရှေ့ပွဲမှာ မန်ယူဟာ ဆန်းဒါးလန်းကို ရှုံးတယ်။ ဒီတော့ အဲဒီပွဲမှာ ပြိုင်ဘက်ဟားလ်ကို နိုင်ပါမှခုသာခံသာရှိမယ့် အခြေအနေ။ ဒါပေမယ့် မန်ယူအတွက် ကံဆိုးတာက အဲဒီပွဲမှာ ရွှန်းနေမပါနိုင်ဘူး။ ဝဲလ်ဘတ်လည်း မကစားနိုင်ဘူး။ နှစ်ယောက်စလုံးက ဒဏ်ရာနဲ့ နားနေရတဲ့ အချိန်မှာ ဒဏ်ရာက သက်သာလာတဲ့ ဗန်ပါစီကလည်း ကြံ့ခိုင်မှုမပြည့်သေးဘူး။ ဒီတော့ အနိုင်ရဖို့လိုအပ်တဲ့ အဲဒီပွဲမှာ တိုက်စစ်မှူးအဖြစ် ဘယ်သူ့ကိုသုံးမလဲ။ ယာယီမန်နေဂျာဂစ်ကို နည်းနည်းတော့ စဉ်းစားရကျပ်စေတယ်။ ဟာနန်ဒက်ဇ်ရှိပေမယ့် ဟာနန်ဒက်ဇ်က ဆန်းဒါးလန်းနဲ့ ပွဲမှာ မိနစ် ၉၀ပြည့် ကစားခွင့်ရတာတောင် တစ်ဂိုးမှ မသွင်းနိုင်ဘူးဆိုတော့ ဂစ်က အပြောင်းအလဲလုပ်ဖို့ဆုံးဖြတ်တယ်။ မန်ယူအသင်းကြီးနဲ့အတူ တစ်ခါမှ ပွဲမထွက်ဖူးသေးတဲ့ ဝီလ်ဆန်ကို ခပ်ရဲရဲပွဲထုတ်တယ်။

ဒါဟာ အခြေအနေနဲ့ အချိန်အခါက သူ့အတွက်ပေးလာတဲ့ အခွင့်အရေး။ ဒါကိုဝီလ်ဆန်ကလည်း လက်လွတ်မခံဘူး။ သူ့အပေါ် ယုံကြည်မှုကို အကျိုးမဲ့အဖြစ်မခံဘူး။ အသင်းအတွက် ဦးဆောင်ဂိုးနှစ်ဂိုးကို ကိုယ်တိုင်သွင်းပေးတယ်။ ပထမဂိုးက ဂျာနူဇက်ရဲ့ အမြင့်ဘောပေးပို့မှုကို ဖယ်လိုင်နီက ခေါင်းတိုက်ချပေးတာကနေ ဝီလ်ဆန်က တစ်ချက် ထောက်လာတဲ့ ဘောလုံးကို မဆိုင်းမတွ ကန်သွင်းခဲ့တာ။ ဒုတိယဂိုးက ဂျာနူဇက် ဆွဲပြေးဖြတ်ပို့တဲ့ ဘောလုံးကို ဖယ်လိုင်နီ ပိတ်သွင်းလို့ ပြန်ထွက်လာတဲ့ အနေအထားကနေ ဝီလ်ဆန်က မဆိုင်းမတွ ပိတ်သွင်းခဲ့တာ။ ဒီနှစ်ဂိုးကြောင့်ပဲ မန်ယူနိုင်ခဲ့တာလို့ ပြောရင်လည်းရတယ်။

တကယ်တော့ ကစားသမားတစ်ယောက်အပေါ် ဆုံးဖြတ်ရာမှာ ပွဲတစ်ပွဲတည်းခြေစွမ်းပြနိုင်မှု တစ်ခုတည်း အပေါ်ကြည့်ပြီး အလျင်စလို သုံးသပ်လို့ မရတာမှန်တယ်။ တစ်ဂိုးစ၊ နှစ်ဂိုးစသွင်းနိုင်ရုံနဲ့ လက်လွတ်စပယ်ချီးကျူးထောမနာပြုလို့ မရတာလည်း မှန်တယ်။ အရှင်းဆုံးပြောရရင် တစ်ပွဲတလေ ခြေစွမ်းပြနိုင်မှု၊ တစ်ဂိုးစ နှစ်ဂိုးစသွင်းနိုင်မှုလေးကို ကြည့်ပြီး ပြောမဆုံးနိုင်ဖြစ်နေရင် အကောင်းမြင်လွန်းရာ ကျမယ်။ ဒါပေမယ့် ပြောချင်တာက ဝီလ်ဆန်ဟာ တစ်မှုဟုတ်ချင်း ထိပ်တန်းဘောလုံးသမားတွေနဲ့ ရင်ပေါင်တန်းလာမယ့်သူလို့ ပြောချင်တာမဟုတ်ဘူး။ သူ့မှာ အရည်အချင်းရှိတယ်။ ရရှိလာတဲ့ အခွင့်အရေးကို လက်လွတ်မခံ အသုံးချခဲ့တဲ့အခြေအနေကြောင့် အားလုံးရဲ့ ယုံကြည်မှုကို အရင်ကထက် ပိုရလာတယ်။ ဒါဟာ အနာဂတ်ကောင်းတစ်ခုရဲ့ အစပျိုးမှု။ ဒီလိုအခြေအနေကို သူ့ဘက်ကသာ မဆုတ်မနစ်ကြိုးစားမှုနဲ့ ပေါင်းဖက်နိုင်ရင် တစ်ချိန်မှာ သူ့အတွက် နေရာတစ်ခုကို သူကိုယ်တိုင် ခိုင်ခိုင်မာမာ ထူဆစ်နိုင်လောက်တယ်လို့ ပြောချင်တယ်။

အထူးသဖြင့် အဲဒီပွဲမှာ ဝီလ်ဆန် သွင်းယူခဲ့တဲ့ နှစ်ဂိုးစလုံးဟာ ပြောပလောက်အောင် ကောင်းတဲ့ဂိုးတွေ မဟုတ်ဘူး။ ပြီးတော့ သူကစားခဲ့ရတဲ့ ၆၄မိနစ်ဆိုတဲ့အချိန်အတွင်းမှာ ဟားလ်ဂိုးပေါက်ကို သူလေးကြိမ်သာ ကန်သွင်းနိုင်တယ်။ ဒါပေမယ့် သူဟာ အဲဒီပွဲမှာ ဘောလုံးပေးပို့မှုတွေတိတိကျကျ လုပ်နိုင်တယ်။ အနီးပေးပို့မှု ၁၈ကြိမ် အထိ လုပ်နိုင်တယ်။ ပြီးတော့ သူ့ရဲ့သွင်းဂိုးနှစ်ဂိုးဟာကြုံရင်ကြုံသလို အသုံးချနိုင်တဲ့ အစွမ်းသူ့မှာ ရှိနေတယ်ဆိုတာ မြင်သာစေတယ်။

တကယ်တော့ သူ့ရဲ့အဲဒီလို အရည်အသွေးတွေကို ထုတ်ပယ်ခံလိုက်ရတဲ့ အရင်မန်နေဂျာ မိုယက်စ်ကလည်း မြင်တယ်။ မြင်လို့လည်း အသင်းကြီးထဲကို ခေါ်ခဲ့တာ။ ဒါပေမယ့် မိုယက်စ်မှာက ဖိအားရှိတယ်။ ရလဒ်ပိုင်းဆိုးရွားမှုနဲ့ ရပ်တည်မှု နိမ့်ပါးခြင်းကြောင့် စိုးရိမ်ပူပန်မှု ရှိတယ်။ ဒီတော့ ဝီလ်ဆန်ကို အသင်းကြီးထဲခေါ်ခဲ့ပေမယ့် မသုံးရဲဘူး။ အရန်အဖြစ်သာ ထားတယ်။ ဂစ်ကလည်း အပြောင်းအလဲလုပ်။ ပြီးတော့ ဂစ်ကလည်း သုံးရဲတဲ့အခါ ဝီလ်ဆန်အတွက် အခွင့်အရေးဆိုတာ ဖြစ်လာတာ။ ပြောချင်တာက ဝီလ်ဆန်ဟာ မန်နေဂျာတစ်ဦးတစ်ယောက်တည်းရဲ့ ယုံကြည်မှုကို ရတာမျိုးမဟုတ်ဘူး။ ဂစ်ကလည်း ယုံကြည်တယ်။ မိုယက်စ်ကလည်း မျှော်လင့်ချက်ထားတယ်။ အင်္ဂလန်ယူ-၁၉ မန်နေဂျာဘလိတ်ကလည်း နောက်ဆုံးသုံးပွဲမှာ ဝီလ်ဆန်ကို သုံးပွဲစလုံးသုံးပြီး ၂၀၁၄ ဥရောပ ယူ-၁၉ချန်ပီယံရှစ်ပြိုင်ပွဲအတွက် ခြေစစ်ပွဲကစားမယ့် အင်္ဂလန်ယူ-၁၉အသင်းအတွက်ထပ်ရွေးတယ်။ ပြောချင်တာက ဝီလ်ဆန်ဟာ တစ်စတစ်စနဲ့ ဘောလုံးလောကမှာ နေရာရလာတဲ့သဘော။

အထူးသဖြင့် ဝီလ်ဆန်ဟာ ပင်ကိုအရည်အသွေးရှိသူဆိုတာ သူ့ရဲ့ ဖြတ်သန်းမှုကို ပြန်ကြည့်ရင်ပဲ ထင်ထင်ရှားရှားကို တွေ့ရနိုင်တယ်။ ပြောရရင် ဝီလ်ဆန်ရဲ့သွင်းဂိုးတွေက အခုမှ ဖြစ်တည်လာတာမဟုတ်ဘူး။ ၁၈နှစ်အောက် မန်ယူအသင်းအတွက် ပွဲထွက်ခွင့်ရခဲ့တုန်းကလည်း အခုလိုပဲ ပထမဆုံးပွဲမှာ နှစ်ဂိုးသွင်းတယ်။ ၂၁နှစ်အောက်မန်ယူအသင်းမှာ ကစားတုန်းကဆိုရင်လည်း ဝုဖ်နဲ့ပွဲမှာ ဟက်ထရစ်သွင်းတယ်။ အဲဒီအသင်းနဲ့ပဲ ဗီလာကို ၃-၀နဲ့ နိုင်တုန်းကလည်း ၂၅ကိုက်အကွာကနေ လှလှပပဂိုးသွင်းတယ်။ အင်္ဂလန် ယူ-၁၉ အသင်းအတွက် သုံးပွဲကစားရာမှာလည်း တစ်ဂိုးသွင်းထားတယ်ဆိုတော့။ သေချာတယ်။ ဝီလ်ဆန်ဟာ မန်ယူအတွက် ကျောက်ရိုင်းတစ်ပွင့်ပဲ။ တစ်ခုတော့ ရှိတယ်။ သွေးတတ်ဖို့လိုမယ်။



သူ့မှာ အရည်အချင်းရှိတယ်။ ရရှိလာတဲ့အခွင့်အရေးကို လက်လွတ်မခံ အသုံးချခဲ့တဲ့အခြေအနေကြောင့် အားလုံးရဲ့ယုံကြည်မှုကို အရင်ကထက် ပိုရလာတယ်။ ဒါဟာ အနာဂတ် ကောင်းတစ်ခုရဲ့ အစပျိုးမှု။ ဒီလိုအခြေအနေကို သူ့ဘက်ကသာ မဆုတ်မနစ် ကြိုးစားမှုနဲ့ ပေါင်းဖက်နိုင်ရင် ...

ဝလာဒီမာကလစ်ရှ်ကို၏ WBC ဟဲဗီးဝိတ် ချန်ပီယံခါးပတ်ကို ဘာမိန်းစတီဗာနီ ဆက်ခံ

လစ်လပ်နေသည့် WBC ဟဲဗီးဝိတ် ချန်ပီယံခါးပတ်လုပွဲအဖြစ် ပြီးခဲ့သည့် မေလ ၁၀ ရက်တွင် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်၌ ဟေတီနိုင်ငံဖွား ဘာမိန်းစတီဗာနီနှင့် မက္ကဆီကို-အမေရိကန်နိုင်ငံသားအဖြစ် ပူးတွဲခံယူထားသူ ခရစ်အာရီအိုလာတို့ ထိုးသတ်ခဲ့သောပွဲတွင် စတီဗာနီက ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိကာ WBC ဟဲဗီးဝိတ်ချန်ပီယံဖြစ်လာခဲ့သည်။

အသက် ၃၅ နှစ်အရွယ်ရှိ စတီဗာနီသည်ခြောက်ချီမြောက်ပြီးဆုံးရန် ၅၈ စက္ကန့်အလို၌ ဒိုင်ပွဲရပ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ကနေဒါနိုင်ငံသား အဖြစ်ခံယူထားသူ စတီဗာနီ၏ ထိုးသတ်ချက်ကြောင့် ပြိုင်ဘက် အာရီအိုလာ (၃၃နှစ်) သည်ခြောက်ချီမြောက်အတွင်း နှစ်ကြိမ်လဲကျခဲ့ရပြီးနောက် ဒိုင်လူကြီး ဂျက်ရစ်စ္စက ပွဲကိုရပ်ဆိုင်းကာ စတီဗာနီအား အနိုင်သတ်မှတ်ပေးခဲ့ခြင်းဖြစ်သည်။ WBC ဟဲဗီးဝိတ်ချန်ပီယံသစ် စတီဗာနီသည် ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံဆုကို ရယူနိုင်သည့် ပထမဆုံး ဟေတီနိုင်ငံဖွား လက်ဝှေ့သမားအဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။ စတီဗာနီသည် ယခုပွဲမတိုင်မီ နောက်ဆုံးပွဲအဖြစ် ပြီးခဲ့သည့် ၂၀၁၃ ခုနှစ် ဧပြီ ၂၇ တွင် အာရီအိုလာနှင့်ပင် ထိုးသတ်ခဲ့ပြီး အမှတ်ဖြင့်အနိုင်ရရှိခဲ့သည်။

ယခင် WBC ဟဲဗီးဝိတ်ချန်ပီယံဖြစ်သူ ယူကရိန်းနိုင်ငံသား ဝလာဒီမာကလစ်ရှ်ကိုသည် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန် လက်ဝှေ့လောကမှ အနားယူသွားခဲ့၍ WBC ဟဲဗီးဝိတ်ချန် ပီယံ လစ်လပ်သွားခဲ့ခြင်းဖြစ်သည်။ ဝလာဒီမာကလစ်ရှ်ကိုသည် WBC ဟဲဗီးဝိတ် ချန်ပီယံအဖြစ် ၂၀၀၈ ခုနှစ်မှ လက်ဝှေ့လောကမှ အနားယူခဲ့သည့် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်အထိ ရပ်တည်ခဲ့သူဖြစ်သည်။

WBC ဟဲဗီးဝိတ်ချန်ပီယံသစ် စတီဗာနီက "ကျွန်တော့်ရဲ့ လေ့ကျင့်ပုံအရ ဒီပွဲမှာ အာရီအိုလာကို အလဲထိုးနိုင်လိမ့်မယ်ဆိုတာ ကျွန်တော်သိထားခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်မှာ ခွန်အားအပြည့်ရှိနေတယ်လေ"ဟု ပြောသွားသည်။

စတီဗာနီသည် စုစုပေါင်း ၂၆ ပွဲ ထိုးသတ်ခဲ့ရာတွင် ၂၄ ပွဲအနိုင်ရပြီး ၂၁ ပွဲ၌ အလဲ ထိုးနိုင်ခဲ့ကာ တစ်ပွဲသရေ၊ တစ်ပွဲ ရှုံးနိမ့်ခဲ့သူဖြစ်သည်။

ရို့စ်ဘာကလေရဲ့ နေရာအတွက် စောင့်ကြည့်ရမယ့် ရှိုင်ဟော့ဂ်ဆန်ရဲ့လုပ်ကွက်

မကြာသေးမီကမှ လာမည့်ဇွန်လမှာကစားမယ့် ဘရာဇီးကမ္ဘာ့ဖလားအတွက်အင်္ဂလန် ၂၃ယောက် လူစာရင်းကိုထုတ်ပြန်ကြေညာလိုက်ပါတယ်။ အဲဒီလူစာရင်းမှာ ထူးထူးခြားခြား ပါဝင်လာသူကတော့ အဲဗာတန် လူငယ်ကွင်းလယ်ကစားသမား ရို့စ် ဘာကလေပါပဲ။ သူဟာနိုင်ငံအသင်းနဲ့ အတူ သုံးပွဲသာ ပါဝင်ကစားခွင့်ရရှိထားပြီး ဒီနှစ်ကမ္ဘာ့ဖလားမှာ ပါဝင်ကစားမယ့် အင်္ဂလန်အသင်းမှာ ပါဝင်ကစားခွင့် ရရှိတာကတော့သူ့အတွက် အထူးအခွင့်အရေးတစ်ရပ်လို့ ဆိုနိုင်ပါတယ်။

ရို့စ်ဘာကလေဟာ ဒီနှစ်ရာသီမှာ အဲဗာတန်အသင်းမှာ ခြေစွမ်းပြပြီး နာမည်ထွက်လာခဲ့တဲ့အသက် ၂၀သာရှိသေးတဲ့ လူငယ်ကစားသမား ကောင်းတစ် ဦးလည်းဖြစ်ပါတယ်။ဒါဟာ ဒေးဗစ်မိုယက်စ် အဲဗာတန်အသင်းမှထွက်ခွာခဲ့တဲ့နောက် ဖြစ်ထွန်းလာခဲ့တဲ့ အကျိုးကျေးဇူးတစ်ခုလို့လည်းဆိုနိုင်ပါတယ်။

ရို့စ်ဘာကလေဟာ ဒီနှစ်ရာသီမှာ မန်နေဂျာသစ် မာတီနက်ဇ်ရဲ့လက်အောက်မှာအကောင်းဆုံးတိုးတက်မှုရှိလာပြီး လူကာကူနဲ့အတူတွဲဖက်ကာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်လည်း ရို့စ်ဘာကလေဟာ အင်္ဂလန်အသင်းရဲ့ ၂၀၁၃ခုနှစ် ဩဂုတ်လကနေစတင် ပါဝင်ကစားခွင့်ရရှိခဲ့ပြီး ယခုအခါ ဘရာဇီးကမ္ဘာ့ဖလားမှာ ကစားမယ့် အင်္ဂလန် ၂၃ယောက်လူစာရင်းမှာ အဓိက ကစားသမားအဖြစ် ပါဝင်လာခဲ့တာလည်း ဖြစ်ပါတယ်။

ရို့စ်ဘာကလေဟာ ဒီနှစ်ရာသီ အတွင်းအသင်းအတွက် ပရီမီယာလိဂ်သွင်းဂိုး၆ဂိုးအထိသွင်းယူပေးထားပြီး အဲဗာတန်ရဲ့ငယ်မွေးခြံပေါက်လူငယ်ကစားသမားထဲမှာတော့ အင်တိုက်အားတိုက်နဲ့ အကောင်းဆုံးကစားသမားတစ်ဦးလို့ တောင်ပြောနိုင်ပါတယ်။ ဒါတင်မကပါဘူး။ အသင်းရဲ့ကွင်းလယ်ပိုင်းကနေ အင်အားကောင်းကောင်းနဲ့ ဘောလုံးဆွဲပြေးနိုင်စွမ်းရှိပြီး လူကာကူနဲ့အတူ အချိတ်အဆက်မိမိကစားကာ အသင်းအတွက် ရလဒ်ကောင်းတွေကိုလည်း ယူဆောင်ပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဒီနှစ်ရာသီမှာ သူ့ရဲ့ဘောလုံးဆွဲပြေးနိုင်စွမ်းကပရီမီယာလိဂ် ထိပ်တန်းကစားသမား ၁၀ဦးထဲအထိတောင် ပါဝင်လာခဲ့ပါတယ်။ ဒါ့အပြင် တစ်ပွဲမှာ ဂိုးပေါက်တည့်အောင် ကန်သွင်းနိုင်မှုကလည်း ၂ဒသမ၃ရာခိုင်နှုန်းအထိရှိတဲ့ သူဖြစ်ပါတယ်။

ဒီနှစ်ရာသီမှာ ရို့စ်ဘာကလေ အနေနဲ့ အဲဗာတန်အသင်းမှာအဓိက ကစားရတဲ့ နေရာကတော့ ကွင်းလယ် ကစားသမားနှစ်ယောက်ရဲ့ရှေ့မှာဖြစ်ပြီး နံပါတ်၁၀ကစားသမားတစ်ဦးလို ကစားရတာလည်းဖြစ်ပါတယ်။ အဲဒါကလည်း အသင်းရဲ့ကစားကွက်ဖြစ်တဲ့ ၄-၂-၁-၃ သို့မဟုတ် ၄-၂-၃-၁အပေါ်မှာလည်း မူတည်နေတယ်လို့ဆိုနိုင်ပါတယ်။ ဒါကို ကြည့်မယ်ဆိုရင် ဘာကလေဟာ အဓိက တိုက်စစ်ကစားသမားအဖြစ်ပါ ကစားခွင့် ရရှိထားတဲ့သူလည်းဖြစ်ပါတယ်။ ဒါပေမယ့် အင်္ဂလန်မန်နေဂျာ ရှိုင်ဟော့ဂ်ဆန် အနေနဲ့လာမယ့် ဘရာဇီးကမ္ဘာ့ဖလားမှာ ၄-၄-၁-၁ ကစားကွက်နဲ့သာကစားစေမယ်ဆိုရင် သူဟာအဓိက တိုက်စစ်မှူးစတာရစ်ရဲ့နောက် ရွှန်နေးနဲ့အပြိုင်ရှိလာနိုင်ပါတယ်။ ဒါမှမဟုတ် ရှိုင်ဟော့ဂ်ဆန်အနေနဲ့၄-၄-၂ကစားကွက်ကိုသာ သုံးမယ် ဆိုရင်တော့ ကွင်းလယ်မှာအတွဲညီနေတဲ့ ဟန်ဒါဆန်နဲ့ ဂျရတ်တို့ရှိနေတာကြောင့် သူ့ရဲ့လက်ရှိကစားပုံနဲ့လုံးဝကိုက်ညီခြင်းမရှိတာကို တွေ့ရမှာပါ။

ဒီနှစ်ရာသီမှာ ရို့စ်ဘာကလေရဲ့ဘောလုံး ဖျတ်ထုတ်နိုင်မှုတွေဟာ တစ်ပွဲကို ၀ဒသမ၆ရာခိုင်နှုန်း ရှိတာကြောင့် အကောင်းဆုံး ကွင်းလယ်အဖျက် ကစားသမားတစ်ဦးအဖြစ်လည်းတွေ့နိုင်ပါတယ်။ ဒါကြောင့် အင်္ဂလန်မန်နေဂျာရှိုင်ဟော့ဂ်ဆန် အနေနဲ့ အသင်းရဲ့ ကစားကွက်ကို ၄-၃-၃သာ ပြောင်းခဲ့မယ်ဆိုရင်တော့ သူဟာ ဂျရတ်၊ အန်ဒါဆန်တို့နဲ့တွဲပြီး box-to-box ကစားသမား (တစ်ဖက်ပယ်နယ်တီစည်းမျဉ်းထဲသို့ဝင်ကာ ဂိုးတွေသွင်းယူနိုင်သလို မိမိပယ်နယ်တီစည်းတွင်လည်း ဂိုးမပေးရရန်အတွက် ဖျတ်ထုတ်ကစားနိုင်သူ) အဖြစ် တွေ့ရမှာပါ။ အဲဒါဆိုရင် အသင်းရဲ့ရှေ့တန်းမှာ စတာလင်၊ ရွှန်းနေနဲ့စတာရစ်တို့ရဲ့အတွဲညီညီတိုက်စစ်ကိုတွေ့ရမှာပါ။

ဒါပေမယ့် ရို့ဘာကလေရဲ့ကစားပုံနေရာဟာ ရွှန်းနေရဲ့ကစားပုံနေရာနဲ့လည်း ဆင်နေတာကြောင့် ကမ္ဘာ့ဖလားမှာပုံမှန်ပွဲထွက်ခွင့် ရမလားဆိုတာက လည်းစိုးရိမ်စရာဖြစ်ပေမယ့် သူ့လိုဒီနှစ်ရာသီမှာ အဲဗာတန်အသင်းနဲ့အတူ အကောင်းဆုံး ခြေစွမ်းပြကစားနေတဲ့ ကစားသမားတစ်ဦးကိုတော့ ရှိုင်ဟော့ဂ်ဆန်အနေနဲ့ အရန်ခုံမှာထိုင်နေဖို့အတွက် ခွင့်မပြုနိုင်ဘူးလို့လည်း ထင်မိပါတယ်။ ဒါကြောင့် မကြာခင် ကျင်းပတော့မယ့် ၂၀၁၄ကမ္ဘာ့ဖလားမှာ ရှိုင်ဟော့ဂ်ဆန်အနေနဲ့ လူငယ်ကစားသမား ရို့စ်ဘာကလေကို ဘယ်လို့နေရာမှာထားသုံးပြီးကစားစေမယ်ဆိုတာကတော့ စိတ်ဝင်စားစွာစောင့်ကြည့်ရမယ့် ပုဒ်စာတစ်ပုဒ်အဖြစ်ရှိနေပါတော့တယ်။

ရို့စ်ဘာကလေရဲ့ ဘောလုံးဖျက်ထုတ်နိုင်မှုတွေဟာ တစ်ပွဲကို ၀ ဒသမ ၆ ရာခိုင်နှုန်း ရှိတာကြောင့် အကောင်းဆုံး ကွင်းလယ်အဖျက်ကစား သမားတစ်ဦးအဖြစ်လည်းတွေ့နိုင် ...

အောင်က

» စာမျက်နှာ ၈ မှ

အဆိုပါ အဆင့်၌ ဘရာဇီးနှင့် ထိပ်တိုက်တွေ့ရဖွယ်ရှိနေသောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဟော်လန်အတွက် ယခုနှစ် ပြိုင်ပွဲကြီးသည် တာလွတ်ချိန်ကလည်းက မလျှော့သော အားထုတ်မှုနှင့် ပြိုင်ပွဲဝင်ပါမှ တော်ကာကျမည့် အခြေအနေမျိုးဖြစ်နေသည်။ သို့သော် မည်သို့ပင်ဆိုစေ ဗန်ဟားလ်၏ အတွေ့အကြုံနှင့်ထက်မြက်မှု၊ ကစားသမားကောင်း ပေါကြွယ်ဝမှု၊ စိတ်ဓာတ်၊ ခြေစွမ်းအကောင်းဆုံးပုံစံ ရရှိနေမှုများကြောင့် ဟော်လန်သည် ပြိုင်ဘက်များက သတိထားနေရမည့် အသင်းတစ်သင်း အဖြစ် ဆက်လက်တည်ရှိနေသည်ကတော့ သေချာသည်ဟုသာ ဆိုချင်မိပါသည်။

ဟော်လန်၏ ကမ္ဘာ့ဖလားမှတ်တမ်း

၁၉၃၀	ပြိုင်ပွဲမဝင်
၁၉၃၄	ပထမအဆင့်
၁၉၃၈	ပထမအဆင့်
၁၉၅၀	ပြိုင်ပွဲမဝင်
၁၉၅၄	ပြိုင်ပွဲမဝင်
၁၉၅၈	ခြေစစ်ပွဲမအောင်
၁၉၆၂	ခြေစစ်ပွဲမအောင်
၁၉၆၆	ခြေစစ်ပွဲမအောင်
၁၉၇၀	ခြေစစ်ပွဲမအောင်
၁၉၇၄	ဗိုလ်လုပွဲ
၁၉၇၈	ဗိုလ်လုပွဲ
၁၉၈၂	ခြေစစ်ပွဲမအောင်
၁၉၈၆	ခြေစစ်ပွဲမအောင်
၁၉၉၀	၁၆သင်းအဆင့်
၁၉၉၄	ကွာတားဖိုင်နယ်
၁၉၉၈	ဆီမီးဖိုင်နယ်
၂၀၀၂	ခြေစစ်ပွဲမအောင်
၂၀၀၆	၁၆သင်းအဆင့်
၂၀၁၀	ဗိုလ်လုပွဲ

စာမျက်နှာ ၈ မှ

အမြန်ဆုံး မောင်းနှင်နိုင်သူအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။ သို့သော် ဗက်တဲလ်သည် အဆိုပါပြိုင်ပွဲ၌ စတုတ္ထနေရာဖြင့်သာ ပန်းဝင်ခဲ့သည်။

ပန်းဝင်နိုင်

ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၌ ဗက်တဲလ်သည် အမြင့်ဆုံးအဆင့်ဖြင့် ပန်းဝင်နိုင်မှုအဖြစ် ဒုတိယမြောက်ပြိုင်ပွဲဖြစ်သည့် Malaysian Grand Prix ပြိုင်ပွဲတွင် တတိယနေရာဖြင့်သာ ပန်းဝင်နိုင်ခဲ့သည်။

ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲမှ ပြိုင်ပွဲဝင် ကားမောင်းသမားများ၏ ရပ်တည်မှုအဆင့်တွင် ဟာမီလ်တန်က ရမှတ် ၁၀၀ ဖြင့် ထိပ်ဆုံးမှရပ်တည်နေကာ နီကိုရော့ဘတ်စ်က ၉၇ မှတ်ဖြင့် ဒုတိယနေရာ၊ ဖာရာရီအသင်းမှ ဖာနန်ဒိုအလွန်ဆိုက ၄၉ မှတ်ဖြင့် တတိယနေရာတွင် ရပ်တည်နေပြီး ဗက်တဲလ်က ရမှတ် ၄၅ မှတ်ဖြင့် ဒုတိယနေရာတွင်သာ ရပ်တည်နေရသည်။

မကွေးတိုင်းဒေသကြီး

အချိန်မီပြုပြင်ထိန်းသိမ်းသင့်သော ရှေးဟောင်းအမွေအနှစ်စာရင်းဝင် မြောက်လေးစဉ် (ခေါ်) စလင်းရုပ်စုံကျောင်း

စလင်းမြို့ရှိ မြောက်လေးစဉ် (ခေါ်) စလင်းရုပ်စုံကျောင်းတော်ကြီး။

မြန်မာနိုင်ငံအတွင်းရှိ ရှေးဟောင်းမြို့တော်များဖြစ်ကြသည့် မန္တလေးမြို့၊ ပြည်မြို့၊ စလေမြို့ အစရှိသော မြို့များရှိ ဘုန်းတော်ကြီးကျောင်းများ၊ ဘုရားပရိဝုဏ်များအတွင်း အပြင်နံရံများ၊ လက်ရန်းတိုင်များ၊ လှေကားများတွင် ဗုဒ္ဓဝင်ဇာတ်နိပါတ်တော်ပန်းချီ၊ ပန်းပု၊ ရုပ်လုံး၊ ရုပ်ကြွများဖြင့် တန်ဆာဆင်ထားသော မန္တလေးမြို့မှ ရွှေကျောင်းတော်ကြီးကဲ့သို့ ကျောင်းများ တည်ရှိလျက်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ထို့အတူ မြန်မာနိုင်ငံအလယ်ပိုင်းဖြစ်သော မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့များတွင်လည်း ရုပ်စုံကျောင်းများ အများဆုံးရှိနိုင်သည်ဟု ယူဆရသည်။ အဘယ်ကြောင့်ဆိုသော် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိရှိပြီးဖြစ်သော စလေမြို့ရှိ စလေရုပ်စုံကျောင်းကြီးအပြင် ပခုက္ကူခရိုင်အတွင်းမှ ပခန်းကြီးရုပ်စုံကျောင်း၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းနှင့် စလင်းမြို့တွင် မြောက်လေးစဉ်ကျောင်း(ခေါ်) စလင်းရုပ်စုံကျောင်း တစ်ကျောင်းတည်ရှိနေသောကြောင့် ဖြစ်သည်။

မြောက်လေးစဉ် (ခေါ်) စလင်းရုပ်စုံကျောင်းကြီးသည် စလင်းမြို့၏အနောက်ဘက် ဝက်သည်းကန်အနီး စလင်း-စေတုတ္တရာကားလမ်းပေါ်ရှိ ဆင်ကျုံးကျေးရွာအုပ်စု ရှမ်းရွာကုန်းကျေးရွာ၌ တည်ရှိသည်။ တိုင်လုံးပေါင်း ၂၄၅ တိုင်ဖြင့် တည်ဆောက်ထားသော စလင်းရုပ်စုံကျောင်း၏ မူရင်းအမည်မှာ မြောက်လေးစဉ်ကျောင်းဖြစ်ပြီး ရတနာပုံမြို့တည်နန်းတည် ပဥ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီးလက်ထက် မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ် (ခရစ်နှစ် ၁၈၆၈)တွင် စလင်းမြို့၊ သူကောင်းမျိုးရိုးကျောင်းဒါယိကာမကြီး ဒေါ်ပုက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း လေ့လာသိရှိရသည်။ ကျောင်းကြီးသည် အလျား ၁၇၈ ပေ ၈ လက်မနှင့် အနံ ၇၅ ပေ ရှည်လျားပြီး မြောက်ဘက်သို့မျက်နှာမူလျက် အရှေ့အနောက်အနေအထားဖြင့် တည်ရှိသည်။ စလင်းရုပ်စုံကျောင်းကြီးတွင် ပြာသာဒ်ဆောင် (ခေါ်)ဘုရားခန်း၊ စနုဆောင် (ခေါ်) အလယ်ခန်းမဆောင်နှင့် ဇေတဝန်ဆောင် (ခေါ်) ကျောင်းကြီးဟူ၍ အခန်းကြီးသုံးခန်းပါရှိသည်။

ပြာသာဒ်ဆောင်တွင် တိုင်လုံးပေါင်း ၂၇ လုံးပါရှိပြီး စိန်ဖူးတော်အထိ အမြင့်ပေ ၁၀၀ ရှိပြီး တောင်မြောက်အရှည်မှာ ၅၉ ပေ ရှည်လျားသည်။ ပြာသာဒ်ဆောင်၏ ပြာသာဒ်အဆင့်တိုင်းကို သစ်သားများဖြင့်တည်ဆောက်ထားခြင်းဖြစ်ပြီး ပတ်ပတ်လည်တွင် ရုပ်လုံး၊ ရုပ်ကြွ ပြာသာဒ်ဖောင်းကြွရုပ်များဖြစ်သော နတ်သားရုပ်များ၊ ဒေါင်းရုပ်များ၊ ကနုတ်ပန်းဖောင်းကြွများဖြင့် တန်ဆာဆင်တည်ဆောက်ထားသည်။ ပြာသာဒ်ဆောင်အတွင်း၌ ရတနာပုံခေတ်ပေစာများကို ထိန်းသိမ်းထားသော သေတ္တာများ၊ မြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူသော ရုပ်တော်မူဘုရားကို ပန်းခက်၊ ပန်းနွယ်များခြယ်သထားသော ပလ္လင်ပေါ်တွင်လည်းကောင်း၊ ပန်းကနုတ်များဖြင့် အလှဆင်ထားသော မှန်ဗီရိုများ၊ ဖန်ပန်းဆိုင်းများကိုလည်းကောင်း ထိန်းသိမ်းထားကြောင်း တွေ့ရှိရသည်။

စနုဆောင် (ခေါ်) အလယ်ခန်းမဆောင်တွင် တိုင်လုံးပေါင်း ၁၄ လုံးပါရှိပြီး အခန်းတစ်ခန်းချင်းအကျယ်သည် ၈ ပေ ၆ လက်မရှိပြီး အခန်း၏အမြင့်သည် ပေ ၃၀ ရှိသည်။ စနုဆောင်နှင့် ဇေတဝန်ဆောင်တို့၏ တောင်ဘက်၊ မြောက်ဘက်နှင့် အနောက်ဘက်တို့တွင် ပန်းပုရုပ်လုံး၊ ရုပ်ကြွများဖြင့် မွမ်းမံထားသော လက်ရန်းဝရန်တာများပါရှိသည်။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် သိရှိပြီးဖြစ်သော စလေမြို့ရှိ စလေရုပ်စုံကျောင်းကြီးအပြင် ပခုက္ကူခရိုင်အတွင်းမှ ပခန်းကြီးရုပ်စုံကျောင်း၊ ပွင့်ဖြူမြို့နယ်အတွင်းရှိ လယ်ကိုင်းရုပ်စုံကျောင်းနှင့် စလင်းမြို့တွင်တည်ရှိသော မြောက်လေးစဉ်ကျောင်း(ခေါ်) စလင်းရုပ်စုံကျောင်း တစ်ကျောင်းတည်ရှိနေ

ဇေတဝန်ဆောင် (ခေါ်) ကျောင်းကြီးပေါ်တွင် အင်္ဂလိပ်ခေတ် စစ်သချိုင်းမြေပုံနှင့် ဖိုးသူတော်နှစ်ပါး ခေါင်းလောင်းထမ်းထားသော ပန်းပုရုပ်လုံးရုပ်ကြွများကို တွေ့ရှိရသည်။ သို့သော် စနုဆောင်နှင့် ဇေတဝန်ဆောင်တို့၏ တောင်ဘက်နှင့် ဝရန်တာ၊ ကြမ်းခင်းများမှာ ထိန်းသိမ်းမှုအားနည်းခဲ့သဖြင့် လုံးဝမရှိတော့ဘဲ တိုင်လုံးများနှင့် လက်ရန်းအကာအချို့သာ ရှိတော့သည်အထိ ပျက်စီးခဲ့ရသည်။ အလယ်စနုဆောင်၏ တောင်ဘက်နှင့်မြောက်ဘက်တွင် အထစ် ၁၇ ထစ်ပါရှိသော လှေကားများပါရှိပြီး လှေကားတစ်ထစ်ချင်းစီ၏ ထိပ်ကျောင်းဆောင်အဝင်ဝတွင် ကြာပန်းကြာနွယ်များကိုင်ဆောင်ထားရှိသော နတ်သားရုပ်ပန်းပုလက်ရာများ တည်ရှိသည်။ ဘေးဘက်နံရံများတွင် မိကျောင်းများက မီးဖြင့်မှုတ်ထုတ်ဟန်ရုပ်ကြွများပါရှိပြီး မှုတ်ထုတ်လိုက်သော မီးများကို ပန်းကနုတ်များသဏ္ဍာန်သရုပ်ဖော်ထားသည်။

အနောက်ဘက်ဆုံးဖြစ်သော ကျောင်းမကြီးဆောင် (ခေါ်) ဇေတဝန်ဆောင်သည် တိုင်လုံးပေါင်း ၈၀ ရှိပြီး အမြင့်ပေ ၆၀ ရှိ၍ တောင်မြောက်အလျား ၁၇၈ ပေ ၈ လက်မရှိသည်။ ကျောင်းမကြီး လက်ရန်းများ၏ တောင်မြောက်အရှည် ၇၅ ပေရှိသည်။

ယင်းကျောင်းကြီးကဲ့သို့ အလားတူ ရုပ်စုံကျောင်းတစ်ကျောင်းဖြစ်သော တောင်လေးစဉ်ကျောင်းကြီးကို ရတနာပုံခေတ်၌ပင် စလင်းမြို့မှ သူကောင်းမျိုးရိုး ကျောင်းဒါယိကာမကြီး ဒေါ်ယုက ဆောက်လုပ်လှူဒါန်းခဲ့ကြောင်းလည်း လေ့လာသိရှိရသည်။ သို့သော် ယင်းတောင်လေးစဉ်ကျောင်းကြီးသည် ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်စစ်သားများ အပြေးဂျပန်တပ်များက ဗုံးကြဲသောအခါ အင်္ဂလိပ်စစ်သားများ ပုန်းခိုနေသော မြောက်လေးစဉ်ကျောင်းကို တောင်လေးစဉ်ကျောင်းဟု သတင်းမှားရပြီး ဗုံးကြဲခဲ့ရာမှ တောင်လေးစဉ်ကျောင်းသည် အုတ်လှေကားများသာ ကျန်ရှိတော့သည်။ ယင်းမြောက်လေးစဉ် ရှေးဟောင်းအမွေအနှစ် သစ်သားရုပ်စုံကျောင်းကြီးကို ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသနဦးစီးဌာနက ၂၀၀၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် ယဉ်ကျေးမှုအမွေအနှစ်သာသနိကအဆောက်အအုံအဖြစ် သတ်မှတ်ခဲ့သည်။ ယခုလက်ရှိကျန်ရှိသော မြောက်လေးစဉ်ကျောင်းကြီးသည် နှစ်ပေါင်း ၁၄၀ ကျော်လာပြီဖြစ်သောကြောင့် အဘက်ဘက်မှ ယိုယွင်းပျက်စီးလျက်ရှိပြီး တောင်ဘက် ဝရန်တာအပြင်တွင် တိုင်လုံးများသာ ကျန်ရှိတော့သည်။ ယခုအခါတွင် မြောက်လေးစဉ်ကျောင်းတော်ကြီး၌ ဆရာတော် ဦးဉာဏ သီတင်းသုံးတော်မူလျက်ရှိပြီး ဆရာတော်က ကျောင်းတော်ကြီးကို တတ်အားသရွေ့ ပြုပြင်လျက်ရှိပြီး ပြာသာဒ်ဆောင် မျက်နှာကြက်မှ ဘုရားပလ္လင်ထက်သို့ မိုးယိုနေသောကြောင့် ပြုပြင်ထိန်းသိမ်းလိုကြောင်း သိရှိရသည်။ ထို့ကြောင့် ရှေးဟောင်းအမွေအနှစ်စာရင်းဝင် မြောက်လေးစဉ်ကျောင်း (ခေါ်) စလင်းရုပ်စုံကျောင်းတော်ကြီးကို ပြုပြင်ထိန်းသိမ်းသင့်ပါကြောင်း။ ။

ဆောင်းပါး-ဇင်ဦး၊ ဓာတ်ပုံ-အောင်ပိုင်

ဇေတဝန်ဆောင် ထောင့်ရှိ ပန်းကနုတ်များ သရုပ်ဖော်ထားသော လက်ရန်းတိုင်များ။

မန္တလေးတိုင်းဒေသကြီး

ကျောက်ဆည်မြို့မှ မြဘုရင်နွားမွေးမြူရေးနှင့် နို့ချက်စက်ရုံလုပ်ငန်းရှင်

မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆုရ ဦးဝင်းမောင်

မင်းထက်အောင်
(မန်းကိုယ်ပွား)

မွေးမြူထုတ်လုပ်မှု
ထူးချွန်လုပ်ငန်းရှင်ဆုရ
ဦးဝင်းမောင်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက် စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များကို နိုင်ငံတော်မှ နိုင်ငံ့စွမ်းဆောင်ရည်ဆုများ ချီးမြှင့်အပ်နှင်းခဲ့သည်။

ထိုကဲ့သို့ချီးမြှင့်ခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားတိုးတက်ရေးအတွက်စွမ်းဆောင်ကြမည့် လူစွမ်းအားအရင်းအမြစ်များဖြစ်ကြသော စီးပွားရေးစွမ်းဆောင်ရှင်များ၊ လူမှုရေးစွမ်းဆောင်ရှင်များ၊ အဖွဲ့အစည်းများတိုးပွားလာစေရန်၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် မြို့ပြကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ပြီး ချီးမြှင့်ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆုချီးမြှင့်ခြင်းခံခဲ့ရသည့် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်မှ မြဘုရင်နွားမွေးမြူရေးနှင့် နို့ချက်စက်ရုံလုပ်ငန်းရှင် ဦးဝင်းမောင် (မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆုရ)နှင့် တွေ့ဆုံမေးမြန်းချက်များကို ရေးသားတင်ပြအပ်ပါသည်။

၂၀၁၃ ခုနှစ်က တန်ဖိုးမြင့်ထုတ်ကုန်အကောင်းဆုံးထုတ်လုပ်ရောင်းချနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်ဆုရရှိခဲ့ပြီး ယခု ၂၀၁၄ ခုနှစ်မှာတော့ မွေးမြူထုတ်လုပ်မှုထူးချွန်လုပ်ငန်းရှင်ဆုရခဲ့ပါတယ်။ ဆုနှစ်ဆုစလုံးက နိုင်ငံခြားသွင်းကုန်တစ်ခုအနေနဲ့ အစားထိုးလို့ရအောင် ထုတ်လုပ်ပေးနိုင်လို့ ဒီဆုတွေကို ချီးမြှင့်ပေးတာပါ။ ကြိုးစားသူတွေကို နိုင်ငံတော်က အသိအမှတ်ပြုပေးတဲ့အတွက် ကျေနပ်ပါတယ်။ ဒါ့အပြင်လုပ်ငန်းရှင်တွေ အားကျအတုယူပြီး ကြိုးစားလာစေချင်တဲ့ရည်ရွယ်ချက်တွေနဲ့ ချီးမြှင့်တဲ့အတွက်လည်း ဂုဏ်ယူပါတယ်။ ဒါမှ ဒီလိုပုဂ္ဂိုလ်တွေအများကြီးပေါ်လာပြီး ပြည်တွင်းထုတ်လုပ်မှုစွမ်းအားတွေ တိုးတက်လာမှာပေါ့။

လူတွေဟာ မွေးကင်းစအရွယ်ကစပြီး အသက်အရွယ်ကြီးသွားတဲ့အထိ နို့နဲ့မကင်းကြပါဘူး။ မွေးကင်းစမှာလည်း မိခင်နို့လောက်ကောင်းတဲ့ အာဟာရမရှိသလို အသက်အရွယ်ကြီးလာတဲ့အခါမှာလည်း အသက်ရှင်ရပ်တည်နိုင်ဖို့ ပြီးပြည့်စုံတဲ့ အာဟာရဓာတ်တွေပါဝင်တဲ့

> ကျွန်တော်စီးပွားရေးလုပ်ငန်းကို စတော့မယ်ဆိုတော့ လူသုံးကုန်နဲ့ စားသောက်ကုန်နှစ်မျိုးမှာ လူသုံးကုန်ကို ထုတ်လုပ်မယ်ဆိုရင် မကွဲမကုန်မချင်းကိုင်နေမှာ။ စားသောက်ကုန်ကျတော့ ဒီနေ့ ဝအောင်စားပြီးလည်း မနက်ဖြန်မှာဆာရင် ပြန်စားရမှာပဲ။ အဲ့ဒီ ရည်ရွယ်ချက်နဲ့ စားသောက်ကုန်လုပ်ငန်းကို ရွေးချယ်ဖြစ်ခဲ့။

နွားနို့ကို သောက်သုံးပြီး အင်အားကို ဖြစ်စေပါတယ်။ ဒါကြောင့် ဒီလုပ်ငန်းဟာ တိုင်းပြည်အတွက်လိုအပ်တဲ့ လုပ်ငန်းတစ်ခုဖြစ်တယ်ဆိုတာကို သိရှိပြီး အတုခိုးလုပ်ကြစေချင်တယ်။ ပြည်တွင်းမှာ လုံလောက်ဖို့အများကြီးလိုအပ်နေပါသေးတယ်။

ကျွန်တော်စီးပွားရေးလုပ်ငန်းကို စတော့မယ်ဆိုတော့ လူသုံးကုန်နဲ့စားသောက်ကုန်နှစ်မျိုးမှာ လူသုံးကုန်ကိုထုတ်လုပ်မယ်ဆိုရင် မကွဲမကုန်မချင်းကိုင်နေမှာပါ။ စားသောက်ကုန်ကျတော့ ဒီနေ့ဝအောင်စားပြီးလည်း မနက်ဖြန်မှာ ဆာရင်ပြန်စားရမှာပဲ။ အဲ့ဒီရည်ရွယ်ချက်နဲ့ စားသောက်ကုန်လုပ်ငန်းကို ရွေးချယ်ဖြစ်ခဲ့ပြီး မိဘတွေ ၁၉၅၅-၅၆ ခုနှစ်ကတည်းက လုပ်လာခဲ့တဲ့ဒီလုပ်ငန်းကို အစဉ်အဆက်အတိုင်း လုပ်ဆောင်ခဲ့တာပါ။

စလုပ်တဲ့အချိန်မှာ ၁၉၈၉ခုနှစ်အထိ ရေချိုးကန်၊ လှော်တက်နဲ့ လုပ်ဆောင်ခဲ့ရတယ်။ ရေချိုးကန်တုန်းကရေဆူမှတ်နဲ့ နို့ကိုခန်းအောင်ချက်ရတယ်။ အဲ့ဒီမှာ နွားနို့ ၁၀၀ရာခိုင်နှုန်းမှာ ၇၅ရာခိုင်နှုန်းက ရေဖြစ်သွားပြီး ၂၅ ရာခိုင်နှုန်းကသာ နို့ဆီဖြစ်သွားတယ်။ အဲ့ဒီနို့ဆီက မီးကျွမ်းသွားတဲ့အတွက် နို့အရသာပျက်သွားပါတယ်။ အဲ့ဒီအချိန်တုန်းက တစ်နေ့ကို နို့ဆီပိဿာချိန် ၅၀၀ ကနေ ၆၀၀ အထိသာ ထုတ်လုပ်နိုင်ခဲ့တယ်။ ၁၉၈၉ ခုနှစ်ကစပြီး နို့ချက်စက်ကို ပြည်တွင်းမှာ စတင်တည်ဆောက်နိုင်ခဲ့ပြီး အဲ့ဒီနို့ချက်စက်က ရေဖိအားလျှော့ပြီး ချက်ရတဲ့စနစ်မျိုးနဲ့တည်ဆောက်ထားတာပါ။ လေဖိအားလျှော့လိုက်ခြင်းအားဖြင့် ရေဆူမှတ် မဟုတ်တော့ဘဲ ၄၀ ဒီဂရီစင်တီဂရိတ်အတွင်းမှာပဲ ရေဆူလာပြီး ၆၀ နဲ့ ၇၀ အတွင်းမှာ နို့အရသာမပျက်စီးဘဲ နို့ဆီဖြစ်လာတယ်။ နို့အရသာမပျက်တဲ့အတွက် စားသုံးသူတွေ ပိုကြိုက်လာတယ်။ အဲဒီမှာတင် ဈေးကွက်ရလာတာပါ။ ဈေးကွက်ရှိတော့ လုပ်ငန်းအောင်မြင်လာတာပေါ့။ ဈေးကွက်ဟာ ဘုရင်ပဲလေ။

ဒီလိုဈေးကွက်ရလာတဲ့အချိန်မှ ၁၉၉၉ ခုနှစ်အထိ နေ့စဉ် နို့ဆီပိဿာချိန် ၇၀၀၀ကနေ ၈၀၀၀ အထိ ထုတ်လုပ်လာနိုင်ခဲ့တယ်။ အဲဒီနောက် လုပ်ငန်းတိုးချဲ့ဖို့ တောင်သူတွေနဲ့ ပူးပေါင်းပြီး မွေးဖက်နွားတွေ မွေးမြူလာတယ်။ အဲ့ဒီမွေးဖက်နွားတွေကနေ နို့ပေးသွင်းတဲ့စနစ်ကို ကျင့်သုံးခဲ့တယ်။ ဒီစနစ်ကြောင့် ၂၀၀၀ ပြည့်နှစ်ကစပြီး နေ့စဉ် နို့ဆီပိဿာချိန် ၃၀၀၀၀ ဝန်းကျင်အထိ ထုတ်လုပ်လာနိုင်ခဲ့ပါတယ်။ နို့ပေးသွင်းတဲ့ တောင်သူတွေကိုလည်း နို့တစ်ပိဿာပေးသွင်းပါက ကြိုတင်ငွေ ကျပ် ၄၀၀၀၀ ပေးထားပြီး နို့ကို ပေးသွင်းစေတာပါ။

အခုအချိန်မှာ နို့ဆီချက်လုပ်ဖြန့်ဖြူးဖို့ ဝန်ထမ်း ၃၅၀ ကျော်၊ မွေးဖက်နွား ကောင်ရေ ၅၀၀၀၀ နဲ့ မွေးဖက်တောင်သူ အိမ်ထောင်စု ၁၂၀၀နဲ့ ဒီလုပ်ငန်းကို လုပ်ဆောင်နေပါတယ်။ လုပ်ငန်းအောင်မြင်လာတဲ့ အကြောင်းရင်းကတော့ သန့်ရှင်းလတ်ဆတ်တဲ့ နွားနို့၊ သန့်စင်တဲ့သကြားနဲ့ ချက်လုပ်တဲ့ နည်းစနစ်မှန်ကန်တဲ့အတွက် အရည်အသွေးမြင့်မားတဲ့ ကုန်ပစ္စည်းဖြစ်လာပြီး ဈေးနှုန်းလည်း သက်သာတဲ့အတွက် လူကြိုက်များပြီး ဈေးကွက်မှာ အောင်မြင်လာတာပါ။

ဒီဆုကို လုပ်ငန်းအလိုက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ အဆင့်ဆင့်စံနှုန်းတွေ သတ်မှတ်ပြီး ရွေးချယ်ချီးမြှင့်ပေးထားတာပါ။ လက်ရှိလည်း လုပ်ငန်းတွေကို ကြိုးစားလုပ်ဆောင်နေမှာပါ။ ဒီလိုကြိုးစားလုပ်ဆောင်ရင်း တိုးတက်လာတဲ့အပေါ်မှာ နိုင်ငံတော်ကလည်း ဒီထက်မြင့်မားတဲ့ဆုတွေချီးမြှင့်လာဦးမှာပါ။ အခုလည်း ကျွန်တော်တို့ထက် မြင့်မားတဲ့ဆုတွေကို ချီးမြှင့်ပေးနေပါတယ်။ ကျွန်တော်တို့တွင်သာမက ကျွန်တော်တို့ရဲ့ မျိုးဆက်တွေကလည်း ကြိုးစားလုပ်ဆောင်ရင်း ဒီထက်မြင့်မားတဲ့ဆုတွေကို မျှော်လင့်နေဦးမှာပါ။

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ကျောင်းပြိုန်းနမ့်မုန်ချောင်းကူး သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲ သီပေါ၌ကျင်းပ

စိုင်းသာလှိုင်

ရှမ်းပြည်နယ်အစိုးရအဖွဲ့ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးစိုင်းနော်ခမ်း- ဒေါ်နန်းလှမျိုးနွယ်မိသားစုနှင့် ပြည်နယ်ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး (ရှမ်း/မြောက်)နှင့် အင်ဂျင်နီယာမှူး (ကျောက်မဲ)၊ သီပေါမြို့နယ်အင်ဂျင်နီယာမှူးတို့က ငွေကျပ် ၄၈ သိန်း အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့ တုံစင့်ကျေးရွာအုပ်စု ကျောင်းပြိုန်းကျေးရွာနမ့်မုန်ချောင်းကူး သံကူကွန်ကရစ်တံတားသစ်ဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၉ နာရီ (ကဆုန်လပြည့်နေ့)က တံတားထိပ်မုခ်ဦး၌ ကျင်းပရာ မြို့နယ်စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွန်လုံ၊ ဟတ်လင့်၊ ချောင်းဆုံ၊ ကျောင်းပြိုန်း၊ ဆိုင်းခေါင် ကျေးရွာများမှ ဒေသခံတိုင်းရင်းသားပြည်သူများ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့မိမြို့ဖဦးစိုင်းကာလိန်ဝမ်းက တံတားတည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များနှင့် ယင်း၏ သမိုင်းကြောင်းများကိုလည်းကောင်း၊ ကျောင်းပြိုန်းကျေးရွာပြည်သူများကိုယ်စားရပ်မိရပ်ဖ ဦးကြည်မြင့်ကလည်းကောင်း ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် မင်္ဂလာအချိန်တွင် သီပေါမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးတင့်ဇော်နှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အငယ်တန်းအင်ဂျင်နီယာ(၂)ဒေါ်ဥမ္မာအေးသစ်တို့က တံတားသစ်ကိုဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

အဆိုပါတံတားကို ဖွင့်လှစ်လိုက်ခြင်းကြောင့် ဒေသခံပြည်သူများအနေဖြင့် နွေ၊ မိုး၊ ဆောင်းဥတုသုံးပါး အချိန်မရွေး အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ပြီး လူမှုရေး၊ ကျန်းမာရေး၊ စီးပွားရေးကိစ္စများ ဆောင်ရွက်ရာ၌ ယခင်ကထက်များစွာအထောက်အကူပြုမည်ဖြစ်၍ ကျေးလက်နေပြည်သူများ ဝမ်းမြောက်ပျော်ရွှင်လျက်ရှိကြောင်းတွေ့မြင်ခဲ့ရသည်။

အသွင်သဏ္ဌာန်နှင့် အနှစ်သာရပါ ပြောင်းလဲလျက်ရှိနေသော

ရှမ်းပြည်နယ်မြောက်ပိုင်းအတွင်းရှိပညာရေးကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးမှုဆောင်ရွက်ချက်များ

လားရှိုးမြို့ ပညာရေးကောလိပ်သည် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုး-နမ္မတူလမ်းမကြီးဘေး နမ့်ပါချီးရပ်ကွက်၌တည်ရှိပြီး ၅၃ ဧကကျယ်ဝန်းသည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းအမှတ်စဉ်(၁၈/၁၃) ပထမနှစ်ကို သင်တန်းသား ၄၈ဦး၊ သင်တန်းသူ ၁၅၉ ဦး စုစုပေါင်း ၂၀၇ဦးဖြင့် ၁၆ -၁၂- ၂၀၁၃ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ပထမဦးဆုံးကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့သည်။

တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လားရှိုးမြို့တွင် ဖွင့်လှစ်ခဲ့သော ပညာရေးကောလိပ်သည် ၂၁ ကျောင်းမြောက် ကျောင်းလည်းဖြစ်သည်။ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် မှန်မြတ်သောစေတနာမှန်ဖြင့် နိုင်ငံအတွင်း နေရာဒေသများအားလုံးတစ်ပြေးညီ တစ်ပြိုင်တည်းတိုးတက်စေရန် ရည်ရွယ်ချက်ကောင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေသည်။

မြန်မာ့ပညာရေးကို နိုင်ငံတကာနှင့်တန်းတူညီမျှ ရင်ပေါင်တန်းနိုင်စေရန် ပညာရေးကဏ္ဍကို အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။ လားရှိုးပညာရေးကောလိပ်မှ ကျောင်းအုပ်ကြီးဦးစိုးသန့်ကလည်း ပညာရေးပြုပြင်ပြောင်းလဲဆောင်ရွက်နေသော အချိန်ဖြစ်ပြီး အရည်အချင်းပြည့်မီသော ဆရာ ဆရာမများမွေးထုတ်ပေးနိုင်အောင် ဦးစားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများတစ်ပြေးညီတိုးတက်လာစေရန်အတွက်ဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံတော်က သင်တန်းသား သင်တန်းသူများအတွက် အဆောက်အအုံများ၊ နေအိမ်များကို ကောင်းမွန်စွာ အဆင့်မီ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း၊ သက်ဆိုင်ရာကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများကလည်း ပိုမိုကြိုးစား ဆောင်ရွက်နေကြောင်း၊ လားရှိုးပညာရေး ကောလိပ်ကို စတင်ဖွင့်လှစ်စဉ်က သင်တန်းသား သင်တန်းသူ ၂၀၇ ဦးဖြင့် စတင်ဖွင့်လှစ်ခဲ့သော်လည်း မျှော်မှန်းချက်များအနေဖြင့် တစ်နှစ်လျှင် သင်တန်းသား သင်တန်းသူ ၇၅၀ မွေးထုတ်ပေးရန် ရည်ရွယ်ပါကြောင်း ပြောကြားသည်။ ထို့အပြင် လက်ရှိအချိန်တွင် သင်တန်းသား သင်တန်းသူ ၄၀၀ အတွက် အိပ်ဆောင် စာသင်ခန်းများပြည့်စုံသော်လည်း အတွင်းပိုင်း ပရိဘောဂများ လိုအပ်နေပါသေးကြောင်း" သိရှိရသည်။ယခုနှစ်ပိုင်းတွင် သင်တန်းသား သင်တန်းသူများအတွက် နိုင်ငံတော်က စားသောက်စရိတ် တစ်ဦးအား တစ်လလျှင်ငွေကျပ်၃၀၀၀၀ နှုန်းဖြင့် ပံ့ပိုးပေးလျက်ရှိသောကြောင့် သင်တန်းသား သင်တန်းသူတို့တွင် ပိုမိုပြီး အစားအသောက်များပြည့်စုံကာ စိတ်ဓာတ်အင်အားလုံ့ခြုံမှု ပိုမိုရရှိနေသည်။

ပညာသည်သာ ရတနာ၊ ဆရာသည်သာ အခရာဆိုသည့်အတိုင်း ပညာရေးကောလိပ်များ ပိုမိုလိုအပ်သလို မြန်မာနိုင်ငံအတွက် မရှိမဖြစ် ပိုမိုမြင့်တင်ဆောင်ရွက်ရမည့် လိုအပ်ချက်များဖြစ်သလို ရုပ်ပိုင်းဆိုင်ရာအတွက် လိုအပ်သော အဆောက်အအုံများကိုလည်း နှစ်အလိုက် ဘတ်ဂျက်များဖြင့် ကုမ္ပဏီအသီးသီးတို့ကလည်း တင်ဒါစနစ်များဖြင့်လည်း ဆောင်ရွက်လုပ်ကိုင်လျက်ရှိနေသည်။ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း၌ လိုအပ်လျက်ရှိနေသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နေကြသော ရပ်ဝေးရပ်နီးမှ ကုမ္ပဏီများ၊ ဒေသခံကုမ္ပဏီများ စုစုပေါင်း အဖွဲ့ ၃၀ ခန့်က တာဝန်ယူဆောက်လုပ်လျက်ရှိနေကြသည်။

ကျန်းမာရေးကဏ္ဍအတွက် ကွမ်းလုံမြို့နယ် ကန်မိုင်းတွင် ကျန်းမာရေးဦးစီးဌာန ၂၀၁၃-၂၀၁၄ ဘတ်ဂျက်ဖြင့် မိုးကောင်းကင်စကြဝဠာ ကုမ္ပဏီကတိုက်နယ်ဆေးရုံသစ်ကို ဆောက်လုပ်လျက်ရှိနေပြီး လားရှိုးတက္ကသိုလ်အတွင်း၌လည်း ပညာရေးဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် အလျား ၁၉၂ပေ၊ အနံ ၃၈ ပေရှိ သုံးထပ် စာသင်ဆောင်ကို စုစုပေါင်းကုန်ကျငွေကျပ် ၅၅၅ သန်းဖြင့် ၂၀၁၃ ခုနှစ် ဇွန် ၂၇ ရက်မှ စတင်ပြီး လားရှိုးမြို့ဒေသခံ ကုမ္ပဏီဖြစ်သော မြန်မာရတနာ ရွှေခေတ်ကုမ္ပဏီက ဆောက်လုပ်ခဲ့ရာ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၅ ရက်တွင် လုပ်ငန်းပြီးမြောက်စွာဆောင်ရွက်နိုင်ခဲ့သည်။ ထို့အတူ လားရှိုးတက္ကသိုလ်ဝင်းအတွင်း မိုးလုံလေလုံ အားကစား ရုံသစ် အလျား ပေ ၁၂၀၊ အနံ ပေ ၉၀ ရှိ အဆောက်အအုံကို ကုန်ကျငွေကျပ် ၂၁၅ သန်းဖြင့် ဆောက်လုပ်ခဲ့သည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန (ငွေလုံးငွေရင်းခေါင်းစဉ်) ဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မိုင်းရယ်-နားဝါ ကျေးလက်လမ်းပိုင်းအား ၁၂ မိုင်အရှည်၊ ၁၈ ပေအကျယ်နှင့် ရေမြောင်းပါဝင်သော မြေသားလမ်းပိုင်းဖောက်လုပ်ခြင်းကို စုစုပေါင်း ကုန်ကျငွေကျပ် ၁၄၄ ဒသမ ၈၀ သန်းဖြင့် ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ စတင်ပြီး ဖောက်လုပ်ခဲ့ရာ ၂၀၁၄ခုနှစ် မတ် ၃၀ ရက်တွင် အောင်မြင်စွာဖြင့် မြန်မာရတနာ ရွှေခေတ်ကုမ္ပဏီက စက်ယန္တရားများဖြင့် ဖောက်လုပ်ခဲ့ရာ ယခင်က ဆိုင်ကယ်တစ်စီးစာသာ ကျယ်ဝန်းသောလမ်းတွင် ကျဉ်းမြောင်းကျပ်တည်းစွာသွားလာနေရခြင်းမှ ယခုအချိန်တွင် ကားနှစ်စီးစာမျှ တစ်ပြိုင်တည်း သွားလာနိုင်ကြပြီဖြစ်သဖြင့် ဒေသခံပြည်သူများ ပျော်ရွှင်အေးချမ်းစွာဖြင့် သွားလာနိုင်နေကြပြီဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် အစိုးရသစ်လက်ထက်တွင် စေတနာမှန်ကန်စွာဖြင့် ပြည်သူတို့အကျိုးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိနေမှုများကို မိမိမေးမြန်းသိရှိသည်တို့ကို ပြန်လည်ရေးသားဖော်ပြအပ်ပါသည်။

ဟန်ငွေး (iprd)

ရှမ်းပြည်နယ်

မောရှမ်းတို့၏ ယနေ့တိုင်တည်မြဲနေသည့် ရှမ်းရိုးရာပဲပုပ်တို့ မြိုင်မြိုင်ဆိုင်ဆိုင်လှိုင်လှိုင်ထွက်ပြီ

ရှမ်းလူမျိုးတို့၏ ရိုးရာဓလေ့အဖြစ် စားသုံးကြသည်သာမက မြန်မာလူမျိုးတိုင်း ကြိုက်နှစ်သက်ကြသည့် ပဲပုပ်ပင်သည် ပဲပင်အမျိုးအနွယ်ဝင်အပင်ဖြစ်ပြီး အခြားသော ပဲပင်များနှင့်အတူ မူလက ဥရောပတိုက်တောင်ပိုင်းနှင့် အာရှတိုက်အနောက်ပိုင်းတွင် ပေါက်ရောက်သောအပင်ရိုင်းများမှ ဆင်းသက်မျိုးပွားလာသော အပင်မျိုးဖြစ်သည်။ ရုက္ခဗေဒအမည်မှာ ဂလစ်စစ်နီးဆိုဂျာဖြစ်ပြီး မြေဆီလွှာတွင် နိုက်ထရိုဂျင်ဓာတ် ဖြည့်တင်းပေးရန်အတွက် အသုံးဝင်သောအပင်လည်း ဖြစ်သည်။

လူတို့နေ့စဉ်စားသုံးနေကြသည့် ဟင်းသီးဟင်းရွက် အမျိုးမျိုးတို့တွင် ပဲသီး၊ ပဲတောင့်၊ ပဲစေ့၊ ပဲလုံးတို့သည် အာဟာရအဖြစ်ဆုံးအစားအစာများထဲတွင် ပါဝင်သည့်အပြင် ပရိုတင်းဓာတ်၊ ကာဘိုဟိုက်ဒရိတ်ဓာတ်အများအပြား ပါဝင်သဖြင့် အမဲသားနှင့် ထပ်တူထပ်မျှ အာဟာရဖြစ်သော အစားအစာပင်ဖြစ်သည်။ ထို့ကြောင့်လည်း လူတိုင်းကြိုက်နှစ်သက်သည့် ပဲပုပ်ပြုလုပ် စားသုံးကြရုံသာမက ပဲငံပြာရည် (ကြာညို့)၊ ပဲငါးပိ စသည်ဖြင့်လည်း ပြုလုပ်စားသောက်ကြသေးသည်။

ပဲပုပ်ပင်ကို ပဲကျက်ပျဉ်ပင်ဟူ၍လည်း အမည်တစ်မျိုးဖြင့်ခေါ်ဆိုကြပြီး မြေရိုင်းမြေညံ့များ၌ စိုက်ပျိုးနိုင်သည်။ ပဲပုပ်ပင်မှ ထွက်ရှိလာသော ပဲပုပ်စေ့များကို မိမိတို့ကြိုက်နှစ်သက်သလို အမျိုးမျိုးစားသုံးနိုင်သကဲ့သို့ ဆီကြိတ်၍ ချက်ပြုတ်ရာ၌ လည်းကောင်း၊ ဆပ်ပြာလုပ်ငန်းများနှင့် သဘော်ဆေးဖော်စပ်ထုတ်လုပ်သည့် လုပ်ငန်းများ၌လည်းကောင်းအသုံးပြုနိုင်ပေသည်။ ဆီကြိတ်၍ ကျန်ရှိသော ပဲဖတ်များကို ကျွဲ၊ နွား၊ တိရစ္ဆာန်များ စားသုံးနိုင်သည့်အပြင် ပဲပုပ်ပင်တစ်ပင်လုံးကိုလည်း ကျွဲ၊ နွားအစာ အဖြစ် အသုံးပြုနိုင်သည်။

ပဲပုပ်ပင်များကို ရှမ်းပြည်နယ် ဒေသအနှံ့ အပြားတွင် စိုက်ပျိုးလျက်ရှိပြီး ယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော ပဲပုပ်ပင်များကို စတင်ရိတ်သိမ်းနေကြပြီဖြစ်သည်။ နှစ်စဉ် မတ်လမှစတင်စိုက်ပျိုးခဲ့သော ပဲပုပ်ပင်များကို စိုက်မျိုး တစ်ပြည်လျှင်ငွေကျပ် ၂၀၀၀၊ ၃၀၀၀ ရှိပြီး ထွက်ရှိသော ပဲပုပ်စေ့ ၂၄ ပြည်တစ်အိတ်ကို ငွေကျပ် ၅၀၀၀၀၊ ၆၀၀၀၀ဖြင့် ရောင်းချရကြောင်း ဒေသခံတောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ပဲပုပ်စေ့များကိုကြိတ်ပြီး ပဲပုပ်ပြားပြုလုပ်ရာတွင် ပဲပုပ်တစ်မျိုးတည်းဖြင့် လည်းကောင်း၊ ချင်း(ဂျင်း)၊ ငရုတ်သီး၊ ကြက်သွန်ဖြူတို့နှင့် ရောစပ်၍လည်းကောင်း စားသုံးသူတို့ ကြိုက်နှစ်သက်သလို ပြုလုပ်စားသုံးနိုင်ပေသည်။ ပဲငါးပိ၊ ပဲပုပ်စေ့အဖြစ် ထမင်းနှင့် ဟင်းလျာအဖြစ်တွဲ၍စားသုံးနိုင်သလို ပဲပုပ်စေ့ကို လှော်၍ သရေစာအဖြစ်လည်း စားသုံးနိုင်သည်။

ရှမ်းလူမျိုးတို့၏ ရိုးရာအဖြစ် ယနေ့တိုင် ဂုဏ်ယူဝင့်ကြွား စားသုံးနေကြသည်သာမက မြန်မာလူမျိုးတို့အထူးကြိုက်နှစ်သက်သည့် ပဲပုပ်ပင်များသည် ယခုအခါ ရှမ်းပြည်နယ် ဒေသအနှံ့အပြားတွင် အများအပြား မြိုင်မြိုင်ဆိုင်ဆိုင်ထွက်ရှိနေပြီဖြစ်သဖြင့် မကြာမီအချိန်အတွင်း ရှမ်းပဲပုပ်ရနံ့တို့ လှိုင်လှိုင်သင်းပျံ့မွှေးကြိုင်ပေတော့မည်ဖြစ်ပေသည်။

သက်နိုင်(ပြင်ဦးလွင်)

> " လူတို့နေ့စဉ်စားသုံးနေကြသည့် ဟင်းသီးဟင်းရွက်အမျိုးမျိုးတို့တွင် ပဲသီး၊ ပဲတောင့်၊ ပဲစေ့၊ ပဲလုံးတို့သည် အာဟာရအဖြစ်ဆုံးအစားအစာများထဲတွင် ပါဝင်သည့်အပြင် ပရိုတင်းဓာတ်၊ ကာဘိုဟိုက်ဒရိတ်ဓာတ်အများအပြားပါဝင်သဖြင့် အမဲသားနှင့် ထပ်တူထပ်မျှ အာဟာရဖြစ်သော အစားအစာပင်ဖြစ် "

မြန်မာ့အလင်း
၁၆-၅-၂၀၁၄ (သောကြာနေ့)

ဘရာဇီးနိုင်ငံတွင် ကျင်းပပြုလုပ်မည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲကြီး စတင်ကျင်းပရန် နီးကပ်လာသည်နှင့်အမျှ ပြိုင်ပွဲဝင်မည့် အသင်းပေါင်း ၃၂သင်းကို ပရိသတ်ကြိုတင်လေ့လာနိုင်ရန် သုံးသပ်ဖော်ပြခဲ့ရာ အုပ်စု (A)မှ အသင်းများနှင့် အုပ်စု (B)မှ စပိန်အသင်းအကြောင်းတို့ကို ဖော်ပြခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုတစ်ပတ်တွင် အုပ်စု (B)မှ ပြိုင်ပွဲဝင်အသင်းဖြစ်သော ဟော်လန်အသင်းအကြောင်းကို ဖော်ပြပေးလိုက်ပါသည်။

ကမ္ဘာ့ဖလားမိတ်ဆက် - ၆

ပြိုင်ဘက်များသတိထားနေရဦးမယ့် ဟော်လန်

သစ်မင်းအိမ်

အစဉ်အလာနဲ့အောင်မြင်မှု

အထူးသဖြင့် ဟော်လန်သည် ကမ္ဘာ့ဘောလုံးလောက၌ အစဉ်အလာရှိသော အသင်းတစ်သင်းဖြစ်သည်။ ဖရန့်ရီကတ်၊ ကလွိုက်ဗက်၊ ရော်နယ်ကိုးမန်း၊ အဂ္ဂါဒေးဗစ်၊ အိုဗားမား၊ ဘားကမ့်၊ ဆီးဒေါ့ဖ်တို့ကဲ့သို့သော ကစားသမားကောင်းများ ထွက်ပေါ်လေ့ရှိသလို ယခုအချိန်တွင်လည်း ဗန်ပါစီ၊ စနိုက်ဒါ၊ ရော်ဘင်၊ ဟိုင်တင်ဂါတို့ကဲ့သို့သော ကစားသမား ကောင်းများကို ပိုင်ဆိုင်ထားသည်။ သို့သော် ဟော်လန်သည် ၁၉၈၈ခုနှစ် ယူရိုပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည်မှလွဲ၍ ထိပ်တန်းအဆင့်ပြိုင်ပွဲများတွင် အမြင့်ဆုံးအောင်မြင်မှုနှင့် လွဲချော်လေ့ရှိတတ်သည်။ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ သုံးကြိမ်ရောက်ရှိခဲ့သော်လည်း သုံးနှစ်စလုံး ချန်ပီယံမဖြစ်ခဲ့ပေ။ ထို့ကြောင့် ဟော်လန်အား အကောင်းဆုံးအရှုံးသမားများအဖြစ် အများစုက သတ်မှတ်ထားကြသည်။

ခြေစစ်ပွဲမှခြေစွမ်းများ

ဆိုရလျှင် ဟော်လန်သည် ယခုတစ်ကြိမ်တွင်လည်း ထိုက်တန်စွာခြေစစ်ပွဲအောင်မြင်ခဲ့သည်မှာ မှန်သည်။ ခြေစစ်ပွဲအတွင်း ၁၀ပွဲ ကစားခဲ့ရာ ကိုးပွဲအနိုင်ရသည့်အပြင် ရှုံးပွဲလည်းမရှိခဲ့ပေ။ ခြေစစ်ပွဲများအတွင်း ၃၄ ဂိုး သွင်းယူနိုင်သည့် ဟော်လန်၏တိုက်စစ်မှာလည်း ဒုတိယဂိုးသွင်းအားအကောင်းဆုံးအဖြစ် တည်ရှိခဲ့သည်။ အထူးသဖြင့်ဟော်လန်၏ တိုက်စစ်မှူးဗန်ပါစီသည် အဆိုပါ ခြေ စစ်ပွဲ၌ ၁၁ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ထို့အပြင် ရော်ဘင်၊ စနိုက်ဒါ၊ ဟန်တယ်လာစသည့် ကစားသမားများသည်လည်း ခြေစစ်ပွဲအတွင်း ခြေစွမ်းပြနိုင်ခဲ့သလို ဗန်ဒါဗတ်၊ ရွှန်ဗယ်လာ၊ ဗန်ဒါဝီလ်တို့ကဲ့သို့သော ကစားသမားကောင်းများကလည်းအသင်းကို ခြေစစ်ပွဲအတွင်း ကောင်းစွာ ကူညီပေးနိုင်ခဲ့ကြသည်။

ဦးဆောင်မှုနှင့်ယုံကြည်မှု

အထူးသဖြင့် ဟော်လန်နည်းပြ ဆရာဗန်ဟားလ်သည် ဝါရင့်နည်းပြ တစ်ဦးဖြစ်သည်။ ဘာစီလိုနာ၊ ဘိုင်ယန်၊ အိုင်းယတ်စ်၊ အယ်လ်ခမာစသည့် ကလပ်များကို တာဝန်ယူခဲ့ပြီး အောင်မြင်မှုများ စွာရရှိခဲ့သူလည်း ဖြစ်သည်။ ဟော်လန်အသင်းအား ၂၀၀၀ပြည့်နှစ်က ပထမ အကြိမ်တာဝန်ယူခဲ့ရာ၌ ၂၀၀၂ကမ္ဘာ့ဖလားခြေစစ်ပွဲကို အောင်မြင်အောင် စွမ်းဆောင်မပေးနိုင်ခဲ့သော်လည်း ယခု တစ်ကြိမ်တွင်မူ အကောင်းဆုံးရလဒ်များ ရရှိအောင် စွမ်းဆောင်ပေးထားနိုင်သည်။ ထို့ကြောင့် အသင်းတစ်သင်းလုံးအနေဖြင့် ဗန်ဟားလ်အပေါ်တွင် ယုံကြည်မှုအပြည့်ရှိသကဲ့သို့ ဗန်ဟားလ်၏ လက်အောက်၊ ဗန်ဟားလ်၏ ဦးဆောင်မှုများနှင့်အတူ ဟော်လန်သည် စိတ်ဓာတ်၊ ခြေစွမ်း၊ အစစပြည့်စုံလျက်ရှိသည်။

ဟော်လန်၏ လားရာ

သို့သော် ဟော်လန်သည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ အုပ်စု(B)တွင် ကျရောက် ခဲ့ရခြင်းမှာမူ ကံမကောင်းဟုဆိုရမည်။ အဆိုပါ အုပ်စု (B)တွင် ဩစတြေးလျ၊ ချီလီ၊ စပိန်တို့ပါဝင်နေသည်။ အဆိုပါ သုံးသင်းအနက် ချီလီနှင့် ဩစတြေးလျတို့အား ဟော်လန်အနေဖြင့် ကျော်ဖြတ် နိုင်စွမ်းရှိသည်ဟုဆိုနိုင်သည့်တိုင် စပိန်ကိုမူ ကျော်ဖြတ်ရန်ခက်ခဲလွန်းပေမည်။ အထူးသဖြင့် အဆိုပါ စပိန်နှင့်ပွဲသည် အုပ်စုပထမပွဲဖြစ်နေသည်။ အဆိုပါ ပွဲတွင် ရလဒ်ကောင်းပါမှ ဟော်လန်အနေဖြင့် အုပ်စုမှ တက်ရန်ပို၍ အလားအလာ ကောင်းပေမည်။ အဘယ့်ကြောင့်ဆိုသော် ချီလီမှာ လျှော့တွက်၍မရသော ပြိုင်ဘက်ဖြစ်နေခြင်းကြောင့်ပင်။ ထို့ကြောင့် ယခုတစ်ကြိမ်တွင်လည်း ဟော်လန်သည် ချန်ပီယံခြေစွမ်းမျိုး ပိုင်ဆိုင်ထားသည့်တိုင် အောင်မြင်မှုရရန်ထက် အုပ်စုမှ ကျော်ဖြတ်နိုင်ရေးအတွက် ခက်ခဲစွာ ခြေကုန်ထုတ်ရမယ့်သဘောရှိသည်။

ဟော်လန်၏ အနေအထား

ထို့အပြင် ဟော်လန်၏ လက်ရှိခြေစွမ်းပိုင်းတောင့်တင်းမှုနှင့် ကစားသမားကောင်းများရှိခြင်းများကြောင့် အုပ်စုကို ကျော်ဖြတ်လာနိုင်ခဲ့လျှင်ပင် အုပ်စုဒုတိယသာရ၍မဖြစ်။ အဘယ်ကြောင့်ဆိုသော် ပြိုင်ပွဲ၏ ပွဲစဉ်ဇယားအရ အကယ်၍ ဟော်လန်သာ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့်တက်ခဲ့ပါမူ **စာမျက်နှာ ၇ သို့ »**

> **ခြေစစ်ပွဲအတွင်း ၁၀ပွဲ ကစားခဲ့ရာ ကိုးပွဲအနိုင်ရသည့်အပြင် ရှုံးပွဲလည်းမရှိခဲ့ပေ။ ခြေစစ်ပွဲများအတွင်း ၃၄ ဂိုး သွင်းယူနိုင်သည့် ဟော်လန်၏တိုက်စစ်မှာလည်း ဒုတိယဂိုးသွင်းအားအကောင်းဆုံး အဖြစ် တည်ရှိခဲ့သည်။ အထူးသဖြင့်ဟော်လန်၏ တိုက်စစ်မှူး ဗန်ပါစီသည် အဆိုပါ ခြေစစ်ပွဲ၌ ၁၁ဂိုးအထိ သွင်းယူနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့။**

၂၀၁၄ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ ဟာမီလ်တန်ဆက်လက်ဦးဆောင်

ပြီးခဲ့သည့် မေလ ၁၁ ရက်တွင် စပိန်နိုင်ငံ၌ ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းကားပြိုင်ပွဲ၏ ပဉ္စမ မြောက်ပွဲစဉ်ဖြစ်သော Spanish Grand Prix ပြိုင်ပွဲတွင် မာစီးဒီးအသင်းသား လူးဝစ်ဟာမီလ်တန်က မောင်းနှင်ချိန် ၁နာရီ ၄၁မိနစ် ၀၅ဒသမ၁၅၅ စက္ကန့်ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

ဟာမီလ်တန်သည် ၂၀၁၄ ခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲရာသီ၏ ပထမဆုံး ပွဲစဉ်ဖြစ်သော Australian Grand Prix ပြိုင်ပွဲ၌ အင်ဂျင်ပြဿနာကြောင့် ပြိုင်ပွဲ ပြီးဆုံးသည်အထိ ယှဉ်ပြိုင်နိုင်ခြင်းမရှိခဲ့သော်လည်း နောက်ပိုင်းကျင်းပခဲ့သည့် ပြိုင်ပွဲလေးခုစလုံးတွင် အနိုင်ရ ဗိုလ်စွဲခဲ့သူဖြစ်သည်။

Spanish Grand Prix ပြိုင်ပွဲ၌ ဟာမီလ်တန်၏ မာစီဒီးစ်အသင်းဖော် နီကိုရော့ဘတ်စ်က ဒုတိယနေရာတွင် ရပ်တည်နိုင်ခဲ့သည်။ ထို့ကြောင့် ယခုနှစ် ဖော်မြူလာဝမ်းပြိုင်ပွဲ၏ ပြိုင်ပွဲ ငါးခု ကျင်းပပြီးစီးချိန်၌ Grand Prix ပြိုင်ပွဲတစ်ခုစီ၏ ပထမနှင့် ဒုတိယနေရာများကို မာစီဒီးစ်အသင်းသားများကသာ ရရှိထားသည်။

ဟာမီလ်တန်သည် Spanish Grand Prix ပြိုင်ပွဲအတွက် လက်ရည်စစ်ပွဲ မောင်းနှင်ရာတွင်လည်း ထိပ်ဆုံးမှ ရပ်တည်နိုင်ခဲ့ခြင်းကြောင့် ပြိုင်ပွဲကျင်းပချိန်တွင် ထိပ်ဆုံးမှ တာထွက်ခွင့်ရရှိခဲ့သည်။

ဖော်မြူလာဝမ်းပြိုင်ပွဲ၏ လက်ရှိချန်ပီယံဖြစ်သူ ရက်ဘူးအသင်းသား ဗက်တဲလ်သည် Spanish Grand Prix ပြိုင်ပွဲ၏ ၅၅ ပတ်မြောက် မောင်းနှင်မှုကို ၁ မိနစ် ၂၈ ဒသမ၉၁၈ စက္ကန့်ဖြင့် မောင်းနှင်နိုင်ခဲ့၍ ကွင်းတစ်ပတ်ကို **စာမျက်နှာ ၇ သို့**